# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့)၊ သောကြာနေ့ (31-7-2015) (၈၂၇၈)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# သဘာဝဘေးဒဏ်ခံစားရသူများ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် စားသောက်ရေး၊ အဝတ်အထည်ရရှိရေး၊ တည်းခိုနေထိုင်နိုင်ရေးများ ဦးစားပေးစီမံဆောင်ရွက်



နေပြည်တော် ဇူလိုင် ၃၀

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။**(ဓါတ်ပုံ)

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇူလိုင် ၁၆ ရက်မှစတင်၍ တစ်နိုင်ငံလုံးတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ကားလမ်း၊ ရထားလမ်းနှင့် တံတားများ၊ စိုက်ခင်းများနှင့် လူနေအိမ်အချို့ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပါကြောင်း၊ အဆက်မပြတ်မိုးရွာသွန်းလျက်ရှိသဖြင့် နိုင်ငံနေရာအနှံ့အပြားတွင် ရေကြီးနစ်မြုပ်မှုများ ဆက်လက်ဖြစ်ပေါ်ပြီး လမ်း၊ တံတားများနှင့် စိုက်ခင်းများ ထပ်မံပျက်စီးခဲ့ပါကြောင်း၊ ယခုကဲ့သို့မိုးအဆက်မပြတ်ရွာသွန်းနေချိန်တွင် ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းတစ်ခုဖြစ်လာပါကြောင်း။

ထိုကဲ့သို့ သဘာဝဘေးအန္တရာယ်များဖြစ်ပွားမှုသည် မိမိတို့တစ်နိုင်ငံတည်း ဖြစ်ပွားခြင်းမဟုတ်ဘဲ ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခံစားနေကြရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကို တားဆီး၍ မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုများဖြင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနနှင့်ပူးပေါင်းပြီး မိုးလေဝသသတင်းများကို ရုပ်မြင်သံကြားနှင့် သတင်းစာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် သတိပေးမှုများဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးဒဏ်ခံစားရသူများ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် စားသောက်ရေး၊ အဝတ်အထည်ရရှိရေး၊ တည်းခိုနေထိုင်နိုင်ရေးများကို ဦးစားပေးစီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် လတ်တလောဆောင်ရွက်ရမည့် အပိုင်းနှင့် အချိန်ယူ

**စာမျက်နှာ ၃ ကော်လံ ၁ သို့☆**

" ရေကြီးနစ်မြုပ်ဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး လိုအပ်ချက်များကို ဦးစားပေးအလိုက် စီမံဆောင်ရွက်ပေးသင့်သည်များကို အမြန်ဆုံး ဆောင်ရွက်ပေး "






ကြေးမုံစာတည်းရှုထောင့် ၃၁-၇-၂၀၁၅၊ သောကြာနေ့

# ယဉ်ကျေးမှု အနုသုခုမ စုံလင်

မြန်မာတို့၏ရှိရင်းစွဲ စရိုက်လက္ခဏာများမှာ မည်သည့်အခါမှမပျောက်၊ တိမ်မြုပ်ပျောက်ကွယ်နေသည့်အခါသာ ရှိချင်ရှိမည်။ တိမ်ဖုံးသည့် လမင်းကြီးကို အမှောင်တိမ်တိုက်ဖုံးချင်သာဖုံးနေမည်။ မြန်မာတို့၏ စရိုက်လက္ခဏာ အမှန်မှာ ငွေသော်တာလမင်းကြီးပမာ ထွန်းလင်းတောက်ပပါသည်။ ကျက်သရေမင်္ဂလာ ရှိလှပါသည်။ သို့သော် မြူခိုးတိမ်တိုက်များမှာ များလှသဖြင့် လမင်းကြီးမှာ မထွန်းလင်းနိုင်ရှာ။

မြန်မာတို့၏ ပင်ကိုယ်စိတ်ရင်းမှာ ပျော်ပျော်နေတတ်သည်။ သည်းခံတတ်သည်။ ရိုင်းပင်းကူညီတတ်သည်။ အစုအပေါင်းနှင့် တစုတဝေးတည်း နေထိုင်တတ်သည်။ ခံစားလွယ်သည်။ စုစုဝေးဝေးနှင့် ပျော်ရွှင်စွာနေထိုင်တတ်သည်။ ထို့ကြောင့် ယဉ်ကျေးသောလူမျိုး၊ အနုပညာစိတ်ရင်းအခံရှိသော လူမျိုးအဖြစ် ရှေးအစဉ်အဆက်ကတည်းက ဖြစ်တည်ခဲ့သည်။

မြန်မာတို့၏ ပျော်ရွှင်စွာနေထိုင်ကြပုံကို ရပ်တိုင်းရွာတိုင်း၌ ကျင်းပလေ့ရှိသည့် ဆယ့်နှစ်လရာသီပွဲတော်များကိုကြည့်လျှင် သိမြင်နိုင်သည်။ ထိုရာသီပွဲများသာမက အလှူပွဲ၊ မင်္ဂလာပွဲ၊ အထိမ်းအမှတ်ပွဲများအဆုံး ကျေးလက်များ၌ အသုဘပြုလုပ်ရာတွင်ပင် တေးသံများ ပါဝင်တတ်သည်။ ထို့ကြောင့် မြန်မာတို့သည် ပျော်ပျော်နေတတ်သူများဖြစ်သည်။ ကမ္ဘာပေါ်တွင် ပျော်ရွှင်ချမ်းမြေ့စွာအနေတတ်ဆုံး လူမျိုးများကိုပြပါဆိုလျှင် မြန်မာလူမျိုးများကို ပြရမလိုပင်။

ထိုပျော်ရွှင်မှုများနှင့်အတူ ဂီတအနုသုခုမတို့ကလည်း မပါမပြီးပါတတ်ကြသည်။ ပျော်ရွှင်ခြင်းများနှင့် ဂီတအနုသုခုမတို့ကို ခံစားတတ်သူများ ဟု ဆိုနိုင်သည်။ ကျေးလက်များတွင် ခြင်းပွဲ၊ ကြက်ပွဲ၊ ကျင်ကိုင်ပွဲ၊ လက်ဝှေ့ပွဲများ သည်ပင် အရှုံး၊ အနိုင်ပြိုင်ပွဲ အလောင်းအစားပွဲများဟုမထင် ပြည်သူတို့ ဝိုင်းအုံကြည့်ရှုသည့် ဖျော်ဖြေမှုတစ်ခုဟုပင် ထင်မှတ်ကြသည်။ ရွာဘုရားပွဲ၊ အထိမ်းအမှတ်ပွဲများမှ အငြိမ့်၊ ဇာတ်သဘင်၊ ဂီတပွဲများဆိုလျှင် အထူးဆိုဖွယ်ရာမရှိ။ အားလုံးကပျော်ရွှင်ကြသည်။ ဂီတအနုသုခုမတွင် စီးဝင်နစ်မျောကြသည်။

မကြာသေးမီက ကျင်းပခဲ့သော စန္ဒရားလှထွဋ်၏ ၁၅ နှစ်ပြည့်အထိမ်းအမှတ်ပွဲတွင် မြန်မာတို့၏ အနှစ် ၂၀ ကျော်က ဂီတ၊ အနုသုခုမနှင့် တေးသံရှင်များ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ဖျော်ဖြေတင်ဆက်သူများသာမက ကြည့်ရှုအားပေးကြသော ပရိသတ်များအားလုံး ပျော်ရွှင်ကြည်နူးခဲ့ကြသည်။ စိတ်နှလုံးချမ်းမြေ့စွာခံစားခဲ့ကြသည်။ မြန်မာ့အနုသုခုမနှင့် ဂီတသံများမှာ တိမ်ဖုံးသည့်ကာလမှ ပြန်လည်ထွန်းလင်းလာသည့် စန္ဒာလမင်းကြီးကဲ့သို့ ထွန်းလင်းတောက်ပလာသည်။

ထိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုခြင်းအားဖြင့် မြန်မာ့ယဉ်ကျေးမှု အနုသုခုမတို့ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိဘဲ ထွန်းလင်းတောက်ပနေဆဲဖြစ်သည်ကို မြင်တွေ့ခံစားရသည်။ မြန်မာ့ဂီတ၊ မြန်မာ့သံစဉ်များသည် ကျက်သရေမင်္ဂလာရှိလှသည်။ သာယာနာပျော်ဖွယ်ကောင်းလှသည်။ ခေတ်ရေစီးကြောင်းတွင် နောက်ကျမကျန်ရစ်ဘဲ ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။

ပီပြင်သောအချိုး၊ အသွားများနှင့် ငြိမ့်ညောင်းသော သံစဉ်များက မြန်မာဂီတ၏ တစ်ခေတ်ကတောက်ပြောင်မှုနှင့် ယနေ့ခေတ်ထိတိုင် ခေတ်နှင့်အညီ ရှိနေဆဲဖြစ်သည်ကို ဖော်ထုတ်နေသကဲ့သို့ဖြစ်သည်။ ထိုခေတ် လူကြီးများကနှစ်သက်ကြသလို ဒီဘက်ခေတ်လူငယ်များလည်း ဆက်လက် လက်ခံကြသည်။ မြူးကြွသည့်သံစဉ်များ၊ ငြိမ့်ညောင်းသည့် သံစဉ်များကြောင့်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာ့ဂီတပညာရှင်များမှာ ဂုဏ်ပြုမှတ်တမ်း တင်ထိုက်ပါပေသည်။

ကောက်ချက်ဆွဲရမည်ဆိုလျှင် မြန်မာတို့၏ ယဉ်ကျေးမှုမပျောက်အောင်၊ မတိမ်ကောအောင် အဆိုပါ မြန်မာ့ရိုးရာအစဉ်အလာများနှင့် မြန်မာပီသသော သံစဉ်များကို အစဉ်မပြတ်ဖော်ထုတ်ကြရမည်ဖြစ်သည်။ ပွဲလမ်းသဘင်နှင့် အထိမ်းအမှတ်ပွဲများတွင် မြန်မာ့ဂီတ၊ မြန်မာ့အနုသုခုမတို့ကို ပရိသတ်များစုစုဝေးဝေး ပျော်ရွှင်စွာ တင်ဆက်ပေးကြမည်ဆိုလျှင် မြန်မာ့ယဉ်ကျေးမှုအနုပညာသည် တိမ်ကောပပျောက်သွားခြင်းမရှိဘဲ ထာဝရ အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်မှာ သေချာသည်ဟု ဆိုချင်ပါသည်။ ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။



## ရဲအရာရှိအတတ်သင်တန်းကျောင်း(မန္တလေး) ဖွင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၈ × ၂၉ လမ်းနှင့် ၆၆ × ၆၈ လမ်းကြားရှိ အဆိုပါကျောင်း၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲထောက်ချုပ် ရဲမှူးချုပ် သန်းတင်အောင်၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးတို့က ကျောင်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်းက ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ရဲချုပ်နှင့် တက်ရောက်လာကြသော ရဲအရာရှိကြီးများမှ အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ကျောင်းခန်းမတွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးက တက်ရောက်လာကြသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဧည့်သည်တော်များအား ကျောင်းနှင့် ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြသည်။

ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး)ကျောင်းဆောင်သစ်များကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၏ လမ်းညွှန်မှုဖြင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းမှ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၃၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၇၀၀၀ | - | ၇၂၇၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၇၀၀၀ | - | ၇၂၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၅၅. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၃၄၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄. ၀၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၃၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၉၆. ၂၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၀၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၁. ၄၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၁. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

မုန်တိုင်းအန္တရာယ် သတိပြု ကာကွယ်

ကြေးမုံ
နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ရှေ့ဖုံးမှ

ဆောင်ရွက်ပေးရမည့် အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ လတ်တလော ဆောင်ရွက်ရမည့်အပိုင်းမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းဖြစ်ပြီး အစားအသောက်နှင့် အဝတ်အထည် ထောက်ပံ့ပေးခြင်း၊ ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးများရှာဖွေပေးခြင်း၊ ရေကျချိန်၌ ချက်ချင်းစိုက်ပျိုးနိုင်အောင် ထွန်ယက်ပေးခြင်း၊ စာသင်ကျောင်းများတွင် ပျက်စီးဆုံးရှုံးသွားသည့် စာအုပ်စာစောင်များကို ဖြည့်တင်းပေးခြင်း၊ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေးပျက်စီးဆုံးရှုံးမှုများကို အမြန်ပြန်လည်တည်ဆောက်ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ သက်ဆိုင်ရာ မြို့နယ်များနှင့် ဆက်သွယ်ပြီး ဝန်ကြီးဌာနအလိုက် စီစဉ်ဆောင်ရွက်ပေးရမည့် ပျက်စီးဆုံးရှုံးမှုများကိုစိစစ်ပြီး အမြန်ဆုံးဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် ပျက်စီးခဲ့သည့် ကျောင်းများ၊ လမ်းများနှင့် တံတားများကို ပြင်ဆင်တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းများမှာ အချိန်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်း လတ်တလောသွားလာရေး အဆင်ပြေမှုရှိစေရန် ဘေလီတံတားတည်ဆောက်ပေးခြင်းမျိုးကဲ့သို့ စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ရေးဘေးအန္တရာယ်များကြုံတွေ့ရချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အင်တိုက်အားတိုက်ဖြင့် ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ရေတိုလုပ်ဆောင်ပေးရမည့်လုပ်ငန်းနှင့် ရေရှည်လုပ်ဆောင်ပေးရမည့်လုပ်ငန်းများကို အချိတ်အဆက်မိမိဖြင့် စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနများအလိုက် ရေကြီးနစ်မြုပ်ရာဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး လိုအပ်ချက်များကို ဦးစားပေးအလိုက် စီမံဆောင်ရွက်ပေးသင့်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ၏ အသက်ဆုံးရှုံးမှုမဖြစ်ပွားစေရန်၊ ထိခိုက်ဒဏ်ရာရရှိမှုများကို တားဆီးပေးနိုင်ရန်၊ လူထု၏အိုးအိမ်ပစ္စည်းဥစ္စာများကို ကာကွယ်ပေးနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သွားရန်စသည့် ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် တိုင်းဒေသကြီးအလိုက် စီမံခန့်ခွဲရေးကော်မတီများကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိဖွဲ့စည်း၍ သဘာဝဘေးကာကွယ်ရေးနှင့်တုံ့ပြန်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် အဆင့် ၄ ဆင့်ဖြစ်သည့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Reduction)၊ ကြိုတင်အသင့်ဖြစ်စေခြင်း (Readiness)၊ တုံ့ပြန်ဆောင်ရွက်ခြင်း (Response)နှင့် ပြန်လည်ထူထောင်ခြင်း (Recovery) ဆိုသည့် အဆင့်များအားလုံးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရေကြီးနစ်မြုပ်ရာဒေသများတွင် လုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ရေကြီးနစ်မြုပ်သည့်ဒေသများတွင် ထောက်ပံ့ပေးမှုနှင့် အရန်ထားရှိမှုများ၊ အသိပညာပေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ မင်းပြင် ရေလျှောင်တမံနှင့် ကောလင်းမြို့၊ ဝန်းသိုမြို့နယ်များအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ဇူလိုင် ၁၈ ရက်မှ ၃၀ ရက်အထိ တပ်မတော်လေယာဉ် Y-8 တစ်စင်းဖြင့်တစ်ခေါက်၊ MI-17 ရဟတ်ယာဉ် သုံးစင်းဖြင့် ခေါက်ရေ ၇၀ ဖြင့် ကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် တပ်မတော်လေယာဉ် Y-8 တစ်စင်းကို မိတ္ထီလာမြို့တွင်လည်းကောင်း၊ MI-17 ရဟတ်ယာဉ် သုံးစင်းကို မုံရွာမြို့တွင် တစ်စင်းနှင့် ကန့်ဘလူမြို့တွင် နှစ်စင်း ဖြန့်ခွဲထားရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အသင့်စုဖွဲ့ထားရှိကြောင်း။

ထို့ပြင် ကယ်ဆယ်ရေး၊ ရွှေ့ပြောင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလိုအပ်သလိုစီစဉ် ဆောင်ရွက်ပေးနိုင်ရန်အတွက် ပလတ်စတစ်တိုက်လှေ အစင်း ၁၀၀၊ ယမဟာ (၄၀)ကောင် ပဲ့ချိတ်စက် ၆၆ လုံးနှင့် အသက်ကယ်အကျီ ၄၅၀ တို့ကို တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် ဖြန့်ခွဲထားရှိပြီး အရေးပေါ်လိုအပ်မှုရှိပါက ထပ်မံဖြည့်တင်းပေးနိုင်ရန် ပလတ်စတစ်တိုက်လှေ ၄၇ စင်းနှင့် ယမဟာ(၄၀)ကောင်ပဲ့ချိတ် စက် ၁၇၆ လုံးတို့ကိုလည်း မင်္ဂလာဒုံတွင် စုဖွဲ့ထားရှိပါကြောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ရေကြီးသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ရဟတ်ယာဉ်သုံးစင်းအား ကန့်ဘလူမြို့၌ထားရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးခြင်းကိုလည်းကောင်း၊ ကလေးမြို့နယ်ရှိ ရေကြီးသည့်နေရာများတွင် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများ ထပ်မံဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ တိုက်ကြီး၊ ထန်းတပင်နှင့် အဖျောက် မြို့နယ်များအတွက် နည်းဗျူဟာတစ်ခုနှင့် တပ်ရင်း ၃ ရင်းကို ယာဉ်အကြီး ၂၀၊ ဂွန်ဆင်စက်လှေ ၁၀ စင်းတို့ဖြင့် အဖျောက်မြို့တွင် လည်းကောင်း၊ သံလျင်၊ ဒလနှင့် မှော်ဘီတပ်နယ်များတွင် တပ်နယ်တစ်ခုစီ၌ ယာဉ်အကြီး ငါးစင်းစီနှင့် ဂွန်ဆင်စက်လှေ ငါးစင်းစီဖြင့် လည်းကောင်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းတွင် မော်တော်ယာဉ်အစင်း ၄၀ ကို လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ကွင်းကောက်ဒေသတွင် ယာဉ်အကြီးငါးစင်း၊ ဂွန်ဆင်စက်လှေ ၁၀ စင်းနှင့် အသက်ကယ်အကျီအထည် ၅၀၊ ဟင်္သာတမြို့နယ်ရှိ နယ်မြေခံတပ်ရင်းတွင် ယာဉ်အကြီး ငါးစင်း၊ ဂွန်ဆင် စက်လှေ ၁၀ စင်းနှင့် အသက်ကယ်အကျီအထည် ၅၀ တို့ကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ပဲခူးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ယာဉ်အကြီး ငါးစင်း၊ ဂွန်ဆင်စက်လှေ ၁၀ စင်းနှင့် အသက်ကယ်အကျီအထည် ၅၀၊ ညောင်လေးပင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ယာဉ်အကြီး ငါးစင်း၊ ဂွန်ဆင်စက်လှေ ငါးစင်းနှင့် အသက်ကယ်အကျီ ၂၅ ထည်၊ ရွှေကျင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ယာဉ်အကြီး ငါးစင်း၊ ဂွန်ဆင်စက်လှေငါးစင်းနှင့် အသက်ကယ်အကျီ ၂၅ ထည် တို့ကိုလည်းကောင်း အသင့်ပြင်ဆင်စုဖွဲ့ထားရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကူညီထောက်ပံ့ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထပ်ဆင့်ဖြစ်ပေါ်နိုင်သော အခြေအနေနှင့် ကာကွယ်စောင့်ရှောက်မှုဆောင်ရွက်မည့် အခြေအနေများ၊ သဘာဝဘေး အန္တရာယ်ခံရသော တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)



# မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူပြု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ သီယရီမာသူအား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာလာမှု၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာအထောက်အကူပြု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအောင်မြင်စေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ရေဘေးသင့်ကျေးလက်ပြည်သူများ ကယ်ဆယ်ရေးစခန်းမှ ကျေးရွာဒေသနေရပ်ပြန်နိုင်ကြပြီ

**ကောလင်း ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ဇူလိုင် ၁၆ ရက်မှ ၁၁ ရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာများ ရေလွှမ်းမှုဖြစ်ပေါ်ရာ ယခုအခါရေတင်ကျေးရွာအချို့တွင် ရေများလျော့နည်းပြီး မိမိတို့နေရပ်ဒေသသို့ ကယ်ဆယ်ရေးစခန်းများမှ ပြန်လည်နေနိုင်ကြပြီ ဖြစ်သည်။

ရေများကျဆင်းပြီး ကယ်ဆယ်ရေးစခန်းမှ နေရပ်ကျေးရွာသို့ ပြန်ကြရာတွင် ကူးစက်ရောဂါများမဖြစ်ပွားစေရေးအတွက် ဗဟိုကူးစက်ရေးရောဂါတိုက်ဖျက်ရေးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်၊ ကောလင်းမြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာခင်မောင်သန်းတို့ ပါဝင်သောပူးပေါင်းအဖွဲ့က ဇူလိုင် ၂၅ ရက်မှ စတင်၍ ကောလင်းမြို့နယ် ကျောက္ကာ၊ မြောင်းကြီး၊ တာ၊ လှည်းပွဲကျေးရွာများရှိ စက်ခုံရေတွင်း ရေကန် ၆၉တွင်းကိုဆေးခတ်ခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်သော လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိသည်။

အလားတူ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြည်လွင်ဦးနှင့်အဖွဲ့သည် ကောလင်းမြို့နယ် ဝါးရုံးခုံ၊ ဆီဆုံ၊ ကသစ်ကုန်း၊ ကပ်ဖလူး၊ဇီးကုန်း၊စစ်တော၊တဲထီးလျှိုကျေးရွာရှိ ရေတွင်း ရေကန် ၇၅ တွင်းကို ဆေးခတ်ခြင်း၊ ကျန်းမာရေးနှင့် သက်ဆိုင်သော လုပ်ငန်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင်တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ခရိုင်ရဲတပ်ဖွဲ့မှူး၊မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်မောင်သန်းတို့ ပါဝင်သော အဖွဲ့သည် ကောလင်းမြို့နယ် အင်ပင်သာ ကျေးရွာအုပ်စုအတွင်း ရေဘေးသင့်ပြည်သူများထံ စက်လှေများဖြင့် သွားရောက်၍ စားသောက်ဖွယ်၊ ရေသန့်ဘူး၊ အဝတ်အထည်များကို ထောက်ပံ့ပေးခဲ့ကြသည်။လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်ကျေးလက်ဒေသ တိုးတက်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိဏ်းမောင်နှင့်အဖွဲ့သည် အင်ပင်သာကျေးရွာအုပ်စု ကသစ် ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများကို ပြန်လည်ထွန်ယက်စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားကြသည်။

ယင်းနောက် ကောလင်းမြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာခင်မောင်သန်းနှင့်ဝန်ထမ်းများက ကယ်ဆယ်ရေးစခန်းများဖြစ်သော ခန်သာ၊ဆီဆုံ၊ညောင်ဝန်း၊ လွယ်မောက်၊ စန္ဒာရာကုန်း၊ စံတော်သာဘိုးဘွားရိပ်သာနှင့် မြေနီကျေးရွာများကို ကွင်းဆင်းပြီး ဒေသခံကျေးလက်ပြည်သူများ၏ ကျန်းမာရေးကို စမ်းသပ်ကုသပေးခဲ့သည်။

ရေးကြီးနစ်မြုပ်ဒေသကျေးရွာများမှ မြွေကိုက်ခံရ၍ ကောလင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ သုံးဦးတက်ရောက်ပြီး ဆေးကုသခံရာ ဇူလိုင် ၂၂ ရက်တွင် တစ်ဦးသေဆုံးသွားခဲ့သည်။ သွားလာရေး ခက်ခဲသောကြောင့် ဆေးရုံသို့ အရောက်နောက်ကျရာ ဆေးဝါးကုသခွင့် ရှိသူနှစ်ဦးမှာ အသက်ရှင်နေသည်။

ကောလင်းပြည်သူ့ဆေးရုံတွင် မြွေကိုက်လူနာများကို ကုသရန် ဆေးဝါး၊ မြွေဆိပ်ဖြေဆေး BPI နှင့်အိန္ဒိယဆေး အပြည့်အစုံရှိပြီး စရိတ်မျှပေး ဆေးဝါးကုသမှုစနစ်နှင့် မြို့နယ်မှ ရာသက်ပန်ဆေးဝါးကုသမှုအဖွဲ့က ရန်ပုံငွေ အပြည့်အဝထားရှိနေကြောင်း သိရသည်။

(ရွှေလင်းပြည့်စုံ)

# ဂန့်ဂေါမြို့နယ်တွင် မြစ်သာမြစ်ရေ မြင့်တက်လျက်ရှိ

**ဂန့်ဂေါ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ မြစ်သာမြစ်ရေသည် ဇူလိုင် ၂၈ ရက်က ကျဆင်းခဲ့သော်လည်း မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ ယနေ့တွင် ပြန်လည်မြင့်တက်လာသည်။

ထို့ပြင် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးကားလမ်းနှင့်ဂန့်ဂေါမြို့နှင့်စိုင်ဒူးကျေးရွာအကြားရှိ မဖေးချောင်းမှာ ချောင်းရေမြင့်တက်လာပြီး ယာဉ်များဖြတ်သန်းမောင်းနှင်နိုင်ခြင်းမရှိသဖြင့် စောင့်ဆိုင်းနေရကြောင်း၊ ခရီးသည်များကို လှေဖြင့်ဖြတ်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယာဉ်ဖြင့်လိုက်ပါလာသည့် ခရီးသည်များကို စေတနာရှင်ပြည်သူများက ထမင်းထုပ်များ ဝေငှပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

# ပျောက်ဆုံးမလေးရှားလေယာဉ်၏ အပိုင်းအစများဟု ယူဆရသည်များ ရီယူနီယံကျွန်း၌ တွေ့ရှိ




**ကွာလာလမ်ပူ ဇူလိုင် ၃၀**

အိန္ဒိယသမုဒ္ဒရာတွင်းရှိ ရီယူနီယံကျွန်းပေါ်သို့ ရေမျောကမ်းတင်ရောက်ရှိလာသော လေယာဉ်ပျက် အပိုင်းအစသည် မလေးရှားလေကြောင်းဌာနမှ လွန်ခဲ့သည့်နှစ်မတ်လက ပျက်ကျသွားခဲ့သော ခရီးသည်တင်လေယာဉ်၏ အပျက်အစီးအကျိုးအပဲ့ဖြစ်သည်ဟု ယူဆရကြောင်း၊ အတည်ပြုစစ်ဆေးနိုင်ရန်အတွက် ယင်းလေယာဉ်ပျက် အပိုင်းအစကို ပြင်သစ်နိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်း မလေးရှား ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ဇူလိုင် ၃၀ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့်နှစ် မတ်လက မလေးရှား လေကြောင်းဌာနမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၃၇၀ ပျံသန်းသည့် ဘိုးအင်း-၇၇၇ အမျိုးအစား ခရီးသည်တင် လေယာဉ်သည် ကွာလာလမ်ပူမှ ပေကျင်းမြို့သို့ မောင်းနှင်နေချိန်အတွင်း ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားခဲ့သည်။ ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၂၃၉ ဦး လိုက်ပါသွားခဲ့သော ယင်းလေယာဉ်ပျောက်ဆုံးမှုသည် မြို့ပြလေကြောင်းသမိုင်းတွင် ပဟေဠိအဆန်ဆုံး ဖြစ်ရပ်ဖြစ်သည်။

သြစတြေးလျနိုင်ငံက ဦးဆောင်လျက် လေယာဉ်ပျက် ရှာဖွေရေးလုပ်ငန်းကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ကြသည်။ သြစတြေးလျနိုင်ငံ ကမ်းလွန် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၏ ကျယ်ပြောလှသည့် ပင်လယ်ပြင်တစ်ခွင်၌ ရှာဖွေခဲ့ကြသည်။

မာဒါဂါးစကားနိုင်ငံ အရှေ့ဘက် ရီယူနီယံကျွန်းပေါ်သို့ ဇူလိုင် ၂၉ ရက်က လှိုင်းပုတ်၍ ရေမျောကမ်းတင် ရောက်ရှိလာသော အပျက်အစီး အပိုင်းအစကို အတည်ပြုနိုင်ရန် ပြင်သစ်နိုင်ငံ တူးလောက်စ်မြို့ရှိ အာဏာပိုင်များထံ ပေးပို့မည်ဖြစ်သည်။ ရီယူနီယံကျွန်းသည် ပြင်သစ်၏ ပင်လယ်ရပ်ခြား နယ်မြေတစ်ခုဖြစ်ပြီး လူဦးရေ ရှစ်သိန်းကျော်နေထိုင်သည်။ **ရိုက်တာ။**



# တရုတ်နှင့် တူရကီ သမ္မတတို့ 'အူဂါ' လူမျိုးများ၏ ရွှေ့ပြောင်းခြင်းဆိုင်ရာများ ဆွေးနွေး

**ပေကျင်း ဇူလိုင် ၃၀**

တရုတ်နိုင်ငံပေကျင်းမြို့သို့ အလည်အပတ်ရောက်ရှိနေသည့် တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံစီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအပါအဝင် တရုတ်နိုင်ငံရှိ တူရကီနွယ်ဖွား 'အူဂါ'လူမျိုးများ၏ ရွှေ့ပြောင်းခြင်းဆိုင်ရာကိစ္စရပ်ကို ဆွေးနွေးခဲ့ကြောင်း သတင်းများအရ သိရသည်။

တူရကီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအပြင် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်မည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောသည်။ ထို့ပြင် တူရကီနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမြန်ရထားလမ်းဖောက်လုပ်မှုလုပ်ငန်းတွင် တရုတ်ကုမ္ပဏီများအနေဖြင့် ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ဖြစ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးအတွက် တူရကီနိုင်ငံသို့ ရွှေ့ပြောင်းသွားကြသည့် တူရကီနွယ်ဖွား 'အူဂါ'လူမျိုးများနှင့်ပတ်သတ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တရားမဝင်ထွက်ပြေးကြသော အူဂါလူမျိုး ရွှေ့ပြောင်းလုပ်သားများကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ရန် သဘောတူညီခဲ့ကြသည်။

တရုတ်နိုင်ငံနည်းပညာဖြင့် တည်ဆောက်ထားသော ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို တူရကီနိုင်ငံအနေဖြင့် စိတ်ဝင်စားလျက်ရှိသည်။ တူရကီနိုင်ငံသည် နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် တရုတ်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို တူရကီ၏ စိတ်ဝင်စားမှုအပေါ် လေ့လာစောင့်ကြည့်သူများက ထင်ကြေးအမျိုးမျိုး ပေးလျက်ရှိသည်။ **ဆင်ဟွာ။**

# ရုရှားက အင်န်ဂျီအိုများအား သတိပေး

**မော်စကို ဇူလိုင် ၃၀**

ရုရှားနိုင်ငံက အမေရိကန်ပြည်ထောင်စု ထောက်ခံအားပေးသော ဒီမိုကရေစီဖောင်ဒေးရှင်းကို နာမည်ပျက်စာရင်းသွင်းပြီးနောက် ပြည်ပအဖွဲ့အစည်းများက ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းအား သည်းခံမည်မဟုတ်ကြောင်း ပြောကြားသည်ဟု ယနေ့ သတင်းများတွင် ဖော်ပြသည်။

အမေရိကန် ကွန်ဂရက်က ရန်ပုံငွေ ထောက်ပံ့သည့် ဒီမိုကရေစီအတွက် အမျိုးသားထောက်ပံ့ရေးအဖွဲ့ (အန်အီးဒီ)သည် ရုရှားနိုင်ငံ၏ ဥပဒေသစ်အရ မလိုလားအပ်သောအဖွဲ့အဖြစ် ကြေညာခြင်းခံရသော ပထမဆုံး အဖွဲ့အစည်းဖြစ်သည်။

နိုင်ငံခြားအဖွဲ့အစည်းများက ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ လမ်းညွှန်အခါပေးပြုလုပ်ခြင်းများကို ရုရှားနိုင်ငံက သည်းခံမည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးသည်။

အမေရိကန်အစိုးရတာဝန်ရှိသူများက ရုရှား၏လုပ်ဆောင်ချက်များကို ရှုတ်ချခဲ့သည်။

ယင်းသို့ နာမည်ပျက်စာရင်းသွင်းခြင်းသည် လွတ်လပ်စွာပြောဆိုခြင်းကို ရုရှားအစိုးရနှိမ်နင်းမှု တိုးမြှင့်လာခြင်းအားပြသခြင်းဖြစ်ကြောင်း၊ ရုရှားပြည်သူများကို ကမ္ဘာကြီးနှင့် ကင်းကွာစေရန် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောသည်။ **ရိုက်တာ။**

# လွတ်မြောက်သွားသော မက္ကဆီကိုမူးယစ်ရာဇာအား အင်တာပိုလ်က ဒိုမီနီကန်သမ္မတနိုင်ငံ၌ ရှာဖွေနေ

**ဆန်တိုဒိုမင်ဂို ဇူလိုင် ၃၀**

ထွက်ပြေးလွတ်မြောက်သွားသော မက္ကဆီကို မူးယစ်ရာဇာ ဂျိုအာကွင်းအယ်လ်ချာပိုဂူဇ်မန်းမှာ ဒိုမီနီကန်သမ္မတနိုင်ငံ၌ ခိုလှုံခွင့်တောင်းခံဖွယ်ရှိသည်ဟူသော သတင်းများကြောင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုနှိမ်နင်းရေးရဲတပ်ဖွဲ့(အင်တာပိုလ်)က လက်ရှိအချိန်တွင် အဆိုပါနိုင်ငံတွင်း၌ ရှာဖွေလျက်ရှိသည်။

ဒိုမီနီကန်သတင်းစာတစ်စောင်၏ အဆိုအရ မက္ကဆီကိုနိုင်ငံရှိ လုံခြုံရေးတင်းကြပ်ထားသော ထောင်တစ်ခုမှ လွတ်မြောက်သွားခဲ့သည့် ဂူဇ်မန်းအား ရှာဖွေမှုအဖြစ် အင်တာပိုလ်စုံထောက် ၁၀၀ ကျော်မှာ ဒိုမီနီကန်သမ္မတနိုင်ငံ မြောက်ပိုင်းနှင့်အရှေ့ပိုင်းရှိ ကမ္ဘာလှည့်ခရီးသွားများလည်ပတ်ရာ နယ်မြေအသီးသီးတွင် ရှာဖွေရေးများ ဆောင်ရွက်ခဲ့သည်။ ၎င်းမှာ နာမည်တုတစ်ခုဖြင့် တိုင်းပြည်တွင်းရှိနေဖွယ်ရှိကြောင်း ဒေသန္တရထောက်လှမ်းရေးသတင်းရပ်ကွက်များက ဖွင့်ဟခဲ့သည်။ အင်တာပိုလ်စစ်ဆင်ရေးများကို တိုင်းပြည်အတွင်း အင်တာပိုလ်တပ်ဖွဲ့ဝင်အင်အား နှစ်ဆတိုးမြှင့်လိုခဲ့သည့် ဒိုမီနီကန်ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ် မန်နျူရယ်လ်ကတ်စထ ရိုကတ်စတီလိုက စီစဉ်ညွှန်ကြားခဲ့သည်။

ဒိုမီနီကန်သမ္မတနိုင်ငံအတွင်း ဂူဇ်မန်းအား ရှာဖွေရန်အမိန့်မှာ ရန်နီကလာရင်၊ မတ်ဇ်အေရာဂွန် အစရှိသော နာမည်တုများကို အသုံးပြုဖွယ်၍ တိုင်းပြည်တွင်း ဝင်ရောက်ဖွယ်ရှိသည်ဟူသော သတင်းများကြောင့် ဇူလိုင်လ ၁၇ ရက်နေ့က ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အင်တာပိုလ်၏ စုံစမ်းစစ်ဆေးမှုကို မြို့တော်ကြီးအချို့ရှိ ဟိုတယ်များနှင့် ခရီးသွားဌာနများအပြင် ဒိုမီနီကန်သမ္မတနိုင်ငံမြို့တော်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရှာဖွေမှုများကို အထောက်အကူပြုရန် အဝေးပြေးလမ်းမကြီးများတစ်လျှောက် ကားအရှိန်ထိန်းခုံးများ ချထားခဲ့သည်။ တိုးဂိတ်များ၌ မူးယစ်ရာဇာ မကြာသေးမီက ရိုက်ကူးထားသော ဓာတ်ပုံများပါရှိသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေထားပြီး အထူးရှာဖွေရေးတပ်ဖွဲ့များ ဖြန့်ကြက်ထားကြောင်း ရှာဖွေရေးတွင်ပါရှိသော ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ။**

# မွမ်ဘိုင်းမြို့၌ ဗုံးခွဲတိုက်ခိုက်ခဲ့မှုအပြီး ၂၂ နှစ်အကြာတွင် အကျဉ်းသားတစ်ဦးကို ကြိုးပေးကွပ်မျက်

**မွမ်ဘိုင်း ဇူလိုင် ၃၀**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ၁၉၉၃ ခုနှစ်က ဗုံးခွဲတိုက်ခိုက်မှုများကို စီစဉ်ညွှန်ကြားခဲ့မှုဖြင့် ပြစ်ဒဏ်စီရင်ချမှတ်ခံခဲ့ရသူ ယာကွတ် မီနွန်ကို ဇူလိုင် ၃၀ ရက်တွင် ကြိုးပေးကွပ်မျက်လိုက်ပြီဖြစ်ကြောင်း၊ တရားရုံးချုပ်က ၎င်း၏ နောက်ဆုံးအကြိမ် အယူခံဝင်မှုကို ပယ်ချခဲ့ပြီးနောက် နိုင်ငံအနောက်ပိုင်း မဟာရာရှတြာပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုအတွင်း ကြိုးပေးကွပ်မျက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံရှိ ဘဏ္ဍာရေးလုပ်ငန်းများ၏ အချက်အချာမြို့ဖြစ်သော မွမ်ဘိုင်းမြို့ (ယခင်အခေါ်အဝေါ် ဘုံဘေ)၌ ၁၉၉၃ ခုနှစ်က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာတွင် လူပေါင်း ၂၅၇ ဦး သေဆုံးခဲ့ရသည်။



နာဂပူမြို့ရှိ အကျဉ်းထောင်အတွင်း ယာကွတ်မီနွန်ကို ကြိုးပေးကွပ်မျက်ခြင်းမပြုမီ ၎င်းသည် အကျဉ်းထောင်အတွင်း ၂၂ နှစ်ကြာမျှ အကျဉ်းချခံခဲ့ရသည်။

မီနွန်အား ကြိုးပေးကွပ်မျက်သည့်နေ့မှာ ၎င်း၏(၅၃)နှစ်မြောက် မွေးနေ့ဖြစ်သည်။ ၎င်းအား အဆုံးစီရင်ခြင်းကို ပြည်သူအများစုက ထောက်ခံကြသော်လည်း လူ့အခွင့်အရေး လှုပ်ရှားသူများက အငြင်းပွားပြောဆိုခဲ့ကြသည်။

မွမ်ဘိုင်းမြို့၌ ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများနှင့် ပတ်သက်၍ တရားစီရင် စစ်ဆေးခဲ့ရာတွင် မီနွန်အနေဖြင့် အာဏာပိုင်များကို အကူအညီပေးခဲ့ကြောင်း၊ ၎င်းအား သက်ညှာခွင့်ပေးရန် လူအခွင့်အရေး ရှေ့နေတစ်စုက မေတ္တာရပ်ခံခဲ့သော်လည်း တရားရုံးချုပ်က ပယ်ချခဲ့ကြောင်း၊ ကြိုးပေးကွပ်မျက်ခြင်း မပြုမီ တစ်ရက်အလိုတွင် အိန္ဒိယသမ္မတ ပရာနတ် မူခါဂျီးက မီနွန်၏နောက်ဆုံး အယူခံလွှာကို ပယ်ချခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

နိုင်ငံတကာသတင်း

# မုတ်သုံရာသီစက်ဝန်းပြောင်းလဲမှုဒဏ်ကို ရင်ဆိုင်နေရသည့် နိုင်ငံများ

**ယခုနှစ်၏ မုတ်သုံရာသီစက်ဝန်းပြောင်းလဲမှုဂရက်ကြောင့် ကမ္ဘာ့နိုင်ငံအချို့တွင် မိုးပြင်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပွားလျက်ရှိသည်။**

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သော ရက်သတ္တပတ်ကစပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကာ အနည်းဆုံး လူ ၁၂ ဦး သေဆုံးခဲ့သည်။

ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်သားများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။ ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုကြောင့် လူအသေအပျောက်နှုန်းမှာ မြင့်တက်ခဲ့သည်။ နိုင်ငံအနောက်တောင်ပိုင်း ဘာလူချီစတန်ပြည်နယ်တွင် ခုနစ်ဦးသေဆုံးခဲ့ပြီး နိုင်ငံအရှေ့ပိုင်း ပန်ဂျက်ပြည်နယ်တွင် လူသုံးဦးသေဆုံးခဲ့သည်။ ထို့ပြင် နိုင်ငံမြောက်ပိုင်းရှိ ဂေဂျစ်ဘာတီစတန် ဒေသတွင် လူနှစ်ဦး သေဆုံးခဲ့သည်။

ပန်ဂျက်ပြည်နယ်အရှေ့ပိုင်းရှိ ဒေသခံ ၁၉၄၁၃၇ ဦးသည် ရေကြီးရေလျှံမှုဒဏ်ကို ဆိုးရွားစွာခံခဲ့ရသည်။ အလားတူ ယခုရက်သတ္တပတ် အစောပိုင်းက နိုင်ငံ





မြောက်ပိုင်းရှိ ချီထရေမြို့တွင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် လူသုံးဦးသေဆုံးခဲ့ပြီး လမ်း၊ တံတားများ ပျက်စီးခဲ့သည်။ ယခုအချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိသည်။

အလားတူ အိန္ဒိယနိုင်ငံ အနောက်ပိုင်းရှိ ဂူဂျာရက်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၂၆ ဦး သေဆုံးခဲ့သည်။ မိုးသည်းထန်ပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် ဂူဂျာရက်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်သွားခဲ့ပြီး ပို့ဆောင်ရေးလမ်းကြောင်းများ ပျက်စီးခဲ့ရသည်။

ဂူဂျာရက်ပြည်နယ်ရှိ ရွာပေါင်း ၂၀၀၀ ကျော်သည် ရေကြီးရေလျှံမှုဒဏ်ကို ခံနေရသည့်အတွက် အချို့သောနေရာများနှင့် အဆက်အသွယ်ပြတ်တောက်လျက်ရှိသည်။ အဆိုပါဒေသသို့ ကယ်ဆယ်ရေးလုပ်သားများ စေလွှတ်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဂူဂျာရက်ပြည်နယ်၏ ဘန်နာစကန်သာစီရင်စုတွင် မိုးပြင်းထန်စွာရွာသွန်းပြီး မြေပြိုမှုများကြောင့် လူရှစ်ဦး သေဆုံးခဲ့သည်။ ကာချ်စီရင်စုတွင် ရေကြီးရေလျှံဖြစ်မှုကြောင့် အိမ်အများအပြား ပြိုကျပျက်စီးခဲ့ပြီး လူလေးဦးသေဆုံးကာ ဒေသခံ ၁၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ နောက်ထပ် ၄၈ နာရီအတွင်း ဂူဂျာရက်ပြည်နည်တစ်ခုလုံးကို ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်မည်ဟု အိန္ဒိယမိုးလေဝသဗျူရိုက ကြေညာထားသည်။ ယခင်လအတွင်း အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုကြောင့် လူပေါင်း ၅၀ ကျော်သေဆုံးခဲ့ရသည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်မှုကြောင့် နိုင်ငံ၏ ကျောက်မီးသွေး တွင်းများမှ ညစ်ညမ်းမှုများဖြစ်ပေါ်မှုနှင့် မြေပြိုကျမှုတို့ကြောင့် အနည်းဆုံးလူ ၁၇ ဦး သေဆုံးခဲ့သည်။ အဆိုပါဒေသတွင် ရောက်ရှိနေသည့် ကမ္ဘာလှည့် ခရီးသည်များကို ကယ်ဆယ်ရန်အတွက် ဗီယက်နမ်ရေတပ်သင်္ဘောတစ်စင်းကို ကိုတိုကျွန်းသို့ စေလွှတ်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်မှစပြီး နိုင်ငံမြောက်ဘက်ပိုင်း ကွန်နေးစီရင်စုတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေကြီးမှုများဖြစ်ပေါ်ခဲ့မှုကြောင့် လူ ၁၇ ဦး သေဆုံးခဲ့သည်။

'ဟာလောင်' ပင်လယ်အော်အနီး မိုင် ၃၀ အတွင်းတွင် ကျောက်မီးသွေးစက်ရုံသုံးရုံနှင့် ကျောက်မီးသွေးတွင်းသုံးခုရှိသည်။ ရေကြီး ရေလျှံမှုများကြောင့် ကျောက်မီးသွေးတွင်းများမှ ထွက်ရှိလာသော အညစ်အကြေးများသည် ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်သည့် 'ဟာလောင်' ပင်လယ်အော်၏ အလှအပများကို ခြိမ်းခြောက်လျက်ရှိသည်။

**(ကြေးမုံ)**



# ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲသည် နိုင်ငံအတွက် အလွန်အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက လာမည့်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲသည် နိုင်ငံအတွက် အလွန်အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များသာမက တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲအောင်မြင် အဆင်ပြေရန် အရေးကြီးပါကြောင်း။

ရွေးကောက်ပွဲ၌ မိမိတို့ရွေးချယ်မှု မှန်ကန်ရန်လိုအပ်ပါကြောင်း၊ မိမိတို့ရွေးချယ်လိုက်သူသည် မိမိနိုင်ငံနှင့် မိမိဒေသကို အကျိုးပြုနိုင်သူဖြစ်ရန်လိုကြောင်း၊ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများသည် ရွေးကောက်ပွဲတွင်စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးအပိုင်းကို အဓိကတာဝန်ယူကြမည့်သူများဖြစ်၍ အရေးကြီးပါကြောင်း၊ ထို့အတူ ကော်မရှင်မှတာဝန်ရှိသူများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများသည်လည်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကော်မတီများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပရေးကိစ္စရပ်အပါအဝင် ဒေသ၏လိုအပ်ချက်များကို တင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တောင်ငူခရိုင်မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးမှူး၊ ခရိုင်မီးသတ်တပ်ဖွဲ့၊ ခရိုင်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ပဲခူးတိုင်းဒေသကြီး ရေနီမြို့သို့ရောက်ရှိပြီး ရွှေစေတီကျောင်းတိုက် ဓမ္မာဗိမာန်တော်၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

တွေ့ဆုံပွဲမစတင်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရေနီမြို့ ရွှေစေတီကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သက်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဒေသဖွံ့ဖြိုးရေးနှင့်သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။ **(သတင်းစဉ်)**

# မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် လေဆင်နှာမောင်းတိုက်ခတ်

**မြန်အောင် ဇူလိုင် ၃၀**

မြန်အောင်မြို့နယ် သရက်တောကျေးရွာအုပ်စု ရေလဲမြောက်ကျေးရွာတွင် ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီခွဲခန့်က အနောက်ဘက်မှလေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပွားရာ လူနေအိမ်ခုနစ်လုံး အမိုးများလွင့်ပျံပြီး လေးပင်အိမ်သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ်တစ်လုံးပေါ်သို့ ကုက္ကိုပင်ပိ၍ ပြိုကျပျက်စီးခြင်းနှင့် သုံးပင်အိမ်သွပ်မိုး၊ထရံကာ၊ပျဉ်ခင်းအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ လေဆင်နှာမောင်းတိုက်ခတ်ချိန် ၁၀ မိနစ်ခန့်ကြာမြင့်သည်။ လေဘေးသင့်အိမ်ထောင်စုများ၏အမိုးအကာများ ပြန်လည်ပြုပြင်ခြင်းကို ကနောင်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့/ထောက်အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးကြသည်။

မြန်အောင်မြို့နယ် မဲခင်ချောင်အုပ်စု နန်းတော်ကျွန်း ကျေးရွာတွင် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်ရာဘုန်းကြီးကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခြင်းနှင့် လူနေအိမ် ၂၅ လုံး ပြိုကျပျက်စီးပြီး အိမ်ခုနစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

ထို့အတူ ထောက်ကြံအုပ်စုရွာသစ်ကုန်းကျေးရွာ၌ ည ၇ နာရီခွဲခန့်တွင် လေဆင်နှာမောင်း တိုက်ခတ်ရာ အိမ်နှစ်လုံးပြိုကျပြီး အိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ညောင်တုံးလဲကျေးရွာအုပ်စု ကုန်းဇံကြွယ်ကျေးရွာ၌ ည ၈ နာရီခန့်တွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အိမ်သုံးလုံး ပြိုကျပျက်စီးခြင်းနှင့် ကြင်းဇံကြွယ်ကျေးရွာတွင် အိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အပြင် ရင်းတိုက်အုပ်စု ရေသိုးကျေးရွာတွင် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိမ်နှစ်လုံးပြိုကျပျက်စီး၍ အိမ် ၃၂ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ဝင်းဗိုလ် (မြန်/ဆက်)**



# မြန်မာ - အိန္ဒိယနှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၀**

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E Mr. Narendra Modi အား ဇူလိုင် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ဝန်ကြီးချုပ်၏အိမ်တော်၌ သွားရောက်တွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံပွဲတွင် မြန်မာ - အိန္ဒိယနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ အိန္ဒိယ - ဘင်္ဂလားဒေ့ရှ် - မြန်မာ - တရုတ်နှင့် အရှေ့အာရှနိုင်ငံများသို့ ကားလမ်း၊ မီးရထားလမ်းများ ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာများ၊ နိုင်ငံခြားခရီးသွားဆိုင်ရာကဏ္ဍနှင့် ပင်လယ်ရေကြောင်း ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အိန္ဒိယနိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ) ပူးတွဲစစ်ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ် ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇူလိုင် ၃၀

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ) ပူးတွဲစစ်ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ် Air Chief Marshal Arup Raha, PVSM, AVSM, VM က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ဇူလိုင် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန South Block Lawns ရင်ပြင်မြက်ခင်းပြင်၌ ကျင်းပသည်။**

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယနိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခဲ့သည်။**(ယာပုံ)**

ထို့နောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ) ပူးတွဲစစ်ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ်တို့သည် အိန္ဒိယလေတပ်ဦးစီးချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူတစ်ဦးက အိန္ဒိယလေတပ်ဦးစီးချုပ်ရုံးရှိ Subroto Hall ၌ အိန္ဒိယနိုင်ငံ၏ လုံခြုံရေးအမြင်အား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Dalbir Singh, PVSM, UYSM, AVSM, VSM, ADC အား အိန္ဒိယကြည်းတပ်ဦးစီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်က Army Battle Honour Mess ၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ကြည်းတပ်ဦးစီးချုပ် အစည်းအဝေးခန်းမ၌ ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်တွင် Integration of Indian Army နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယတပ်မတော်ရေတပ်ဦးစီးချုပ် Admiral RK Dhowan, PVSM, AVSM, YSM, ADC အား အိန္ဒိယရေတပ်ဦးစီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန South Block ရှိ အခန်းအမှတ်(၂၀၃)၌ National Institute of Public Finance and Policy ညွှန်ကြားရေးမှူး Dr. Rathin Roy က Federal System of Governance ဆိုင်ရာများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Rao Inderjit Singh တို့ တွေ့ဆုံဆွေးနွေးကြသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံ၏ ၁၁ ဦးမြောက် သမ္မတရာထူးတာဝန်ထမ်းဆောင်ခဲ့သည့် Mr. APJ Abdul Kalam ကွယ်လွန်သည့်အတွက် နယူးဒေလီမြို့ရှိ Mr. Abdul Kalam နေထိုင်ခဲ့သည့် နေအိမ်တွင် ဖွင့်လှစ်ထားသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် သွားရောက်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

# ပုံနှိပ်သူ၊ ထုတ်ဝေသူများနှင့် တွေ့ဆုံရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်ထုတ်ဝေသူများက နိုင်ငံအတွင်း ပုံနှိပ်ထုတ်ဝေသည့် ထုတ်ဝေစာလေးအုပ် သို့မဟုတ် လေးစောင်နှင့် Electronic Document တို့ကို ဝန်ကြီးဌာနသို့ ပေးအပ်ရသည့် ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံပုံနှိပ်သူနှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စာပေဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူများ တက်ရောက်ကြသည်။**(အပေါ်ယာပုံ)**



အဆိုပါရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၃)ဖြင့် ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေအခန်း(၅)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ) အရ ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ယင်းပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင် စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)အရ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ) အရ မည်သည့်ထုတ်ဝေစာကိုမဆို ထုတ်ဝေသူသည် အဆိုပါထုတ်ဝေစာ လေးအုပ် သို့မဟုတ် လေးစောင်နှင့် Electronic Document များကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်းပုံစံ ၁၁ ဖြင့် ဝန်ကြီးဌာနသို့ ပေးအပ်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် စာအုပ်စာစောင်များထုတ်ဝေပြီးသော်လည်း နည်းဥပဒေနှင့်အညီ ၁၄ ရက်အတွင်း စာအုပ်စာစောင် လေးအုပ်နှင့် Electronic Document တို့ကို ပေးအပ်ရန် ပျက်ကွက်လျက်ရှိသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ အပတ်စဉ်စာအုပ်စာစောင်ထွက်ရှိမှုကို စိစစ်ပြီး ပေးအပ်ရန် တိုက်တွန်းအကြောင်းကြားနေရပါကြောင်း၊ ထို့ကြောင့် နည်းဥပဒေနှင့်အညီ သတ်မှတ်ရက်အတွင်း လာရောက်ပေးအပ်ကြရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လာရောက်အပ်နှံသည့် Electronic Document များကို လုံခြုံစွာထိန်းသိမ်းထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနကလည်း ထုတ်ဝေစာကို မှတ်တမ်းတင်ထိန်းသိမ်းထားရှိပြီး Electronic Document များကို နည်းပညာလုံခြုံရေးစနစ်ဖြင့် ရေရှည်ထိန်းသိမ်း ဆောင်ရွက်နိုင်ရန် Information Matrix ကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး Information Matrix ကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်စိုးမင်းက Electronic Document များကို Server ဖြင့် သိမ်းဆည်းရာတွင်တိကျကောင်းမွန်ပြီး စိတ်ချရသော လုံခြုံရေးစနစ်များထည့်သွင်း၍ Software ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**

သတင်းအချက်အလက်များ သိရှိရန်
1883
MOI Call Center
သို့ ဆက်သွယ်ရန်

## မိုးရွာသွန်းမှုများ

| | | |
|---|---|---|
| မောင်တော | ၉ ဒသမ ၅၃ | လက်မ |
| ကျောက်ဖြူ | ၈ ဒသမ ၉၈ | လက်မ |
| ပလက်ဝ | ၇ ဒသမ ၅၆ | လက်မ |
| ကျောက်တော် | ၆ ဒသမ ၇၇ | လက်မ |
| ဟားခါး | ၆ ဒသမ ၆၅ | လက်မ |
| အမ်း | ၅ ဒသမ ၉၀ | လက်မ |
| မြောက်ဦး | ၅ ဒသမ ၄၃ | လက်မ |
| မြောင်းမြ | ၅ ဒသမ ၄၃ | လက်မ |

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

ပြည်တွင်းရေးရာ

# ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)မှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၀**

နိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် လတ်တလောဖြစ်ပေါ်နေသော ရေကြီး၊ ရေလျှံမှုများ ခံစားနေရသည့် ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)မှ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရေဘေး ထောက်ပံ့လှူဒါန်းရေးလုပ်ငန်းကော်မတီသို့ ကယ်ဆယ်ရေးရန်ပုံငွေကျပ်သိန်း ၁၅၀၀ အား ပေးအပ်လှူဒါန်းခဲ့သည်။




အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကိုယ်စား အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးတို့က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ရေဘေးထောက်ပံ့လှူဒါန်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က လက်ခံသည်။**(အပေါ်ပုံ)**

ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)အနေဖြင့် ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရသော စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကောလင်းမြို့၊ ဝန်းသိုမြို့၊ ကန့်ဘလူမြို့၊ ကွန်းလှမြို့၊ ချပ်သင်းမြို့နှင့် ဘုတလင်မြို့၊ ကချင်ပြည်နယ် မိုးကောင်းမြို့တို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဇူလိုင် ၂၂ ရက်တွင် ကျပ်သိန်း ၂၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဝေဠုကျော်ဖောင်ဒေးရှင်း လူမှုကူညီကယ်ဆယ်ရေးအသင်းအတွက် ဇူလိုင် ၂၉ ရက်တွင် ကျပ်သိန်း ၃၀၀ အပါအဝင် ယနေ့အထိ စုစုပေါင်း ကျပ်သိန်း ၃၈၀၀ ပေးအပ်လှူဒါန်းခဲ့သည့်အပြင် ရေဘေးသင့်ဒေသများရှိ ကမ္ဘောဇဘဏ်လီမိတက် ဘဏ်ခွဲအသီးသီးမှ အရာထမ်း၊ ဝန်ထမ်းများက ကူညီစောင့်ရှောက်ရေးစခန်းများ၌ နေ့စဉ်အစားအသောက်များ ချက်ပြုတ်ကျွေးမွေးခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ထမင်းထုပ်များ ဝေငှလှူဒါန်းခြင်းနှင့် လိုအပ်သည့်အကူအညီများ ပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်(ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)အနေဖြင့် နိုင်ငံတော်အစိုးရသစ်လက်ထက် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစား၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများ၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် အခြားကဏ္ဍအသီးသီးတို့အတွက် လှူဒါန်းငွေကျပ် စုစုပေါင်းမှာ ၆၄ ဘီလီယံကျော်ရှိပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တောင်သူလယ်သမားများသို့ မိုးလေဝသအန္တရာယ်ဆိုင်ရာသတိပေးနှိုးဆော်ချက်

၁။ ယခု ဇူလိုင်လပထမပတ်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအထက်ပိုင်းအချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ အချို့ဆည်တာတမံများတွင် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ပြီး တောင်သူလယ်သမားများ ပင်ပင်ပန်းပန်း စိုက်ပျိုးထားရှိသော လယ်မြေများရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများဖြစ်ပေါ်ခံစားနေရသည်ကို အချိန်မီကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်နေသကဲ့သို့ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ဒေသအလိုက်ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်းကို မျှော်မှန်းရပါ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံနှင့်အဝန်းရှိ တောင်သူလယ်သမားများ ရာသီဉတုကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိစေရန် ကြိုတင်ကာကွယ်ခြင်း၊ ရေကြီးနစ်မြုပ်နေသည့် စိုက်ခင်းများအား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် **သက်တမ်းတိုအရန်မျိုးစပါးများ** ပျိုးထောင်ခြင်း၊ အချိန်မီပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များရှိ အဆင့်ဆင့်သောဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**

## ဓာတ်ပုံသတင်း



**ရန်ကုန်မြို့ ကုန်သည်လမ်းပေါ်ရှိ လမ်း ၅၀ ကားမှတ်တိုင်ရှေ့တွင် ရေများအမြဲတင်လျက်ရှိပြီး လမ်းသွားလမ်းလာများနှင့် မော်တော်ယာဉ်များကို အနှောင့်အယှက်ပေးလျက်ရှိနေသည်။** ဓာတ်ပုံ-သန့်ဇင်ဝင်း

## နယ်သာလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၃၀**

မစ္စတာ ကာရယ် ဂျိုဟန်း(စ်)နက် ဟာတော့ဂ်အား ဘန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ကာရယ် ဂျိုဟန်း(စ်)နက် ဟာတော့ဂ်အား ၁၉၅၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ ဗမ် မာလန် လစ်စီယွန်ကျောင်းမှ အထက်တန်း ဒီပလိုမာလက်မှတ်ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် အမ်စတာဒမ်တက္ကသိုလ်တွင် အပြည်ပြည်ဆိုင်ရာဥပဒေကို အထူးပြုသင်ကြားခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ဥပဒေမဟာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥရောပဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ စီးပွားရေးဝန်ကြီးဌာနလက်အောက်ရှိ ဥရောပသမဂ္ဂဌာန၊ ပို့ကုန်ထိန်းချုပ်ရေးဌာန၊ မဟာဗျူဟာရေးရာဌာနတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားကုန်သွယ်ရေးဆိုင်ရာဝန်ကြီး၏ အတွင်းရေးမှူးအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန တောင်အာဖရိကဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး၏ ကိုယ်ရေးအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဘန်ကောက်မြို့ နယ်သာလန်သံရုံးတွင် ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နယ်သာလန်သံအမတ်ကြီးအဖြစ် တာဝန်မထမ်းဆောင်မီအချိန်ထိ အာရှဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီးဦးကိုကိုလတ်အား အိုမန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကိုကိုလတ်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အိုမန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများထံသို့ နောင်ချိုမြို့မှ ပြည်သူများက ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းမည်

**နောင်ချို ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေနစ်မြုပ်လျက်ရှိသော ဒေသများတွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းပေးအပ်ရန်အတွက် နောင်ချိုမြို့ ဈေးရပ်ကွက်လူမှုရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စေတနာမွန်လူမှုကူညီရေးအသင်းတို့ ဦးဆောင်ပြီး ဈေးရပ်ကွက်မြို့လယ်မွှောရုံ၌ အလှူခံမဏ္ဍပ် ဖွင့်လှစ်ထားပြီး ဒေသခံရပ်ကွက်ပြည်သူများက လာရောက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၂၄ ရက်မှ ယနေ့ထိ လှူဒါန်းငွေကျပ်သိန်း ၃၀ ကျော်၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်မြောက်မြားစွာ ရရှိထားသည်။

အဆိုပါ လှူဒါန်းငွေနှင့် ပစ္စည်းများကို ဩဂုတ် ၂ ရက်တွင် နောင်ချိုမြို့ဒေသခံပြည်သူတို့က ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## မိုးရေချိန်စံချိန်သစ်

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါစခန်း၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ပါသည်-

### မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | မင်းတပ် | ၁၂၅ | ၄.၉၂ | ၇၆ | ၂.၉၉ | ၇-၇-၂၀၁၅ | ၅၁ |



နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အင်းစိန်ထောင်မှ လွတ်မြောက်လာသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ - ဇေယျာဝင်း)



နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ထားဝယ်အကျဉ်းထောင်မှ လွတ်မြောက်လာသူများကို တွေ့ရစဉ်။ ခရိုင်(မြန်/ဆက်)



နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် မန္တလေးအကျဉ်းထောင်မှ လွတ်မြောက်လာသူများကို တွေ့ရစဉ်။ (ကြေးမုံ)

**✱ ဝါဝင်ကာလမှ**

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲ စေရေးအတွက် မြန်မာနိုင်ငံသား အကျဉ်းသား ၆၇၅၆ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များနှင့် နှစ်နိုင်ငံချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးတို့ကို ရှေးရှုသောအားဖြင့် နိုင်ငံခြားသား အကျဉ်းသား ၂၁၀ အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များပေး၍ ပြည်နှင်ဒဏ်ပေးခြင်းတို့ ပါဝင်ပြီး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၆၉၆၆ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များ ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအနက် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်မှ နိုင်ငံသားအကျဉ်းသား ၂၆ ဦး၊ အကျဉ်းသူရှစ်ဦးနှင့် နိုင်ငံခြားသားအကျဉ်းသားတစ်ဦး၊ အကျဉ်းသူတစ်ဦး စုစုပေါင်း ၃၆ ဦး၊ မွန်ပြည်နယ်မော်လမြိုင်အကျဉ်းထောင်မှ အကျဉ်းသား ၇၁ ဦး၊ အကျဉ်းသူ ၁၃ ဦး စုစုပေါင်း ၈၄ ဦး၊ သထုံအကျဉ်းထောင်မှ အကျဉ်းသား ၂၁ ဦး၊ အင်္ဂပူ(ကျိုက်ထို)ရဲဘက်စခန်းမှ အကျဉ်းသား ၁၁၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်မှ အကျဉ်းသား ၆၀၊ အကျဉ်းသူကိုးဦး စုစုပေါင်း ၆၉ ဦး၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာအကျဉ်းထောင်မှ အကျဉ်းသား ၂၆ ဦး၊ အကျဉ်းသူ ၁၁ ဦး စုစုပေါင်း ၃၇ ဦး၊ မြင်းခြံအကျဉ်းထောင်မှ အကျဉ်းသား ၉၁ ဦး၊ အကျဉ်းသူ ၁၂ ဦး စုစုပေါင်း ၁၀၃ ဦးတို့အား သက်ဆိုင်ရာအကျဉ်းထောင်အသီးသီးမှ ယနေ့တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း သက်ဆိုင်ရာမြို့နယ် သတင်းထောက်များ၏ သတင်းပေးပို့ချက်အရ သိရသည်။

**(ကြေးမုံ)**

# လွတ်ငြိမ်းသက်သာခွင့်ကို ကိုယ်တိုင်ခံစားရသူများနှင့် မိသားစုဝင်များ၏ ရင်တွင်းစကားများ

**ရန်ကုန် ဇူလိုင် ၃၀**

နိုင်ငံတည်ဆောက်ရေးကာလတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေမည့် နိုင်ငံသားများအဖြစ် ပြုပြင်ပြောင်းလဲနိုင်ရန် အတွက် အစိုးရသစ် သက်တမ်းအတွင်း နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၀၄) ပုဒ်မခွဲ(ခ)အရ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား အကျဉ်းသူများကို စည်းကမ်းကောင်းမွန်မှုနှင့် ထောင်အတွင်း နေထိုင်မှုအပေါ် မူတည်၍ လွတ်ငြိမ်းသက်သာခွင့်ကို (၅၅)ကြိမ်အထိ ပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့သည့်အတွက် အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၇၈၉၂၆ ဦးသည် ပုံမှန်လူနေမှုပတ်ဝန်းကျင်တွင် သာမန်နိုင်ငံသားတစ်ဦးအဖြစ် ရပ်တည်ရှင်သန်နိုင်ခဲ့ပြီဖြစ်ပြီး ယနေ့ ဇူလိုင် ၃၀ ရက်တွင် လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့သူ ၆၉၆၆ ဦးအနက်မှ ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အမျိုးသား ၃၉၃ ဦး၊ အမျိုးသမီး ၁၁၃ ဦး စုစုပေါင်း ၅၀၆ ဦး လွှတ်ပေးခဲ့ရာ လွတ်မြောက်ခဲ့သူအချို့နှင့် ၎င်းတို့၏မိသားစုဝင်များ၏ ခံစားချက်များကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။

ဦးခင်အောင် (ဘိုင်မွန်းတည့်နေဂျာနယ်သတင်းထောက်၏ ဖခင်)က "ကျွန်တော့်သားက ၅၀၅(ခ)နဲ့ ထောင်နှစ်နှစ်ကျခဲ့တာပါ။ သူက ဘိုင်မွန်းတည့်နေဂျာနယ်က သတင်းထောက်ပါ။ ထောင်ထဲမှာနေခဲ့တာ တစ်နှစ်နဲ့ တစ်လလောက်နေခဲ့ရတယ်။ သူတို့ဂျာနယ်က ငါးဦးလုံး ဒီနေ့လွတ်လာကြတယ်။ သားဖြစ်သူဒုက္ခတွေထဲက လွတ်မြောက်လာတဲ့အတွက် ဖခင်တစ်ယောက်အနေနဲ့ ပျော်ပါတယ်။ ထောင်ထဲမှာ အကျဉ်းသားဘဝကနေ စောစောလွတ်မြောက်လာတဲ့အတွက် ဝမ်းသာမှုဆိုတာကျွန်တော့်အတွက် ပြောစရာမလိုပါဘူး၊ မီဒီယာသမားတစ်ယောက်အနေနဲ့ သူ့အလုပ်သူ လုပ်ခဲ့တယ်။ အခုအချိန်မှာထောင်ကနေ လွတ်ငြိမ်းခွင့်နဲ့ မြန်မြန်လွတ်လာတဲ့အတွက် မီဒီယာသမားတွေအားလုံးရဲ့ကိုယ်စား ဝမ်းသာတယ်လို့ ကျွန်တော်ကတော့ပြောချင်ပါတယ်" ဟုပြောသည်။

ဒေါ်စောစန္ဒာ (မိကျောင်းကန်သပိတ်ခေါင်းဆောင် ဦးစိန်သန်း၏ဇနီး)က "ထောင်ဝင်စာ လာတွေ့ရင်းနဲ့ ဒီရောက်မှ လွတ်မယ်ဆိုတာသိရတယ်။ သူက မြို့နယ်လေးမြို့နယ်မှာ အမှုခြောက်မှုနဲ့ ထောင်နှစ်နှစ်ကျခံခဲ့ရတယ်။ အထဲမှာ တစ်နှစ်ကျော်လောက် နေခဲ့ရတယ်။ ၁၁ လပိုင်းရောက်မှ လွတ်မှာပါ။ အခုလိုစောစောလွတ်လာတဲ့အတွက် ဝမ်းသာတယ်။ အကျဉ်းသားတွေအားလုံးအပြင် သူတို့ရဲ့ မိသားစုတွေကိုလည်း ကိုယ်ချင်းစာတယ်။ ထောင်ဝင်စာတွေ့ရတဲ့ဒုက္ခဆိုတာက မသေးပါဘူး။ ဒါကြောင့် အခုလွတ်မြောက်လာသူတွေ အားလုံးရဲ့ကိုယ်စားဝမ်းသာပါတယ်"ဟု ပြောသည်။

မကြည်ဌေး (လွတ်မြောက်လာသူ) က "မိသားစုနဲ့တွေ့ရမယ်ဆိုတော့ အလွန်ပျော်ပါတယ်။ လောင်းကစားလုပ်လို့ ထောင်တစ်နှစ်နဲ့သုံးလကျခဲ့တာပါ။ အထဲမှာ ၁၀ လနဲ့ ရက် ၂၀ နေခဲ့ရတယ်၊ အထဲမှာ နေခဲ့ရတဲ့ရက်တွေမှာလည်း အားလုံးအဆင်ပြေခဲ့ပါတယ်။ အခုလို ရက်မပြည့်ခင်မှာ လွတ်မြောက်လာတဲ့အတွက် အများကြီးဝမ်းသာတယ်။ နိုင်ငံတော် သမ္မတကြီးကိုလည်း ကျေးဇူးတင်တယ်။ ကျန်းမာပါစေလို့လည်း ပြောချင်ပါတယ်"ဟု ပြောသည်။

ကိုဇော်မြင့်(လွတ်မြောက်လာသူ) က "၁၅(က) နှစ်လုံးထီလောင်းကစားမှုနဲ့ ထောင်တစ်နှစ်ခွဲကျခဲ့တာပါ။ အထဲမှာ တစ်နှစ်နဲ့ ၁၃ ရက်နေခဲ့ရတယ်။ ဘာကြောင့် လွတ်မြောက်လာတယ်ဆိုတာကိုတော့ မသိပါဘူး။ ညက တီဗွီမှာလွှင့်ပေးတယ်လို့ပြောတယ်။ ကျွန်တော်တို့မကြည့်ခဲ့ရပါဘူး။ အခုလွှတ်ပေးတဲ့အထဲမှာ ထောင်နေသက်တစ်နှစ်နဲ့ လက်ကျန်ထောင်သက် တစ်နှစ်အောက်တွေကို လွှတ်ပေးတယ်လို့သိရတယ်။ ဘာကြောင့်ပဲ လွှတ်လွှတ် အကျဉ်းသားတွေကို နိုင်ငံတော်အစိုးရက အခုလိုစောစော လွှတ်ပေးခဲ့တဲ့အတွက် အလွန်ပဲ ဝမ်းသာကြပါတယ်"ဟုပြောသည်။

ဒေါ်ကြည်စိုး (လွတ်မြောက်လာသူ) က "အခုမနက် မိုးလင်းမှ လွတ်တော့မယ်ဆိုတာ သိရတယ်။ အိမ်ကတောင် လာမကြိုကြပါဘူး။ သတ်မှတ်ရက်မပြည့်ခင်မှာလွတ်လာတဲ့အတွက် အတော်ဝမ်းသာတယ်။ မိသားစုတွေ တွေ့ရင်လည်း ဝမ်းသာကြမှာပါ" ဟုပြောသည်။

မခိုင် (လာရောက်ကြိုဆိုသူ) က "ဥက္ကံမှာဖြစ်တဲ့ကိစ္စကြောင့် ထောင်ခုနစ်နှစ်စီကျခဲ့ကြတယ်။ ထောင်ထဲမှာ လေးနှစ်ကျော်နေခဲ့ရတယ်။ လွတ်ခါနီးနေလို့ အခုလိုလွှတ်တဲ့ထဲ ပါခဲ့ရတာပါ။ သူတို့အဖွဲ့က အားလုံး ၁၀ ယောက်လောက်ရှိတယ်။ အကုန်လုံး လွတ်မယ်လို့ ပြောပါတယ်။ သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့်ပေးလို့ လွှတ်ပေးတယ်လို့တော့ကြားတယ်။ အခုလိုစောစော ပြန်လွတ်တော့ အလွန်ပဲဝမ်းသာရပါတယ်" ဟုပြောသည်။

မမူမူအေး(လာရောက်ကြိုဆိုသူ) က "ဒီနေ့အကျဉ်းသားတွေကို လွှတ်ပေးမယ်လို့ကြားတယ်။ အမျိုးသားက လောင်းကစားမှုနဲ့ ခြောက်လကျနေတယ်။ ထောင်ထဲမှာ သုံးလကျော်ပြီ။ လွတ် မလွတ် အတိအကျမသိသေးပါဘူး၊ မျှော်လင့်ချက်နဲ့လာခဲ့တာပါ။ လွတ်ခဲ့ရင်တော့ အတိုင်းမသိဝမ်းသာရမှာပါ။ မျှော်လင့်ချက်နဲ့လာကြိုတာကတော့ မိသားစုဝင်တွေရဲ့အလုပ်ပါပဲ"ဟုပြောသည်။

**(ဇော်ကြီး၊ သီဟသူ)**



ဦးခင်အောင်။



ဒေါ်စောစန္ဒာ။



မကြည်ဌေး။



ကိုဇော်မြင့်။



ဒေါ်ကြည်စိုး။

# ဆိုင်ကလုန်းမုန်တိုင်း ကိုမန်

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်

နေပြည်တော် ဇူလိုင် ၃၀

**မုန်တိုင်းအခြေအနေ**

ယနေ့ ညနေ ၆ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ် နေသော ဆိုင်ကလုန်းမုန်တိုင်း"ကိုမန်"(Komen)သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းကမ်းခြေကို စစ်တကောင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

**နောက် ၆ နာရီအတွင်း ခန့်မှန်းချက်**

(က) အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ဖြတ်ကျော်နေစဉ်အတွင်း မောင်တောခရိုင်ဒေသတွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၇၀ အထိနှင့် စစ်တွေခရိုင်ဒေသတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

(ခ) မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

(ဂ) ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသသို့ ဖြတ်ကျော်နေစဉ်အတွင်း မုန်တိုင်းဒီရေ အမြင့်ဆုံးမှာ မောင်တောခရိုင် ကမ်းခြေဒေသတွင် ငါးပေမှ ခုနစ်ပေခန့်အထိနှင့် စစ်တွေခရိုင်ကမ်းခြေဒေသတွင် သုံးပေမှ ငါးပေခန့်အထိ မြင့်တက်လာနိုင်ကြောင်းခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

(က) အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်း ဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်မည်ဖြစ်သည်။

(ခ) စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့် အထူးရှောင်ရှားကြရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**



# မစ္စ အင်ဂျလီနာဂျိုလီပစ် ကချင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်ကြည့်ရှု

**မြစ်ကြီးနား ဇူလိုင် ၃၀**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာဂျိုလီပစ်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တွေ့ဆုံပြီး ပြည်နယ်အတွင်း IDP Camps များ၏ အခြေအနေများနှင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် မစ္စ အင်ဂျလီနာဂျိုလီပစ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ပေါ်ရှိ ဂျာမိုင်ကောင်း ဒုက္ခသည်စခန်းနှင့် ပလနကျေးရွာရှိ စိန်ဂျိုးဇက်ဒုက္ခသည်စခန်းတို့သို့ သွားရောက်ပြီး မိသားစုဝင်များနှင့်တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအသောက်ရရှိမှုနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကလေးမွေးဖွားမှုနှင့် မိသားစုဝင်များ၏ စီးပွားရေးအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဆည်၊ ကန်၊ ရေလှောင်တမံများ၊ ရေဘေးကာကွယ်ရေးတာများ လုံခြုံစိတ်ချရသည့်အနေအထားတွင်ရှိ

ယခုအခါ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်သတိပေးချက်အရ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တွင် မိုးပိုမိုလာနိုင်ကြောင်း သိရှိရသည်။ ဖြစ်ပေါ်လျက်ရှိသော မိုးလေဝသအခြေအနေအရ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ရေလှောင်တမံများ၊ ရေဘေးကာကွယ်ရေးတာများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဆောင်ရွက်ဆဲဖြစ်သော လိုက်နာရမည့် စည်းမျဉ်း၊ နည်းလမ်းများ (Rules and Regulations) အပေါ် အထူးကြပ်မတ်ဆောင်ရွက်နေပြီး တိတိကျကျ အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်လျက်ရှိပါသည်။

ရေလှောင်တမံများ၊ ရေဘေးကာကွယ်ရေးတာများကို တည်ဆောက်ခဲ့ရာတွင် ဇလဗေဒအချက်အလက်များအပေါ် အဓိကအခြေခံ၍ တွက်ချက်မှုများဆောင်ရွက်ကာ ပုံစံပြုတည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ဆည်များ၊ တာတမံများကို အသုံးပြုထိန်းသိမ်းလည်ပတ်လုပ်ကိုင်နေရာတွင်လည်း အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည့် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါသဖြင့် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်နေမှုများကို လျော့နည်းသက်သာစေနိုင်ရေး အသိပေးတင်ပြအပ်ပါသည်။

**ဆည်မြောင်းဦးစီးဌာနတွင် ချမှတ်ကျင့်သုံးနေသော Rules and Regulations များအရ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများထဲမှ အချို့ကို ထုတ်နုတ်တင်ပြရပါလျှင်-**

(က) ရေလှောင်တမံများ၊ ရေဘေးကာကွယ်ရေးတာများကို လုံခြုံစိတ်ချရမှုနှင့် ကြံ့ခိုင်မှု ရှိ/မရှိကို နေ့စဉ် မျက်မြင်စစ်ဆေးခြင်း၊ တာဝန်ရှိကျွမ်းကျင်သူ အထက်အဆင့်ဆင့်သို့ သတင်းပို့တင်ပြခြင်းများကို အမြဲဆောင်ရွက်လျက်ရှိနေပါသည်။

(ခ) ရေလှောင်တမံများတွင် အချိန်ကာလအလိုက် တမံအတွင်း စီးဝင်ရေ၊ သိုလှောင်ရေ၊ ထုတ်လွှတ်အသုံးပြုသောရေ၊ ရေပိုလွှဲပေါ်မှ ကျော်ကျစီးဆင်းသောရေ အစရှိသဖြင့် တမံ၏ ဝင်ရေ/ထွက်ရေကို အမြဲတမ်းမှတ်တမ်းသွင်းထိန်းသိမ်းစောင့်ကြည့်လျက်ရှိနေပါသည်။

(ဂ) ရေလှောင်တမံကိုယ်ထည်တွင် ဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း နေ့စဉ်စောင့်ကြည့်မှတ်သားနေပြီး ထူးခြားမှုရှိ/မရှိကို အမြဲစစ်ဆေးနေရပါသည်။ ယင်းသို့ စောင့်ကြည့်လေ့လာမှု Dam Surveillance Report ကို အချိန်နှင့်တစ်ပြေးညီ အထက်ရုံးများသို့ တင်ပြအစီရင်ခံရပါသည်။

(ဃ) ရေဘေးကာကွယ်ရေးတာများတွင်လည်း ရေလှောင်တမံများတွင် ဆောင်ရွက်နေသကဲ့သို့ပင် ဆောင်ရွက်နေကြပါသည်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် နှစ်စဉ်မိုးရာသီမတိုင်မီ ရုံးချုပ်မှ အင်ဂျင်နီယာအရာထမ်းများ ဦးဆောင်သည့်အဖွဲ့များဖွဲ့စည်းပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိ တာတမံများကို လိုက်လံစစ်ဆေးခြင်း၊ လိုအပ်သည်များကို ပြုပြင်ရန် ညွှန်ကြားခဲ့ခြင်းများကို မပျက်မကွက် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မိုးရာသီရေကြီးရေလျှံမှု ဖြစ်လေ့ရှိတတ်သော ဧရာဝတီမြစ်၊ ငဝန်မြစ်၊ စစ်တောင်းမြစ်နှင့် ချင်းတွင်းမြစ်စသည့် မြစ်ကမ်းဘေးရှိ ရေဘေးကာကွယ်ရေးတာတမံများအား မိုးရာသီမတိုင်မီကစ၍ အထူးသတိပြု အလေးပေးထိန်းသိမ်းလျက်ရှိပါသည်။

(င) နေ့စဉ် ဆည်၊ ကန်၊ တာတမံများ ကြံ့ခိုင်မှုအမြဲရှိစေရန် ထူးပေါက်များ၊ ရေစီးကြောင်းများ၊ ချုံနွယ်များနှင့် အခြားတွင်းပေါက်များ မရှိစေရေး ကွပ်ကဲဆောင်ရွက်ခြင်း၊ ရေဘေးကာကွယ်ရေးတာတမံများတွင် လှိုင်းရိုက်၍ တာပြိုခြင်း၊ တာမှရေစိမ့်ထွက်ခြင်း၊ သဲဗွက်ထခြင်း၊ တာအိခြင်းများ မဖြစ်စေရန် ချို့ယွင်းချက်နေရာများအား မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်ခြင်း၊ တာတမံများ၏ ဖြတ်ပိုင်းပုံများအား မိုးရာသီအကုန်နှင့် မိုးရာသီမတိုင်မီတို့တွင် တိုင်းတာခြင်း၊ မိုးရာသီမတိုင်မီ အပြီးပြုပြင်ခြင်းနှင့် နေရာမလပ်အမြဲစစ်ဆေးပြီး စိုးရိမ်ရသော တာတမံအပိုင်းများတွင် အရေးပေါ်ကာကွယ်ရေးပစ္စည်းများ(သဲ၊ ကျောက်စရစ်၊ ဝါး၊ မျော၊ ဂုန်နီအိတ်)စသည်များကို ကြိုတင်၍ အပြည့်အစုံစုဆောင်းထားကြခြင်းတို့ကိုလည်း ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။

(စ) မိုးရာသီရေကြီးချိန်တွင် တာတမံများ၏ မိုင်တိုင်များအလိုက် ဆည်မြောင်းဝန်ထမ်းများအား သတ်သတ်မှတ်မှတ် တာဝန်ခွဲဝေပေးပြီး ၂၄ နာရီအချိန်ပြည့် ရေကင်းချထားခြင်း၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ညှိနှိုင်း၍ ရေဘေးကာကွယ်ရေး စီမံချက်များရေးဆွဲပြီး ကော်မတီအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရေဘေးကာကွယ်ရေးအဖွဲ့အစည်းများမှ အရေးပေါ်အထောက်အကူပြုပစ္စည်းများ ရရှိရေး၊ လုပ်အားရရှိရေး၊ တာဝန်ရှိသူများသည် ပေးအပ်ထားသော တာဝန်များအလိုက် ရေမှတ်များကို နာရီစဉ်မှတ်ပြီး အထူးဂရုပြု၍ အချိန်မီပေးပို့ခြင်း၊ စိုးရိမ်ရေမှတ်ရောက်ရှိသည်မှစ၍ အရေးပေါ်အခြေအနေကြေညာပြီး ထူးခြားဖြစ်စဉ်များကို ရေပြန်ကျသွားချိန်အထိ အထူးမပျက်မကွက် သတင်းပို့ခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်ထားရှိပါသည်။

(ဆ) မြန်မာနိုင်ငံတွင် တည်ဆောက်ထားသော ရေလှောင်တမံများရှိ ရေပိုလွှဲများမှာ အများအားဖြင့် ရေတံခါးမပါသော ရေပိုလွှဲများဖြစ်သဖြင့် ရေလှောင်တမံအတွင်း ရေပြည့်မှတ်သို့ ရောက်ရှိလာခဲ့ပြီး ယင်းထက် ပိုမိုကျော်လွန်လာခဲ့ပါလျှင် အလိုအလျောက် ရေကျော်ကျသည့် ရေပိုလွှဲများဖြစ်ပါသည်။ ထို့ကြောင့် ရေပြည့်အမှတ်ထက်ကျော်လွန်လာ၍ ရေပိုလွှဲမှ အလိုအလျောက်ရေကျော်ကျခြင်းကို အချို့က ရေပိုလွှဲမှ ရေလွှတ်ချသည်၊ ဆည်ဖောက်ချသည်ဟု ထင်မြင်နေကြခြင်းဖြစ်ပါသည်။ တမံ၊ ရေပိုလွှဲမှ ရေလွှတ်ချခြင်းမရှိပါ။ မိုးလေဝသအခြေအနေအရ တမံများ ရေပြည့်မှတ်ထက်ကျော်လွန်လာပါက ရေပိုလွှဲမှ ရေကျော်ကျခြင်းမှာ ပုံစံပြုတည်ဆောက်ခဲ့စဉ်ကပင် တွက်ချက်ထားခဲ့သောကြောင့် တမံ၏စိတ်ချလုံခြုံရမှုကို ထိခိုက်မှုမရှိနိုင်ပါ။ ရေကျော်ကျဆင်းပြီး မူလချောင်းဟောင်းအတွင်းသို့ ရေပြန်လည်စီးဆင်းသွားစေခြင်းဖြစ်ပါသည်။ ချောင်းကိုပိတ်ပြီးတမံတည်ဆောက်လိုက်ပြီဆိုပါက ချောင်းဟောင်းများအတွင်းသို့ ရေမစီးဆင်းနိုင်တော့ပြီဟု ဒေသခံများက ယူဆပြီး ချောင်းအတွင်း စိုက်ပျိုးရေးလုပ်ခြင်း၊ လယ်တဲ၊ ယာတဲများဆောက်လုပ်ကြခြင်းတို့ကြောင့် ထိုကဲ့သို့ မပြုလုပ်ရန်အတွက် ကြိုတင်တားမြစ်သွားရန် လိုအပ်ပါသည်။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆည်၊ ကန်၊ တာတမံ၊ ရေလွှဲဆည်နှင့် ရေထိန်းတံခါးများကို အထက်ဖော်ပြပါအတိုင်း အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများက အမြဲမပြတ်စစ်ဆေးကြပ်မတ် ထိန်းသိမ်းစောင့်ရှောက်နေခြင်း၊ Rules and Regulations များအရ တိတိကျကျ လုပ်ကိုင်ဆောင်ရွက်နေခြင်းတို့ကြောင့် ဆည်၊ ကန်၊ ရေလှောင်တမံများ၊ ရေဘေးကာကွယ်ရေးတာများမှာ လုံခြုံစိတ်ချရသည့် အနေအထားတွင် ရှိပါကြောင်း ဒေသခံပြည်သူများ၏ စိုးရိမ်ပူပန်နေမှုများကို လျော့နည်းသက်သာစေရန် တင်ပြအပ်ပါသည်။ ။

**ဆည်မြောင်းဦးစီးဌာန**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်　　ဇူလိုင်　　၃၀**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းတာချက်အရ ရေလှောင်တမံကြီး ၄၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၄၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၄. ၆၀' |
| ၃။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၀. ၁၅' |
| ၄။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၈. ၀၀' |
| ၅။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၃၀' |
| ၆။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၈၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၉. ၂၅' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၉၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၆၀' |
| ၁၁။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၀. ၉၀' |
| ၁၂။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၇၀' |
| ၁၃။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၂၀' |
| ၁၄။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၈၀' |
| ၁၅။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၃၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၀၀ | ၀. ၆၀' |
| ၁၇။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၄၀' |
| ၁၈။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၄၀' |
| ၁၉။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၂၀' |
| ၂၀။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၂. ၄၆' |
| ၂၁။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၂၂။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၃. ၃၀' |
| ၂၃။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၂၀' |
| ၂၄။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၁. ၅၅' |
| ၂၅။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂၉. ၃၀' |
| ၂၆။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၇. ၃၀' |
| ၂၇။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၂၅. ၀၀' |
| ၂၈။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၂. ၈၀' |
| ၂၉။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၃. ၄၀' |
| ၃၀။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၂. ၇၀' |
| ၃၁။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၂. ၇၀' |
| ၃၂။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၅၀' |
| ၃၃။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၅. ၅၀' |
| ၃၄။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၃. ၀၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၄၀' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၁. ၁၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၂. ၁၀' |
| ၃၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၃. ၁၀' |
| ၄၀။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃. ၂၀' |
| ၄၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၅. ၇၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော် ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၅၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၀ | ၁. ၀၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၂၃၃၇ | ၂၆. ၉၀' |
| ၄။ | မြို့လှ(တပ်ကုန်း) ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၇၈၀၀ | ၂၈. ၇၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၀၂၇၅၀ | ၁၁. ၈၈' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၃၉၉၅၂ | ၁၁. ၁၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၁၇၃၈ | ၁၀. ၃၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၂၅၆ | ၇. ၀၀' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၅၃၇ | ၂၂. ၃၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၈၉၀၀ | ၅. ၅၀' |
| ၁၃။ | လှိုင်နန်းဖရေလှောင်တမံ | ၁၅၀၈ | ၇၇၆ | ၁၀. ၅၀' |
| ၁၄။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၃၀၂၆၅ | ၃၈. ၆၀' |
| ၁၅။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၆၅၁၅၃ | ၁၆. ၈၀' |
| ၁၆။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၂၇၂၇၆ | ၂၆. ၀၀' |
| ၁၇။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၆၀၀၀ | ၂၃. ၀၀' |
| ၁၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁၂၇၄၇၂ | ၄. ၀၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၀၅၀ | ၃၃၁၂၂၀ | ၄. ၄၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၇၈၃၄၀ | ၉၂. ၁၀' |
| ၂၁။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၆၄၀၀၀ | ၂. ၃၀' |
| ၂၂။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၇၇၇၇၁ | ၆၀. ၉၀' |

(သတင်းစဉ်)

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ဧကများ ထိခိုက်ပျက်စီး

**နေပြည်တော်　　ဇူလိုင်　　၃၀**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားပြီး သီးနှံများထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးများလုံလောက်စွာ ဝေငှပေးခြင်း၊ ရေကျချိန်တွင် ချက်ချင်းစိုက်ပျိုးနိုင်ရန် ဌာနပိုင်ထွန်စက်များဖြင့် ထွန်ယက်ပေးခြင်းများ ပြုလုပ်ပေးနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများထိခိုက်ပျက်စီးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | နစ်မြုပ်ဧက | ပြန်ပေါ်ဧက | ထိခိုက်ဧက | ပျက်စီးဧက |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၆၅၅၉ | ၂၃၆၁၅ | ၈၂၅၉ | ၃၅၂၉ |
| ၃။ | ကရင်ပြည်နယ် | ၇၅၁ | | | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁၆၅၀၀ | ၆၇၃၄၄ | ၅၁၁၀၅ | ၂၃၁၀၂ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၀၉၄၀၂ | ၁၄၄၂ | ၁၃၂၇ | ၁၃၂၇ |
| ၆။ | မကွေးတိုင်းဒေသကြီး | ၁၀၀၅၅ | ၁၀၀၅၅ | ၁၀၀၅၀ | |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၅၅၃ | ၆၀ | ၃ |
| ၈။ | မွန်ပြည်နယ် | ၈၀၀ | ၇၀၀ | | |
| ၉။ | ရခိုင်ပြည်နယ် | ၄၈၃၁၈ | ၂၉၁၅ | ၂၁၇၁ | ၁၄၄၀ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၁၇၅၄၃ | ၈၄၉ | | |
| ၁၁။ | ရှမ်းပြည်နယ် | ၈၉၈၉ | ၆၄၉၉ | ၆၇၇ | ၁၂၇ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၅၃၃၅၈ | ၆၃ | | |
| | **စုစုပေါင်း** | **၃၉၅၆၅၆** | **၁၁၄၀၅၈** | **၇၃၆၄၉** | **၂၉၅၂၈** |

(သတင်းစဉ်)

# မိုးသည်းထန်နိုင်

**နေပြည်တော်　　ဇူလိုင်　　၃၀**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

○ ကျောဖုံးမှ

GM၊ ဇေယျာရွှေမြေအသင်းမှာ ဖွဲ့ကပင်၊ ကမ္ဘောဇအသင်းမှာ ဟံသာဝတီအသင်းတို့ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအဆင့်ပွဲစဉ်များတွင် ရတနာပုံအသင်းက Horizon အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ ဟံသာဝတီအသင်းက ကမ္ဘောဇအသင်းကို သုံးဂိုး-တစ်ဂိုး၊ GFA အသင်းက ရန်ကုန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မကွေးအသင်းက ချင်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဖွဲ့ကပင်အသင်းက ဇေယျာရွှေမြေအသင်းကို လေးဂိုး-သုံးဂိုး၊ ဧရာဝတီအသင်းက တက္ကသိုလ်လက်ရွေးစင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ မနောမြေအသင်းက Southern အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရခိုင်အသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ဧပြီလကတည်းက စတင်ကျင်းပခဲ့ပြီး ပထမအဆင့်နှင့် ဒုတိယအဆင့်ပွဲစဉ်များ ပြီးဆုံးခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့်ပွဲစဉ်များတွင် မထင်မှတ်သည့်ရလဒ်အချို့ ထွက်ပေါ်ခဲ့ရာ ယခုကွာတားပွဲစဉ်များမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။ ရှုံး/ထွက်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်ကတည်းက စတင်ကျင်းပနေခြင်းဖြစ်ပြီး ၂၀၁၀ ပြိုင်ပွဲတွင် ဟံသာဝတီ၊ ၂၀၁၁ ပြိုင်ပွဲတွင် ရန်ကုန်၊ ၂၀၁၂ ပြိုင်ပွဲနှင့် ၂၀၁၄ ပြိုင်ပွဲတို့တွင် ဧရာဝတီအသင်းတို့က ဗိုလ်စွဲထားသည်။

# ဆောချောင်း ရေမြင့်လာသဖြင့် ဆောမြို့ အနိမ့်ပိုင်းရှိနေအိမ်အချို့ ရေဝင်ရောက်

**ဂန့်ဂေါ　　ဇူလိုင်　　၃၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆောမြို့အတွင်း ဖြတ်သန်းစီးဆင်းသည့် ဆောချောင်းရေမြင့်တက်လာပြီး သီရိရပ်ကွက်အနိမ့်ပိုင်းရှိ လူနေအိမ်အချို့တွင် ရေဝင်ရောက်နိုင်သဖြင့် ချက်ချင်းပြောင်းရွှေ့နိုင်ရေး သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး၊ ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့က စီစဉ်လျက်ရှိသည်။

ထို့ပြင် ဆောမြို့နှင့် ခွင်းချောင်းရွာကို ဆက်သွယ်ထားသည့် အရှည်ပေ ၃၀၀ရှိ ခွင်းချောင်းလူကူးတံတားမှာ ရေစီးဖြင့် ပေ ၁၀၀ ခန့် မျောပါပျက်စီးခဲ့ရာ ထိခိုက်မှုမရှိသော်လည်း ဆက်သွယ်သွားလာရန် အခက်အခဲရှိနေသဖြင့် တာဝန်ရှိသူများက လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# (၈)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ် ပတိမပရာဂွန်တို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသော (၈)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ဇူလိုင် ၂၈ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည်။

ဝန်ကြီးအဆင့် စုံညီအစည်းအဝေးမကျင်းပမီ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ်ပတိမပရာဂွန် ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင်မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးအတွက် အမြင်ချင်းဖလှယ်ခဲ့ကြသည်။




ယင်းနောက် ဝန်ကြီးအဆင့် စုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပခဲ့ရာ အစည်းအဝေးတွင် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဒေသ တစ်လျှောက် ပူးပေါင်းဆောင်ရွက်မှု၊ သာမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများ ဗီဇာကင်းလွတ်ခွင့်ပြုမှု၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးပူးပေါင်းဆောင်ရွက်မှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းဆောင်ရွက်မှု၊ လုံခြုံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လမ်းပန်းဆက်သွယ်ရေး၊ မြန်မာနိုင်ငံနယ်စပ်ဒေသများနှင့်ထိုင်းနိုင်ငံ အထူးစီးပွားရေးဇုန်များအကြား စီးပွားရေးချိတ်ဆက်မှု၊ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေး၊ အလုပ်သမားကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်ရေးသဘောတူညီချက်၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ ငါးလုပ်ငန်းပူးပေါင်း ဆောင်ရွက်မှု၊ ခရီးသွားလာရေးကဏ္ဍ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသည် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပွင့်လင်းစွာဖော်ဆောင်နိုင်ခဲ့သည်။

ဝန်ကြီးများအဆင့် အစည်းအဝေးအပြီးတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ် ပတိမပရာဂွန်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်အရ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ မြန်မာနိုင်ငံသားများနှင့်ထိုင်းနိုင်ငံသားများသည် နိုင်ငံတကာလေဆိပ်များမှ တစ်ဆင့် ပြည်ဝင်ဗီဇာမလိုဘဲ ၁၄ ရက်ကြာသွားလာနေထိုင်နိုင်မည်ဖြစ်သည်။ အဆိုပါ ဗီဇာကင်းလွတ်ခွင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် နှစ်နိုင်ငံပြည်သူများအကြား ပိုမိုထိတွေ့ဆက်ဆံလာနိုင်ပြီး နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများလည်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အဆိုပါစာချုပ်သည် လက်မှတ်ရေးထိုးပြီး ၁၄ ရက်ပြည့်မြောက်သည့်နေ့မှစတင်၍ အသက်ဝင်မည်ဖြစ်သည်။

ဝန်ကြီးအဆင့် စုံညီအစည်းအဝေး မကျင်းပမီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပခဲ့ရာ မြန်မာ-ထိုင်းနှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇူလိုင် ၂၈ ရက် ည ၇ နာရီတွင် ရှန်ဂရီလာဟိုတယ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ် ပတိမပရာဂွန်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ ဝပ်ဆိုင်းမွန်း မြန်မာကျောင်းဆရာတော်အား ဘွဲ့လက်မှတ်နှင့်သံယာ့အလံ ဆက်ကပ်ခြင်းနှင့် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၂၉ရက်နံနက်ပိုင်းတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား ဖွင့်လှစ်ပေးခဲ့ကြသည်။ ဖွင့်ပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က အဖွင့်မိန့်ခွန်းစကားအသီးသီးပြောကြားခဲ့ကြသည်။

အသစ်ဖွင့်လှစ်လိုက်သည့် ချင်းမိုင်မြို့ ကောင်စစ်ဝန်ချုပ်ရုံးသည် အိမ်နီးချင်းနှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု၊ ခရီးသွားလာမှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လာစေရန် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချင်းမိုင်မြို့သည် ချင်းမိုင်မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများဖြစ်သည့် ချင်းရိုင်၊ နမ်၊ ဖရာအို၊ ဖရာအဲ့၊မဲဟောင်ဆောင်၊ လမ်ပန်၊ လမ်ဖွန်နှင့် ဥတ္တရာဒစ်ပြည်နယ်များဆိုင်ရာ ကောင်စစ်ကိစ္စရပ်များနှင့် ယင်းဒေသများတွင် နေထိုင်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် လူစီးအမြန်ရေယာဉ်များနှင့်ကုန်တင်ရေယာဉ်များ ခရီးစဉ်ရပ်နား

**မုံရွာ ဇူလိုင် ၃၀**

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏ စိုးရိမ်ရေအမှတ်သို့ ရောက်ရှိလျက်ရှိရာ ခရီးသွားပြည်သူများ၊ ကုန်စည်များ သွားလာစီးဆင်းမှုတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီက ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ကုန်တင်ရေယာဉ်များ၊ လူစီးအမြန်ရေယာဉ်များ ခရီးစဉ်ပြေးဆွဲခြင်းကို ရပ်နားထားကြောင်း သိရသည်။



ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် မစိန်ကျေးရွာနားရှိမစိန်ဝဲ၊ ကလေးဝမြို့နယ်ရှိပေဝဲ၊ မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာရှိ ဝက်သိုက်ဝဲ၊ ဘုတလင်မြို့နယ်ရှိ ရွှေစာရေးဝဲများက မြစ်ရေကြီးချိန်များတွင် သင်္ဘောများ သွားလာရအခက်အခဲရှိသဖြင့် ခရီးစဉ်များကို ခေတ္တရပ်နားခြင်းဖြစ်သည်။

"ချင်းတွင်းမြစ်ရေက ဒီနေ့ နံနက် ၉ နာရီတွင် မုံရွာမြို့မှာ ၁၀၀၂ စင်တီမီတာကိုရောက်နေပြီ။ ကလေးဝမှာလည်း စိုးရိမ်ရေအမှတ်ကျော်နေပြီဆိုတော့ ခရီးတစ်လျှောက်မှာ အန္တရာယ် မဖြစ်စေရေးအတွက် ခရီးစဉ်ကို ခေတ္တရပ်နားထားမှာပါ။ မုံရွာမြို့မှာ ချင်းတွင်းမြစ်ရေ ၉၅၀ စင်တီမီတာကို ပြန်ရောက်တာနဲ့ ခရီးစဉ်တွေကို ပြန်ဖွင့်ပေးသွားမှာပါ။ ဒီနှစ်က ချင်းတွင်းမြစ်ရေတက်ချိန် တစ်လလောက်စောတယ်လို့ ပြောရမယ်။ မနှစ်က စက်တင်ဘာ ၁ ရက်မှာ ပိတ်ရတယ်။ ဒီနှစ်မှာလည်း လတ်တလော သုံးရက်ပိတ်ထားတယ်။ မြစ်ရေကျသွားရင်တော့ ချက်ချင်း ပြန်ပြေးဆွဲခွင့်ပေးမှာပါ။ မြစ်ရေတက်ချိန် ကြာရင်တော့ လမ်းကြောင်းအခြေအနေအရ ထပ်ပြီး ပိတ်သင့်ရင် ပိတ်ရမယ်" ဟု မြို့နယ်ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ က ပြောသည်။

ချင်းတွင်းမြစ်အတွင်းတွင် မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ကုန်တင်အမြန်ရေယာဉ်နှင့် လူစီးအမြန်ရေယာဉ် ၅၈၆ စီးသည် နေ့စဉ်၊ အပတ်စဉ် အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးလျက်ရှိရာ ယခုအချိန်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ခရီးလမ်းတစ်လျှောက်တွင် အန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ခရီးစဉ်အားလုံးကို ခေတ္တရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ကလေးခရိုင်၌ မြစ်ရေကြီး၍ ရေကြီးရေလျှံမှုဖြစ်ပွား

**ကလေး ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းမှစ၍ မကြံ့စဖူးမြစ်သာမြစ်ရေလျှံကာ ကလေးမြို့မြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေဘေးသင့်ပြည်သူများအား ပြောင်းရွှေ့နေရာချပေးလျက်ရှိသည်။

အဆိုပါရေကြီးရေလျှံမှုတွင် မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာ ၂၇ ရွာ စုစုပေါင်း ၃၂ ခုမှ ရေဘေးသင့်အိမ်ထောင်စု ၉၀၀ ကျော်၊ အိမ်ခြေ ၁၃၃၅ လုံးနှင့် ပြည်သူ ၆၃၁၅ ဦးတို့အား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစခန်း၌ ပြောင်းရွှေ့နေထိုင်စေခဲ့ပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ ဦးဆောင်မှုဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့ပေါ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် တပ်မတော်သားများက ဝိုင်းဝန်းကူညီ၍ နေရာချထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထမင်းထုပ်ဝေငှပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းအပြင် မြစ်သာမြစ်ရေမှာ ဆက်လက်တိုးနေဆဲဖြစ်၍ ရေဘေးသင့်ပြည်သူဦးရေမှာလည်း တိုးနေဆဲဖြစ်သဖြင့် ရေဘေးသင့်ပြည်သူများသို့ ကမ္ဘောဇဘဏ်လီမိတက်မှ ဇူလိုင် ၂၉ ရက်က ငွေကျပ် ၇၂၅၀၀၀၀ တန်ဖိုးရှိ ထမင်းဘူး နှစ်နပ်စာ ဘူး ၆၀၀၀ နှင့် ဇူလိုင် ၃၀ ရက်အတွက် ငွေကျပ် ၇၂၅၀၀၀၀ တန်ဖိုးရှိ ထမင်းဘူး နှစ်နပ်စာ ဘူး ၆၀၀၀ လှူဒါန်းထားကြောင်း၊ မိုးမြင့်အာကာဆောက်လုပ်ရေးကုမ္ပဏီ၊ တောင်ဇလပ်ဆောက်လုပ်ရေးကုမ္ပဏီတို့က အမက(၃)ကျောင်းရှိကယ်ဆယ်ရေးစခန်းသို့ ဆန်အိတ် ၂၀ လှူဒါန်းထားကြောင်း သိရသည်။

ကလေးခရိုင် ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာတွင်လည်း ခန့်မှန်းအိမ်ခြေ ၆၀ကျော်ကို ရေကင်းလွတ်သည့် ရုပ်ရှင်ရုံဟောင်းသို့ပြောင်းရွှေ့စေခဲ့ပြီး ချောင်းကျဉ်းကျေးရွာမှ ခန့်မှန်းအိမ်ခြေ ၃၀ ကျော်ကို ရေကင်းလွတ်သည့်ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် ပြောင်းရွှေ့ပေးခဲ့သည်။

ကလေးဝမြို့နယ်မှ မြို့မိမြို့ဖများက ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ထမင်းထုပ်နှင့် သောက်ရေသန့်ဘူးများ ကူညီထောက်ပံ့ပေးခဲ့သည်။ မြစ်ရေတိုးမှုကြောင့် ကလေးဝ-ကလေးကားလမ်းပေါ်ရှိ တံတားများမှာ ရေကျော်ကာ ယာဉ်များသွားလာမှုပိတ်ဆို့လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား(မြန်/ဆက်)**



ပဲခူးမြစ်ရေသည် ပဲခူးရန်ကုန်ကားလမ်းမကြီးအား ကျော်ဖြတ်တက်ရောက်လာခြင်းမရှိသည့်အတွက် ခရီးသည်ယာဉ်ကြီး ယာဉ်ငယ်များအဆင်ပြေချောမွေ့စွာသွားလာပြေးဆွဲလျက်ရှိနေသည်ကို တွေ့ရစဉ်။ (ဉာဏ)

# မြန်မာ့မီးရထား တိုင်းနယ်မြေအချို့၌ ရထားလမ်းရေကြီးနစ်မြုပ်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာ့မီးရထား တိုင်းအမှတ်(၉)၊ ဟသ်ာတ-ဘုရားပေါ် ရထားလမ်းပိုင်း၊ မယ်ဇလီကုန်းနှင့် ထူးကြီးဘူတာကြား မိုင်တိုင်(၁၃၉။၁၆-၁၇)ရှိ တံတားအမှတ်(၇၆)၏ မယ်ဇလီကုန်း ဘူတာဘက်ခြမ်း ( ၅၁×၁၄၁ ×၉၁) တာဘောင်ရေတိုက်စားမှုကြောင့် အဆိုပါ ရထားလမ်းပိုင်းအား ဇူလိုင် ၂၉ ရက်တွင် ပိတ်ထားခဲ့ရပြီး အမှတ်(၁၈၁) အဆန်ရထားဖြင့် မယ်ဇလီကုန်းသို့ ရောက်ရှိလာသော ခရီးသည် ၅၃ ဦးနှင့် အမှတ်(၁၈၂) အစုန်ရထားဖြင့် ထူးကြီးသို့ ရောက်ရှိလာသော ခရီးသည် ၇၁ ဦးအား ထူးကြီးနှင့် မဲဇလီသို့ အပြန်အလှန် ကူးပြောင်းပေးခဲ့ပြီး အမှတ်(၁၈၁)အဆန်ရထားအား (၁၈၂) အစုန်ရထားအဖြစ် လည်းကောင်း၊ အမှတ်(၁၈၂) အစုန်ရထားအား (၁၈၁) အဆန်ရထားအဖြစ်လည်းကောင်း ဆက်လက်ပြေးဆွဲ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် မြန်မာ့မီးရထား၊ တိုင်းအမှတ်(၉) ကြံခင်း-ကံမ ရထားလမ်းပိုင်း ကံမနှင့် ညောင်ကိုင်းဘူတာကြား မိုင်တိုင်(၂၄၃/၁၀-၁၁)ရှိ သံလမ်းပေါ်၌ အလျားပေ ၁၂၀၊ အနံ ၈ ပေ၊ အမြင့် ၅ ပေခန့် မြေများဖုံးလွှမ်းသဖြင့် အဆိုပါလမ်းပိုင်းအား ဇူလိုင် ၂၉ ရက်တွင် ပိတ်ထားခဲ့ရာ အမှတ် (၂၀၀) အစုန်ရထားသည် လမ်းပိုင်းအတွင်း ပိတ်မိခဲ့ပါသည်။ အင်ဂျင်နီယာ(သံလမ်း/ကံမ)နှင့် လုပ်သား ၁၂ ဦးတို့က မြေများကို အမြန်ဆုံးဖယ်ရှား ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီတွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အလားတူ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၁၀) ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်း ကန်နှင့်မွေ့လယ် ဘူတာကြား မိုင်တိုင်(၆၅၆။၅-၁၀)ရှိ ရေရှင်မဥမှင်အတွင်း၌ အလျား သံလမ်း (၁၀)ဆက်ခန့် ရေ(၁၈)လက်မ ကျော်နေပါသဖြင့် အဆိုပါ လမ်းပိုင်းအား ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပိတ်ထားခဲ့ပြီး အင်ဂျင်နီယာ (သံလမ်း/ဂန့်ဂေါ) အဖွဲ့က ရေစုပ် စက်သုံးလုံးဖြင့် စုပ်ထုတ်ဖယ်ရှားခဲ့ရာ ညနေ ၃ နာရီတွင် ပြီးစီးသဖြင့် ယင်းလမ်းပိုင်းအား ဆက်လက်ထွက်ခွာပြေးဆွဲနိုင်ပြီဖြစ်သည်။

**(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းပြိုကျ

**မအူပင် ဇူလိုင် ၃၀**

မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာ အခြေခံပညာဦးစီးဌာန အခြေခံပညာအလယ်တန်းကျောင်း(တွဲ)သည် ဇူလိုင် ၂၆ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် တိုင်နှင့်တန်းများ ပြိုကျမှုဖြစ်ပွားခဲ့သည်။

ကျောင်းစာသင်ချိန်မဟုတ်သဖြင့် ကျောင်းသားကျောင်းသူများ ထိခိုက်မှုမရှိဘဲ လက်ရှိစာသင်ဆောင်တွင် ပညာသင်ကြားသည့် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား ကျောင်းသူများအား ကျေးရွာရှိ ရွှေပြည်အေးဘုရားကြီးကျောင်းတိုက်အောက်ထပ်တွင် ခေတ္တရွှေ့ပြောင်းစာသင်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယခုပြိုကျသည့် ကျောင်းဆောင်မှာ ၁၉၈၅ ခုနှစ်က ဆောက်လုပ်ခဲ့သော ကျောင်းဆောင်ဖြစ်ပြီး သက်တမ်းကြာမြင့်မှုကြောင့် ကျောင်းဉပဓိရုပ်မှာ ခိုင်ခံ့မှုမရှိတော့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်နှင့် ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေ

**နေပြည်တော် ဇူလိုင် ၃၀**

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ယနေ့နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာ(သုံးလက်မခန့်)ကျော်လွန်နေသည်။

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယနေ့နံနက် ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၁ စင်တီမီတာ(လေးလက်မခန့်)ကျော်လွန်နေသည်။

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**

# နတ်တလင်းတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**နတ်တလင်း ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ခြမ်းရှိ ထိပ်ပိတ်ကျေးရွာတွင် ဇူလိုင် ၃၀ ရက် နံနက် ၁ နာရီခွဲက လေဆင်နှာမောင်းတိုက်ခတ်သွားသောကြောင့် နေအိမ်လေးလုံးပြိုလဲပျက်စီးပြီး အိမ် ၁၀ လုံးမှာ အမိုးလန်သွားကြောင်းသိရသည်။

အခင်းဖြစ်နေရာသို့ တာပွန်နယ်မြေရဲစခန်း ဒုတိယရဲအုပ်အေးဝင်းနှင့်အဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီ၊ ရပ်မိရပ်ဖများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၁၄စုမှ မိသားစုဝင် ၄၃ ဦး၏ နေထိုင်စားသောက်ရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း သိရသည်။ **(ဝ၇၁)**

# ကွန်ကရစ်တံတားနေရာများတွင် ယာယီသစ်သားတံတားဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**မိုးကုတ် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ဇူလိုင် ၂၄ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းလာပြီး ချောင်းကြီးကျေးရွာအုပ်စုနှင့် မိုးကုတ်မြို့သို့ ဆက်သွယ်ထားသော ကားလမ်းရှိ ချောင်းကူးကွန်ကရစ်တံတားနှစ်စင်းနှင့် ချောင်းကြီးအလယ်ရွာအတွင်းရှိ တံတားတစ်စင်းတို့ ပြိုကျပျက်စီးခဲ့သည်။

အဆိုပါတံတားများပျက်စီးမှုကြောင့် ချောင်းကြီးကျေးရွာအုပ်စုအတွင်းရှိ ဂေါ်ရခါးကုန်းစံ၊ လီဆူကုန်းစံနှင့် ချောင်းကြီးအလယ်ရွာ၊ အောက်ရွာများသာမက ကျောက်ဝါ၊ မာနား၊ ကျောက်ပုံ၊ ကြက်ဖကျေးရွာများလည်း မိုးကုတ်မြို့နှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်သဖြင့် ပြိုကျခဲ့သော တံတားများနေရာတွင် လူကူးယာယီဝါးတံတားများဖြင့် ဆောက်လုပ်ထားရှိကြောင်း၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များသွားလာနိုင်ရေး သစ်သားတံတားများ အမြန်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

ooo

# ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့မြန်မာစံတော်ချိန် နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၈ စင်တီမီတာ(တစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**

**ဥတုရာသီ တောကိုမှီ၏**

## ဇူလိုင် ၃၀ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၆၀၀၀ |
| ၂ | ဧယာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၃၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၀၉၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၄၀၀၀၀ |
| ၉ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၀ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၈၅၀၀၀ |
| ၁၁ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၈၀၀ မှ ၂၇၅၀၀ |
| ၁၂ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀၀၀ မှ ၆၅၀၀၀ |
| ၁၃ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၁၀၀၀၀ |
| ၁၄ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၀ မှ ၈၈၀ |
| ၁၅ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၅၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |



# အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့ရှိ ကျွန်းပင်ကြီးပြိုလဲ

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် အလုံလမ်းပေါ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့မှ လုံးပတ်လေးပေ၊ အရှည်ပေ ၆၀ ရှိသော ကျွန်းပင်ကြီးသည် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် အမြစ်ပါလှန်၍ ရုံးတွင်းသို့ ပြိုလဲခဲ့ကြောင်း သိရသည်။

သစ်ပင်ပြိုလဲရာ နေရာသို့ သက်ဆိုင်ရာအုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင် ပန်းခြံနှင့် ဉယျာဉ်ဌာနမှ တာဝန်ရှိသူများ ရောက်ရှိလာပြီး ရှင်းလင်းပေးခဲ့သည်။ သစ်ပင်ပြိုလဲခြင်းကြောင့် ထိခိုက်ဒဏ်ရာနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

**အားကစား**

# ဂျာသီကြိုခြေစမ်းပွဲမှာ ပထမဆုံးရှုံးပွဲကြုံခဲ့ရတဲ့ မန်ယူ



အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့မှာ ဇူလိုင် ၂၉ရက်ကယှဉ်ပြိုင်ခဲ့တဲ့ အိုင်စီစီဖလား ပြိုင်ပွဲမှာ ပီအက်စ်ဂျီအသင်းက မန်ယူနောက်တန်းလူတွေရဲ့အမှားတွေကြောင့်ရရှိခဲ့တဲ့ ပထမပိုင်းသွင်းဂိုးတွေနဲ့ မန်ယူ အသင်းကို အလွယ်တကူအနိုင်ယူနိုင်ခဲ့ပါတယ်။

နည်းပြဗန်ဟားလ်အနေနဲ့ အသင်းကို ရှေ့နောက်၊အလယ် အတောင့်တင်းဆုံးလူအခင်းအကျင်းနဲ့ပွဲထွက်လာခဲ့ပေမယ့်လည်း ယခုပွဲကိုအနိုင်ရဖို့ထက် ဒီမာရီယာရဲ့အပြောင်းအရွှေ့ကိစ္စရပ်အပေါ်သာ ပိုမိုစိတ်ရောက်နေတဲ့ပုံပေါ်ပြီး ယခုရာသီကြိုခြေစမ်းပွဲတွေမှာ မန်ယူအနေနဲ့ပထမဆုံးအကြိမ်ရှုံးနိမ့်မှု ကြုံတွေ့ခဲ့ရတာလည်းဖြစ်ပါတယ်။ မန်ယူက ၄-၂-၃-၁ ကစားကွက်ကိုသုံးပြီး တိုက်စစ်မှာ ဝိန်းရွန်းနီတစ်ယောက်တည်းကိုသာ ဦးဆောင်ကစားစေခဲ့တာ တွေ့ရပါ တယ်။

ပီအက်စ်ဂျီကတော့ ၄-၃-၃ကစားကွက်နဲ့ပွဲထွက်လာခဲ့ကာ အီဘရာဟီမိုဗစ်ချ်၊အော်ဂူစတင်နဲ့လူးကပ်စ်တို့သုံးဦး တင်ပြီး တိုက်စစ်ဖွင့်ကစားခဲ့ပါတယ်။ ပီအက်စ်ဂျီရဲ့ အကွက်မိမိ ထိုးဖောက်ကစားလာမှုတွေကို မန်ယူနောက်တန်း ကစားသမားတွေဖြစ်တဲ့ လုရှော၊ ဒါလေဘလိုင်း၊ ဖီးလ်ဂျုံးစ်နဲ့ ဒါမီယန်တို့ ပေါ့လျော့ခဲ့လို့ ပီအက်စ်ဂျီအသင်းရဲ့ တိုက်စစ်အောက်ကို မန်ယူကျရောက်ခဲ့တာပဲဖြစ်ပါတယ်။ဒါကြောင့် ပွဲကစားချိန် ၂၅မိနစ်နဲ့ ၃၄မိနစ်တို့မှာ ပီအက်စ်ဂျီ ကွင်းလယ်ကစားသမား မာတူဒီနဲ့ တိုက်စစ်မှူးမိုဗစ်ချ်တို့ရဲ့ သွင်းဂိုးတွေကို မန်ယူအသင်း အလွယ်တကူပဲခွင့်ပြုလိုက် ရပါတယ်။ ဒုတိယပိုင်းမှာ ပီအက်စ်ဂျီအသင်းက လူစားဝင်ကစားသမားအများအပြားကို ထည့်သွင်းကာ အနိုင်ရလဒ်ကို ထိန်းသွားခဲ့တာကြောင့် မန်ယူအနေနဲ့ ချေပဂိုးတစ်ဂိုးတောင်သွင်းယူနိုင်ခြင်းမရှိဘဲ ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီကို အရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

နည်းပြဗန်ဟားလ်အနေနဲ့ ဒုတိယပိုင်းမှာ ဂိုးသမားဒီဂီယာနေရာကို စတုတ္ထဂိုးသမား ဆမ်ဂျွန်စတုန်းနဲ့ လူစားလဲခဲ့တာကြောင့် ဒီစပိန်ဂိုးသမားအနေနဲ့ ရီးယဲလ်ကို အမှန်တကယ်ပြောင်းရွှေ့တော့မှာလားဆိုတဲ့ပဟေဠိတွေ ပိုမိုထွက်ပေါ်လာခဲ့ပါတယ်။ ဒ့ါအပြင် ပထမပိုင်းမှာကွင်းလယ်အဖျက်နေရာက ကစားခဲ့တဲ့ရှဝိန်းစတိုင်ဂါဟာ မန်ယူကစားကွက်နဲ့ အသားမကျသေးတာကို အခုပွဲမှာ ထင်ထင်ရှားရှားမြင်တွေ့ခဲ့ကြရပါတယ်။

ဒါပေမယ့်ဒီရာသီကြိုခြေစမ်းပွဲတွေထဲက မန်ယူအတွက် စိတ်သက်သာရာရစရာ ကောင်းတာကတော့တိုက်စစ်မှူး ဝိန်းရွန်းနီအနေနဲ့ လက်ရှိခြေစွမ်းကို ဆက်ထိန်းနိုင်ရင် တစ်ရာသီအတွင်း သွင်းဂိုး၂၅ဂိုးအထက်သွင်းနိုင်ဖို့မျှော်မှန်း နိုင်မှာဖြစ်သလို၊ အသစ်ခေါ်ယူထားတဲ့ ဒီပေးရဲ့ အလွတ်တည်ကန်ဘောစွမ်းရည်ဟာ ပြိုင်ဘက်တွေအတွက် တကယ့်ကို တားဆီးရခက်မယ်ဆိုတာလည်း ကြိုတင်တွက်ဆလို့ရတဲ့ အမြတ်တွေဖြစ်ခဲ့ပါတယ်။

**မေလှဲ့သင်း**

# လီဗာပူးနောက်တန်းကစားသမား ဝစ်ဒန်းအားနော့ဝှစ်ချ်ခေါ်ယူ



နော့ဝှစ်ချ်အသင်းသည် လီဗာပူးနောက်တန်းကစားသမား ဝစ်ဒန်းအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက်(၂၂)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဝစ်ဒန်းသည် မေလက လီဗာပူး အသင်းနှင့် ကာလရှည်စာချုပ်သစ်တစ်ရပ်ကိုချုပ်ဆိုခဲ့သူဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ဝက်စ်ဘရွန်းအသင်းသို့ အငှားဖြင့် သွားရောက်ကစားစဉ် ပရီမီယာလိဂ်ပွဲပေါင်း ၂၄ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ် သည်။

နောက်တန်း ကစားသမား ဝစ်ဒန်းသည် လီဗာပူးလူငယ်အသင်းမှ မွေးဖွားပေး လိုက်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက ဒါဘီအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့သူဖြစ် သည်။ နောက်တန်းကစားသမား ဝစ်ဒန်းသည် အင်္ဂလန်လူငယ်အသင်း အသက်အရွယ် ပေါင်းစုံပြိုင်ပွဲများတွင် ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး နော့ဝှစ်ချ်အသင်း၏ ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်း လေးဦးမြောက်ခေါ်ယူခဲ့သည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။

နော့ဝှစ်ချ်အသင်းသည် တောင်ပံကစားသမား ရော်ဘီဘရက်ဒီ၊ ကွင်းလယ်ကစားသမားများဖြစ် ကြသည့် ဂရေဟမ်ဒေါ်ရန်နှင့် မူလမ်ဘူတို့ကို လည်း ခေါ်ယူထားခဲ့ပြီးဖြစ်သည်။ နော့ဝှစ်ချ် အသင်းသည် မေလအတွင်းက ချန်ပီယံရှစ် Play Off နောက်ဆုံးပိုလ်လုပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်သို့ ပြန်လည်တန်းတက်ခွင့် ရရှိခဲ့သည့်အသင်း လည်းဖြစ်သည်။

**ငွေကြယ်**

# ဗီဒယ်လ် ဘိုင်ယန်သို့ရောက်ပြီ

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျူဗင်တပ်၏ ကွင်းလယ်ကြယ်ပွင့် ဗီဒယ်လ်အား ဇူလိုင် ၂၈ ရက်က လေးနှစ်စာချုပ်ချုပ်ဆိုကာ အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။ ဗီဒယ်လ်အား အာဆင်နယ်နှင့်လီဗာပူးတို့ကလည်း ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်ကပင် ဘွန်ဒက်စ်လီဂါအင်အားကြီး ဘိုင်ယန်သို့ပြောင်းရွှေ့ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဗီဒယ်လ်က ဘိုင်ယန်သို့ပြောင်းရွှေ့နိုင်ခဲ့ခြင်းမှာ သူ၏အသက်မွေးဝမ်းကျောင်းမှုတွင် နောက်ထပ်အဆင့် တစ်ခုသို့ ထပ်တိုးတက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘိုင်ယန်နှင့်အတူ ချန်ပီယံလိဂ်ကဲ့သို့ ဆုဖလားများရယူကာ ခြေစွမ်းထပ်မံတိုးတက်လာရန်မျှော်လင့်ထားကြောင်း၊ ဘိုင်ယန်ကသာ ချန်ပီယံလိဂ်ဆွတ်ခူးနိုင်ရန် အခွင့်အရေးအများဆုံးရှိနေသည့်အသင်းဖြစ်သောကြောင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း ဘိုင်ယန်ဝက်ဘ်ဆိုက်မှတစ်ဆင့်ပြောကြားခဲ့သည်။

ဘိုင်ယန်ဘက်မှ ဗီဒယ်လ်၏စာချုပ်ကိစ္စရပ်နှင့် ပတ်သက်၍ အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ပြောင်းရွှေ့ကြေးယူရိုသန်း၄၀နီးပါးအသုံးပြုခဲ့ရသည်ဟု အန်င်ဒီပန်းဒင့်န်သတင်းစာက ဖော်ပြသည်။ ဗီဒယ်လ်သည် ၂၀၁၁က ဂျူဗင်တပ်သို့ မပြောင်းရွှေ့မီ ဘွန်ဒက်စ်လီဂါကလပ် လေဗာကူဆင်တွင် ကစားခဲ့ဖူးသူဖြစ်သည်။

ဘိုင်ယန်နည်းပြ ဂွါဒီယိုလာက မန်ယူသို့ ပြောင်းရွှေ့သွားသည့် ရှဝိန်းစတိုင်ဂါ၏ကွင်းလယ် ကွက်လပ်အား ဗီဒယ်လ်အနေဖြင့် အကောင်းဆုံးဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ အသစ်ခေါ်ယူထားသော ဒေါက်ဂလက်စ်ကော်စတာကလည်း အသက်(၃၂)နှစ်နှင့် (၃၁)အရွယ်ရှိပြီဖြစ်သည့် တောင်ပံကစားသမားနှစ်ဦးဖြစ်သော ရိဘာရီနှင့် ရော်ဘင်တို့ကို တိုးအားသက်သာရအောင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဥရောပအကောင်းဆုံးကစားသမား(၁၀)စာရင်းတွင် ဂျူဗင်တပ်မှ ငါးဦးအထိပါဝင်နေသော်လည်း ပေါ့ဘာနှင့် ဘူဖွန်တို့နှစ်ဦးသာ ကျန်ရှိတော့ပြီး ပီယာလို၊တီဗက်ဇ်နှင့် ဗီဒယ်လ်တို့မှာ အသင်းပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

**မေလှဲ့သင်း**

# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဂေါက်သီးရိုက်အားကစားသမားများ ဆုများအသီးသီးရရှိ

**ရန်ကုန် ဇူလိုင် ၃၀**

၂၀၁၅ ခုနှစ် ဇူလိုင်၂၀ ရက်မှ ၂၁ ရက်အထိ အမေရိကန်ပြည်ထောင်စုနိုင်ငံ The perfect putter 1st coast Junior open (Hurricane golf Tour) လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဂေါက်သီးရိုက်အားကစားသမားများယှဉ်ပြိုင်ခဲ့ရာ (၁၁-၁၄)နှစ် သက်တမ်းပြိုင်ပွဲတွင် မသင်းဝေခိုင်က (ပထမ)၊ (၁၁-၁၂) နှစ် သက်တမ်းပြိုင်ပွဲတွင် မောင်ကောင်းမြတ်ကျော်က (ဒုတိယ)နှင့် မောင်မင်းသံလွင်အောင်က (တတိယ)၊ (၁၅-၁၈)နှစ် ပြိုင်ပွဲတွင် မောင်ဇင်အောင်မင်းက အဆင့်(၄)၊ မဝင့်ဖူးနဒီအောင်က အဆင့် (၅)နှင့် မပွင့်ဖူးနဒီခိုင်က အဆင့် (၁၂)၊ (၁၃-၁၄)နှစ် ပြိုင်ပွဲတွင် မောင်စိုင်းအောင်စိုင်ဖက အဆင့် (၇)အသီးသီးရရှိခဲ့ကြ၍ ဇူလိုင် ၂၈ ရက် နံနက် ၂ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြည်လည်ရောက်ရှိသည်။

မြန်မာနိုင်ငံမှ ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှတာဝန်ရှိသူများသည် လူငယ်အားကစားသမားများအားပြုစုပျိုးထောင်၍ နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်လျက်ရှိကြောင်းသိရသည်။ **(ကြေးမုံ)**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး




(၃၁-၇-၂၀၁၅ ထွက်ပြီ)

- မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲရေး နိုင်ငံတကာ ပူးပေါင်းမှုတွေ ပိုလုပ်ဖို့ ကမ်းလှမ်း
- ကျောင်းစိမ်းလေးတွေနဲ့ လွယ်လွယ်ဝယ်လို့ရတဲ့ ဝိုင်
- လုပ်ငန်းရှင်တွေ အမတ်လုပ်ပြီး အမြတ်ထုတ်မှာစိုးရိမ်
- မြို့မြေအသုံးချမှုစနစ် ရန်ကုန်တောင်ဘက်ခြမ်း ရေးပြီးဟုဆို
- သူရဦးရွှေမန်း၊ သမ္မတဦးသိန်းစိန် ရွေးကောက်ပွဲ အကျပ်အတည်း
- လွှတ်တော်အမတ်လောင်းတွေ ဖြေပါ
- ရန်ကုန်တိုင်းဒေသကြီးကနေ ရွေးကောက်ခံမယ့် အမတ်တွေ ဖြေရှင်းရမယ့် ပြဿနာလေးခု

HTOO Car Rental


**အမည်ပြောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ သလ္လာဝတီလမ်း၊ အမှတ်-၉/ခ(၂) နေ ဦးကျော်ဝင်း-ဒေါ်မော်မော်အေး တို့၏ သမီး ရန်ကုန်မြို့၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC) ဒသမတန်း(B)မှ မမေဖူးကျော်အား မမိုးယုနန္ဒာဟု ပြောင်းလဲခေါ်ပါရန်။ **မမိုးယုနန္ဒာ**

**အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျိုက်သလဲကျေးရွာတွင်နေထိုင်သူ အဖ ဦးသိန်းအောင်၊ အမိ ဒေါ်ခင်လှ၏သား ဦးသန်း စိန်[၁၂/တတန(နိုင်)၀၆၁၄၈၂]၏ အမည် မှန်မှာ ဦးစံလှ ဖြစ်ပါသည်။

**t wziwi'ac , ci;**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာနအောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား (Lot) အလိုက် ဝယ်ယူရန်(မြန်မာကျပ်ငွေဖြင့်) တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသည်။

| Lot No | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1(a) | R.O Membrane (Part No-8222 HR-400) | 54 Nos |
| (b) | Main Shaft(Model No.LRA 650 425SS) | 1 No |
| (c) | Fan Blade (Model N0.59/07/H3/6700) | 1 Set |
| (d) | Universal Cup (Membrane Tube end Cup For Model-BEL 8-S-450RO 8 INCH DIAMETER) | 2 Nos |
| 2(a) | $CO_2$ Analyzer AO 2020 | 1 No |
| (b) | Oil Separator Kit (Part No.2906 0752 00) | 6 Sets |

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၃-၈-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၈-၂၀၁၅ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀**

# ရာဇဝင်များထဲက ပျူသုံးမြို့

ခင်ညိုညို (ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ရာဇဝင်အစောင်စောင်တို့ကို ညောင်ရမ်းခေတ်မှစ၍ ရေးသားပြုစုခဲ့သည်မှာ ယခုခေတ်တိုင်အောင် ရေးသားနေကြဆဲဖြစ်သည်။ မြန်မာ့အဘိဓာန်၌ ရာဇဝင်ဆိုသည်မှာ မင်းဆက် မင်းစဉ် အကြောင်းအရာမှတ်တမ်းကို ရာဇဝင်ဟုခေါ်သည်။ ပါဠိရာဇဝံသမှ ဆင်းသက်လာပြီး အနွယ်တူမင်းဆက်ဟူသော အဓိပ္ပာယ်ရပါသည်။ ရာဇဝင်ဟုဆိုရာတွင် သဝတ္ထုကရာဇဝင်နှင့်အဝတ္ထုက ရာဇဝင်ဟူ၍ နှစ်မျိုးရှိရာ ကျောက်စာ၊ ကြေးစာ၊ အုတ်ခဲစာစသော သက်သေခံရှိသော ရာဇဝင်ကို သဝတ္ထုကရာဇဝင်ဟုခေါ်၍ ဝတ္ထုပစ္စည်းသက်သေခံမရှိသော ရာဇဝင်ကို အဝတ္ထုကရာဇဝင်ဟု ခေါ်လေသည်။ ဤလောက၌ သက်သေသာဓကမပြနိုင်သော်လည်း ဘိုးဘွားစဉ်ဆက်လက်ခံလာသော အကြောင်းအရာများစွာရှိလေသည်။

ရှေးမြန်မာရာဇဝင်မှတ်တမ်းများအရ ပျူတို့သည် ပထမဆုံးသော ပျူနိုင်ငံတော်ကို ခရစ်မပေါ်မီ နှစ်ပေါင်းများစွာကပင် တည်ထောင်နေထိုင်ခဲ့ကြကြောင်း သမိုင်းရာဇဝင်များကဆိုကြသည်။ ပျူမြို့ရွာများအဖြစ် မြို့ကြီးငါးမြို့နှင့်ပြည်နယ် ၁၈ ပြည်နယ်အထိ ထူထောင်နေထိုင်ခဲ့သည်ဟုဆိုပါသည်။ ရှေးဟောင်းရာဇဝင်များ၌ ပျူနိုင်ငံတော်များအဖြစ် တကောင်းနှင့်သရေခေတ္တရာတို့ကိုသာ အကျယ်တဝင့်ဖော်ပြကြ၍ ဗိဿနိုးမြို့နှင့် ဟန်လင်းမြို့တို့အကြောင်းကိုကား ရာဇဝင်ကြီးများတွင် အနည်းငယ်မျှသာ ဖော်ပြသည်ကို တွေ့ရသည်။ သို့သော်လည်း မျက်မှောက်ခေတ် ရှေးဟောင်းသုတေသီတို့၏ လေ့လာတွေ့ရှိချက်များအရ ပျူတို့၏ မြို့ပြတည်ထောင်နေထိုင်ခဲ့ကြပုံမှာ အတော်ပင်ရုပ်လုံးပေါ်လာပြီဖြစ်သည်။ ထိုသို့ခေတ်မီသုတေသနပြု လေ့လာတွေ့ရှိ ချက်များနှင့် ရှေးခေတ်ရာဇဝင်တို့၏ သမိုင်းကြောင်းဖော်ပြပုံတို့မှာ ကွာခြား၍ ဒဏ္ဍာရီဆန်လှပါသည်။ ထိုဒဏ္ဍာရီဆန်လှသော ရှေးဟောင်းပျူသုံးမြို့ဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့်သရေခေတ္တရာမြို့တော်တို့၏ ရာဇဝင်သမိုင်းကြောင်းအရ စိတ်ဝင်စားစရာကောင်းပုံကို လေ့လာတင်ပြလိုပါသည်။

## ဟန်လင်းမြို့တော်

ဟန်လင်းမြို့တော်၏ သမိုင်းကြောင်းသည်လည်း ကျောက်စာ၊ သမိုင်း၊ လက်ာများ၌ကား အကျဉ်းမျှတွေ့ရ ပေသည်။ စစ်ကိုင်းမင်း၏ အချီတော်ဝန် နေမျိုးကျော်စွာက မြန်မာသက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် ဝက်လက်မြို့နယ် ဟန်လင်းကြီးမြို့ဟောင်း ရွှေဂူကြီးစေတီရင်ပြင်၌ လှူဒါန်းထားသော ခေါင်းလောင်းစာတွင် ဟန်လင်းမြို့အကြောင်းကို **"ရွှေခါသရော်၊ ကရပေါ်မင်းမှစ၍ သက်ဆင်းပျူမင်းအစပြုံးမင်းအဆုံး၊ ရုံးခဲ့ရှစ်ရာမင်းတို့ ပျော်ရာ ဟံသာနဂရ၊ မြို့ကား ၉ ပါးအံ့ရာပြည့်စုံစွာလျက်၊ ရတနာမိုး မစိုးမရိမ် ကြိမ်ကြိမ်ကြိုးကာများစွာ ရွာဘူးလေပြီ၊ ရာသီ ၁၂ ရပ်မလပ်ပျံ့မွှေး၊ သလေးနတ်ကောက်တို့ဖြင့် ပြွမ်းလျက်တောင်မျက်နှာက၊ အင်းမနက် ကျယ်ချီးဘွယ်များစွာ မန္တာဂီရိအိုင်ကြီးအတူ၊ ဟူလည်းမယွန်း၊ ရဲဝန်တောင်တောလွန်သာမော ၏ တပေါ်ဒါန မန္တာမြစ် ၂ စင်းလည်းမယွင်းအတူ စီးဆင်းသောဟူသို့ရေပူရေအေး မထွေးမရှက်ဆုံလျက် ပေါင်းကာ ဖျာစီးကြလေသတည်း ယင်းသည် ဟံသာနဂရ ဟန်လင်းမြို့နှိုက်"** ဟူ၍ ဟန်လင်းမြို့၏ အံ့ဖွယ်ထူးခြားချက်များ အပါအဝင် ဟန်လင်းမြို့အကြောင်းကို အကျဉ်းချုပ်ဖော်ပြပါရှိလေသည်။ ထိုအတူပင် ဘိုးတော်ဘုရားလက်ထက် စည်သူကျော်ထင်ဘွဲ့ခံ သာချင်းဆရာ ဦးအောင်ဖြိုး ရေးသားသည့် ဟန်လင်းမြို့ဟောင်းသမိုင်း လင်္ကာ၌လည်း "ဟန်လင်းမြို့သည် မဇ္ဈိမဒေသမှ မဟာသမ္မတမင်း၏ သားတော်ကရပေါ်မင်းသားသည် ဟန်လင်းမြို့ကိုစတင်တည်ထောင်ခဲ့ကြောင်း၊ မင်းစဉ်မင်းဆက် (၇၉၉)ပါး စိုးစံခဲ့ကြောင်း မင်းဆက် (၈၀၀)မြောက် ပျူမင်းလက်ထက်၌ ညီတော်ပြုံးမင်းဟူ၍ရှိရာ ထိုမင်းသားရယ်ပြုံးလျှင် ကောင်းကင်ယံမှ ရတနာမိုးတစ်ကြိမ် ရွာသွန်းကြောင်းနှင့် ထိုသို့ ထူးဆန်းသည့် ဂုဏ်သတင်းကို သိရှိရန် တရုတ်ပြည်မှ ဥတည်မင်းက သံစေလွှတ်ကာ စုံစမ်းစေသောအခါ ညီတော်ပြုံးမင်းသည် မရီးတော်၏ တမလွန်ဘဝ ငရဲတွင်ခံစားရမည်ကို ဇာတိသရ ဉာဏ်ဖြင့် ရှုမြင်မိ၍ မပြုံးနိုင် မရယ်နိုင်ဖြစ်နေသည့်အခိုက်နှင့် ကြုံကြိုက်နေလေသည်ကို ပျူမင်းက အမျက်သင့်ကာ အပြစ်မဲ့သော ညီတော်အား ကွပ်မျက်စေသောကြောင့်၊ ပြာပူမိုးရွာသွန်းသောကြောင့် ဟန်လင်းမြို့ကြီး ပျက်စီးခြင်းသို့ ရောက်လေသည်ဟု လင်္ကာများ၏သမိုင်းက ဤသို့ဆိုလေသည်။

ဤတွင် ရာဇဝင်ပါ ပျူမင်း၊ ပြုံးမင်းသည် ဒဏ္ဍာရီအဖြစ်ယူဆခဲ့သော်လည်း နွားထိန်းရွာ ရွှေမုဋ္ဌောဘုရား ကျောက်စာ၌ ပျူမင်းညီအစ်ကိုသည် နွားထိန်းရွာ၌ ဘုရားရှင်ရုပ်ပွားတော် သီတင်းသုံးသည့်ဂူဘုရားတစ်ဆူကို ဆောက်လုပ် လှူဒါန်းခဲ့လေသည်။ ပျူမင်းညီအစ်ကို ဆောက်လုပ်လှူဒါန်းခဲ့သော ဂူဘုရားသည် ပျက်စီးယိုယွင်း၍ ပုဂံစည်သူမင်းကြီးလက်ထက်ရောက်သောအခါ သူကြွယ် တေရာသင်နှင့် ကေူသင်တို့အား ပြင်ခွင့်ပေးကာ ထပ်မံပြုပြင်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ဤကျောက်စာ အထောက်အထားများအရ ပျူမင်း၊ ပြုံးမင်းအကြောင်းသည် မြန်မာရာဇဝင်သမိုင်းများတွင် ဒဏ္ဍာရီပုံပြင်မဟုတ်ကြောင်းကို သက်သေပြနိုင်ခဲ့ပါသည်။ ယခုမျက်မှောက်ခေတ် ရှာဖွေတွေ့ရှိနေသော ပုဂံကျောက်စာများသည်ပင်လျှင် နှစ် ၂၀၀၀ နီးပါးရှိပြီဖြစ်၍ ရှေးပုဂံခေတ်မတိုင်ခင်က မြို့ပြများ ထွန်းကားခဲ့ကြောင်းကိုလည်း ကျောက်စာအထောက်အထားများအရတွေ့ရှိ၍ ဖော်ပြခဲ့ခြင်းဖြစ်ပေသည်။

ထို့ပြင် မုံရွေးမဟာဇေတဝန်ဆရာတော်၏ စေတီယကထာရာဇဝင်ချုပ်၌လည်း ဟန်လင်းမြို့ သမိုင်းကို "နန္ဒုဇိန္ဒသမ္မတမင်းကြီးသည် ဟံသာနဂရမည်သော ဟံလင်းမြို့ကြီးကို တည်၏။ ထိုပြည်၌ မင်းတို့သည် မင်းကျင့်တရားဆယ်ပါးနှင့် အညီမင်းပြု၏။ ရတနာမိုးရွာ၏။ ပဒေသာပင်ပေါက်၏။ ထိုပြည်၌အထောင် အသောင်းမကသော မင်းဆက်တို့သည်စံနေကုန်၏။ နောင်အခါ ထိုမင်းတို့သည် အလိုဆန္ဒကြီး၍ အခွန်အတွက် အမှန်အကန်မပြု။ အလွန်အကြူးခံလေလျှင် ခိုးသားဓားပြထူ၍ မိုးလေခေါင်၏။ ငတ်မွတ်၏။ နတ်တို့မစောင့် မရှောက်သောကြောင့်လီ မိုးရွာ၏။ လိပ်သားကို စားလျှင် သေကြေပျက်စီး ၍ပြည်လုံးထိတ်လန့်ထွက်ပြေးလေလျှင် ပြည်ပျက်လေ၏" ဟုလည်းကောင်း၊ ဆက်လက်၍ နောက်ထပ်တစ်ဖန် ဟန်လင်းမြို့တော်ရှိပုံကို "ဟံလင်းအရပ်၌ ဟံသာပူရ မြို့သမုတ်၍ သူရိယဝံသမင်းတရားနှင့် အညီမင်းပြု၏။ ရွှေမိုး၊ ငွေမိုးရွာ၏။ မင်းဆက်တစ်ထောင်ကျော်တည်၍ နောက်ဆုံးမင်းတို့တွင် အမျက်မာန ဒေါသကြီး၍သူ့ဥစ္စာကို မျက်မုန်းကျိုး၏ ကုန်သည်တို့ကို နှိပ်စက်ညှင်းပန်းပြီးလျှင် အဝယ်တော်ဟု ဝယ်ယူစေပြီးလျှင် ဈေးတိုးလုပ်၍ ရောင်း၏။ နောင်အခါ နန်းတော်သို့ ဖွတ်များစွာတက်၍ ဖွတ်ကိုသတ်စားလျှင် အော့အန်၍သေလေ၏။ ကျောက်ဝက်သက်ကြီးစွာဝင်၏။ ပြည်သူတို့ ဥပဒ်ရောက်၍ ထွက်ပြေးကြလျှင် ပျက်စီးလေ၏" ဟူ၍လည်းကောင်း စေတီယကထာရာဇဝင်ချုပ်၌ ဖော်ပြလေရာ ဟန်လင်း မြို့သည် ပျူမင်း၊ ပြုံးမင်းမတိုင်မီကပင် မြို့တော်များရှိခဲ့ကြောင်းနှင့် အခြားသောမင်းများက စိုးစံခဲ့ကြောင်း၊ ရှေးခေတ်လူတို့ ပါးစပ်ရာဇဝင်အဖြစ် လက်ဆင့်ကမ်း၍သယ်ဆောင်လာသော အကြောင်းအရာများသည် တစ်ချိန်က ကျောက်စာ၊ ပေစာများ၊ရွှေ၊ ငွေ၊ ကြေးပြားစာ စသည်ဖြင့် မှတ်သားထားကြလိမ့်မည်ဖြစ်သော်လည်း နှစ်ကာလများစွာကြာရှည်ခြင်းကြောင့် ထိုသမိုင်းကြောင်း အချက်အလက်တို့မှာ ပျောက်ပျက်ပျက်စီးခြင်းသို့ရောက်၍အထောက်အထားများ မရှိတော့ခြင်းလည်း ဖြစ်နိုင်သည်။ အတိအကျမဆိုနိုင်ပေ။ ဤသည်မှာ ရှေးဟောင်းသမိုင်းရာဇဝင်များမှ ဖော်ပြပါရှိသောဟန်လင်းမြို့တော်၏ ရာဇဝင်ဖြစ်ပေသည်။

## ဗိဿနိုးမြို့တော်

အချို့သော ရာဇဝင်များအရ ပထမဦးဆုံး ပျူနိုင်ငံတော်များ "ဗိဿနိုး" ဖြစ်သည်ဟု ဆိုလေသည်။ အချို့ကား ဗိဿနိုးမြို့သည်ဘုရားမပွင့်မီ နှစ်ပေါင်း ၃၀၀၊ ဘီစီ ၉၀၀ ခန့်က တည်ခဲ့သည်ဟုဆိုလေသည်။ တောင်တွင်းကြီးသမိုင်းနှင့် ဗိဿနိုးရာဇဝင်မှအရ သာသနာသက္ကရာဇ် ၅၉ ခုနှစ်တွင် သင်းတွဲပြည်(တကောင်းပြည်)မှ မဟာသမ္ဘဝ၊ စူဠသမ္ဘဝအမည်ရှိသော မျက်မမြင်မင်းသားနှစ်ပါးကို ဖောင်နှင့်မျောရာမှ စစ်ကိုင်းအရပ်တွင် စန္ဒမုခိဘီလူးမသည် ညီနောင်နှစ်ပါး၏ စားတော်ပွဲကို ခိုးယူစားသုံးရာ ညီနောင်နှစ်ပါးက ဖမ်းမိ၍ မျက်စိနှစ်ကွင်း အလင်းရအောင် ဘီလူးမအားဆေးကုစေသည်။ ဘီလူးမ မဟာသမ္ဘဝနှင့် အကြောင်းပါ၍ သမီးငယ်ဖွားမြင်ပြီး တောအရပ်တွင် သီတင်းသုံးနေသော ရသေ့ထံမှာ ပစ်ထားခဲ့ရာ ရသေ့ကကောက်ယူကျွေးမွေးပြီး အရွယ်ရောက်သော် ကျောင်းသင်္ခမ်းနှင့် မအပ်စပ်သည်ဖြစ်၍ မီးမဖုတ်ရသေးသောအိုးကိုပေးကာ ရေခပ်ယူခိုင်းလေသည်။ အိုးငယ်သည် ရေထည့်လျှင် ကွဲပျက်ခြင်းသို့ရောက်လေသည်။ ဤသို့ ရေအိုးကွဲဖန်များသော် တောစောင့်နတ်၊ တောင်စောင့်နတ်များ ဖျက်ဆီး၍ ငါ့အိုးကွဲရသည်ဟု ငိုယိုမြည်တမ်းသောကြောင့် ယခင်ဘဝက မောင်နှမတော်စပ်ခဲ့ဘူးသော ဗိဿနိုးနတ်မင်းက သိကြားမင်းကို မေးလျှောက်လျှင် သိကြားမင်းက မိန်းမငယ်သည် "ကဿပမြက်စွာဘုရားရှင်လက်ထက်တော်တွင် လကျာတော် ရံအရှင်မြတ်အား ပေရွက်ယပ်တောင်လှူဒါန်းသော အကျိုးကြောင့် ဖြစ်လရာအရပ်တွင်မစိုက်ပျိုးဘဲ ပေပင်တို့ဖြင့် ပေါက်ရောက်ခြံရံလျက် ကနက်ထီးနန်းနှင့် မင်းခင်းကျင်းပ၍၊ ဘဝအထိုထိုအလို အတိုင်းပြည့်စုံအံ့" ဟု သိကြားမင်းက ပြောသောကြောင့် ထိုအရပ်တွင် တာလေးတောင်ပမာဏ ကျယ်သောမြို့ထီး၊ မြို့နန်း၊ တန်ဆောင်း၊ ပြအိုး၊ မြို့ရိုး၊ ကျုံးမြောင်းနှင့်တကွ ဗိဿနိုးနတ်မင်းက ဖန်ဆင်းတည်ထောင်ပေးလေသည်။ ထိုဗိဿနိုးနတ်မင်း တည်ထောင်ဖန်ဆင်းပေး၍ "ဗိဿနိုးမြို့" ဟုအမည်တွင်သည်။ ထို့ပြင် အတိတ်ဘဝက ပန်ထွာဆုတောင်းခဲ့သောကြောင့် "ပန်ထွာပြည်" ဟုလည်း အမည်တွင်သည်။ ထို့ပြင်သိကြားမင်းပေးသော အတုလစည်တော်လည်းရှိသည်။ ဤသည်မှာ ဗိဿနိုးမြို့နှင့် ပန်ထွာဘုရင်မ ဇာတ်လမ်းဖြစ်သည်။ ထိုဇာတ်လမ်းကိုပင် သရေခေတ္တရာပြည်နှင့် ဆက်စပ်၍ ရာဇဝင်များကဆိုထားသည်မှာ အခါသော် သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးသည် မြို့ပြကျေးရွာများသို့ အခွန်တော် တောင်းခံစေလွှတ်ရာ ပန်ထွာပြည်သို့ရောက်လျှင်ပန်ထွာပြည်မှမှူးမတ်တို့က အခွန်တော်အမတ်တို့ကို ထွက်ပြေးသွားစေသည့်အတွက် ဒွတ္တဘောင်မင်းမှ ပန်ထွာပြည်သို့ လာရောက်တိုက်ခိုက်လေသည်။ ပန်ထွာပြည်မှလည်း လာရောက်တိုက်ခိုက်သူတို့အား သိကြားမင်းပေးသော အတုလစည်တော်တီးလျက် ရန်ပယ်ချောင်းမှရေများ၊ လှိုင်းတံပိုးထစေပြီး ပျက်စီးခြင်းသို့ ရောက်စေသည်။ ထို့နောက်တွင် လူယုံသွင်း၍ အတုလစည်တော်အား ဖျက်ဆီးခိုင်းပြီး မြို့ကိုသိမ်းပိုက်လေသည်။ ဒွတ္တဘောင်မင်းကြီးသည် ပန်ထွာမင်းသမီးနှင့်တကွ မှူးမင်းပြည်သူတို့ကို သိမ်းယူကာ သရေခေတ္တရာပြည်သို့ ခေါ်ဆောင်သွားပြီး မိဖုရားအရာမြှောက်လေသည်။ ပန်ထွာမင်းသမီးလည်း ရှေးယခင်ဘဝ ပွေးဖို၊ ပွေးမ လက်ထက်မှ အညှိုးကြောင့် မသန့်ရှင်းသော အဝတ်ဖြင့်စီမံထားသောပုဝါကို ဒွတ္တဘောင်မင်းကြီးအားဆက်သလေသည်။ ဒွတ္တဘောင်မင်းကြီးလည်း ပုဝါအားအသုံးပြုသောအခါ မဲ့ရှင်တော်ကွယ်၍ ဘုန်းတန်ခိုးနိမ့်ပါးလေသည်။ ဤသည်ကို ဒွတ္တဘောင်မင်းကြီး၏ မှူးမတ်များကလည်း မကျေနပ်၍ ပန်ထွာမင်းသမီးအား သစ်ကြားသီးနှင့် မြေဇာဥတို့တွင် အဆိပ်ခတ်၍ ပေးလေရာ ပန်ထွာမင်းသမီး စားသုံး၍ နတ်ရွာစံလေသည်ဟု ဗိဿနိုးမြို့၏ သမိုင်းကြောင်းကို တောင်တွင်းကြီးရာဇဝင်တို့၌ အကျယ်တဝင့် ဖော်ပြထားပါသည်။ ဤတွင် ဗိဿနိုးမြို့သည် သာသနာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ပျက်စီးခြင်းသို့ရောက်လေသည်ဟု ဖော်ပြလေသည်။

တခြားသော ရာဇဝင်ကြီးများ၌ ဗိဿနိုးမြို့အကြောင်းကို အကျဉ်းမျှဖော်ပြရာတွင် မှန်နန်း ရာဇဝင်တော်ကြီး ပထမတွဲ၌ **"သာသနာတော်သက္ကရာဇ် ၆၆ ခုနှစ်တွင် ထိုမင်း၏ညီတော် စူဠသမ္ဘဝမင်း ဖြစ်တော်မူ၏၊ မိဖုရားကား မရီးတော် ဘေဒါရီတည်း၊ ဘေဒါရီကို မိဖုရားမြှောက်လျှင် အိမ်ရှေ့မင်းအဖြစ်က အလုပ်အကျွေးပြုသော စန္ဒမုခိဘီလူးမသည် ဝမ်းနည်းသောအားဖြင့် ထိုမင်းနှင့် မြင်သောသား ဗိဿနိုးကို ယူ၍ ပုပ္ပါးအရပ်မှာ ရွာပြုတည်ထောင်နေလေသည်"** ဟု ဆိုပါသည်။ တောင်တွင်းကြီးသမိုင်း၊ လင်္ကာနှင့်မှန်နန်းရာဇဝင်တို့၌ပင် ဗိဿနိုးမြို့၏ သမိုင်းကြောင်းလည်း အကြောင်းအရာအားဖြင့် ကွဲပြားခြားနားနေသည်ကိုတွေ့ရသည်။ ထို့ပြင် အခြားသော ရာဇဝင်သမိုင်းမှတ်တမ်း စာအုပ်များ ၏ အမြင်ကိုတင်ပြရသော် မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်း ဒုတိယတွဲ၌ **"ပန်ထွာပြည်ဆိုသည်မှာ ကျည်းပြည်ကိုပင်ဆိုလိုသည်။ ပန်ထွာပြည်သီးခြားရှိသည်မှာ ရာဇဝင်တိုင်းမှာ ပါရှိမကများစွာသော စာပေအမှတ်အသားများတွင် ပါရှိလေသည်"**ဟု ဆိုထားပါသည်။

**ဗိဿနိုးပြည်ဟူသည်ကား ဗိဿတိုးဆိုသောစကားနှင့် အလားတူပင်တည်း၊ တောင်တွင်းကြီးမြို့အနီးတွင်ရှိသော ဗိဿနိုးမြို့ဟောင်းကိုပင် ထင်ယူရန်ရှိသည်။ ထိုဗိဿနိုးမင်းသမီးကို ဒွတ္တဘောင်မင်းက အလယ်နန်းမိဖုရားထားသည်ဟု သရေခေတ္တရာ ရာဇဝင်မှလာသည် သရေခေတ္တရာပြည်မှ တစ်ပါး သီးခြားမင်းလုပ်အုပ်စိုးသော နေရာရှိသည်မှာ သိသာသည်"**ဟု ဖော်ပြထားသောကြောင့် ဗိဿနိုးနှင့် သရေခေတ္တရာသည် ခေတ်ပြိုင်ဖြစ်ကြောင်း ဆက်စပ်တွေးတောနိုင်ပါသည်။ **"ဗိဿနိုးမြို့" "ပန်ထွာပြည်"** ဟုခေါ်သော အခေါ်အဝေါ်များ၊ အမည်များနှင့်စပ်လျဉ်း၍ တိကျသော အထောက်အထားများ မတွေ့ရှိရသော်လည်း ဒဏ္ဍာရီစကားများကိုကား ရာဇဝင်အစဉ်အဆက်က လက်ခံလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

## သရေခေတ္တရာမြို့တော်

"သရေခေတ္တရာ"မြို့ကို မြန်မာရာဇဝင်များတွင် ဖော်ပြပါရှိသည်မှာ ဤသို့ဖြစ်၏ "တကောင်းမင်း သတိုးမဟာရာဇာ၏ ယောက်ဖတော် အိမ်ရှေ့မင်း ခေပဒုတသည် တိုင်းစွန်ပြည်နားတို့ကို နှောင့်ယှက်ဖျက်ဆီးနေသော ဝက်ကြီးအား လိုက်လံဖမ်းဆီးရာ ဝက်ကြီးကို အောင်မြင်ပြီးနောက် တရားသံဝေဂရသဖြင့် တကောင်းသို့ မပြန်ဘဲ သကျအင်းအရပ်တွင် ရသေ့ပြု၍နေလေသည်။ ထိုသကျအင်းအရပ်၌နေသော ပျူမိဖုရား နန်းခမ်းနှင့်ပျူလူမျိုးတို့က ကြည်ညိုကိုးကွယ် ကြလေသည်။ ရသေ့ကြီးသည် သမင်မက မွေးသော ဗေဒါရီမိန်းကလေး အား မွေးစား၍ ဗေဒါရီအရွယ်ရောက်သောအချိန်၌ တကောင်းမှတူတော်မင်းသား စူဠသမ္ဘဝနှင့်မဟာသမ္ဘဝတို့မှ မဟာသမ္ဘဝကို ဗေဒါရီနှင့်စုံဖက်တော်မူ၏။ ထို့နောက် ပျူမိဖုရား နန်းခမ်းနှင့်တကွ ခြွေရံသင်းပင်းတို့၌ မင်းမရှိသည်ဖြစ်၍ မဟာသမ္ဘဝအားမင်းအဖြစ် သဘောတူကြပြီး မြို့ကိုလည်း ရသေ့မြို့ဟုသမုတ်၍ မင်းပြုစေသည်။ ဤတွင်မဟာသမ္ဘဝလွန်လျှင် ညီတော်စူဠသမ္ဘဝမင်းဖြစ်ရာ ဗေဒါရီကိုပင် မိဖုရားမြှောက်၍ ရသေ့မြို့ကိုချဲ့၍ သရေခေတ္တရာပြည် တည်လေသည်။ ထိုမင်းလွန်လျှင် သရေခေတ္တရာမြို့တော်ကို ဒွတ္တဘောင်မင်းသည် ဖိုးဦးတောင်၌ မြတ်စွာဘုရားဗျာဒိတ်ထားတော်မူခဲ့သည့်အတိုင်း ဂဝံပတေ့ရသေ့၊ သိကြားမင်း၊ နဂါးမင်း၊ ဂဠုန်၊ စန္ဒီပရမေသွရာတို့မှ ပူးပေါင်း၍ အချင်းအားဖြင့် တစ်ယူဇနာ၊ အဝန်းအားဖြင့် သုံးယူဇနာရှိသော တံခါးကြီးသုံးဆယ့်နှစ်တံခါး၊ တံခါးငယ်သုံးဆယ့်နှစ်တံခါး၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ တန်ဆောင်း၊ ပြအိုး စသော မြို့၏အင်္ဂါများနှင့်အညီ ထူးဆန်းတင့်တယ်လှစွာသော "သီရိခေတ္တရာ"မြို့ကို သာသနာနှစ် ၁၀၁ နှစ်တွင် တည်ထောင်တော်မူသည်။ ဒွတ္တဘောင်မင်းသည် ပျူမိဖုရား၏ သမီးတော် စန္ဒာဒေဝီနှင့် နဂါးမင်း၏သမီးတော် ဘေစန္ဒီတို့ကို မိဖုရားမြှောက်သည်။ နောင်အခါ ပန်ထွာမင်းသမီးကိုလည်း စစ်မက်ပြုကာ သိမ်းပိုက်တော်မူသည်။ ဘုန်းတန်ခိုးကြီးမား၍ လိမ္မာရဲရင့်သော အမတ်သူရဲကောင်းတို့နှင့်ပြည့်စုံ၏။ နဂါးပြည်မှ နဂါးကြေးလှေတော်နှင့်တကွ သမီးတော်ကိုပါ ဆက်သလာသည်ဟု ရာဇဝင်များတွင် ဖော်ပြပါရှိလေသည်။

သရေခေတ္တရာပြည်၏ မင်းဆက်ကိုကား ဒွတ္တဘောင်မင်းဆက်ကိုးဆက်ဟူ၍လည်းကောင်း၊ စူဠသမ္ဘဝ၊ မဟာသမ္ဘဝမှ အပါအဝင် ၁၁ ဆက်ဟူ၍လည်း ဆိုကြသည်။ ထိုမင်းတို့၏အဆုံး သီရိရာဇ်မင်းလက်ထက်တွင် သားတော်အဆက်အခံမရှိသဖြင့် တစ်ပါးသော အမျိုးကောင်းသားနှင့်သမီးတော်ကို ထိမ်းမြား၍ အိမ်ရှေ့မင်းအဖြစ်ထားရာ ငါတပါးမင်းဟုတွင်သည်။ ငါတပါး မင်းဆက် ၁၆ ဆက်တိုင် သရေခေတ္တရာပြည်တွင် စိုးစံတော်မူကြရာနောက်ဆုံးမင်းဆက်ကား သက္ကရာဇ်ဖြိုသော သုမုန္ဒရီမင်း၏သားတော် သုပညာနာဂရဆိန္နမင်းတည်း။ ထိုမင်းလက်ထက်တွင် အုပ်စိုးစဉ်တွင် တိုင်းရေးပြည်ရာမငြိမ်မသက်ဖြစ်နေရာ တစ်နေ့၌ လေပွေမုန်တိုင်းကျ၍ မိန်းမတစ်ဦး၏ "စကော" လွင့်သွားသည် ကို "ငါ့စကော၊ ငါ့စကော" ဟူ၍အော်ပြေးလေသည်။ ဤတွင် မငြိမ်မသက် ထိတ်လန့်နေစဉ်ဖြစ်ရကာ စစ်မက်ချီတက်လာသည်ဟုထင်မြင်ပြီး ပြည်သူတို့သုံးစုကွဲကာ သုမုန္ဒရီမင်းဖြို့ခွင်း ကြွင်းသက္ကရာဇ်ကို ၁၆(အေဒီ ၉၅) နှစ်တွင် သရေခေတ္တရာမြို့ကြီး ပျက်စီးလေသည်။ ရာဇဝင်များ၌ သရေခေတ္တရာပြည်ကြီး ထူထောင်သည့်နေ့မှစ၍ ပျက်သုဉ်းသည်အထိ မင်းစဉ်မင်းဆက်အကြောင်းကို ရာဇဝင်အစောင်စောင်တို့၌ ပြည့်ပြည့်စုံစုံအကျယ်တဝင့် ဖော်ပြလေ့ရှိသည်။

ဤသည်မှာ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာဟူသော ပျူမြို့ သုံးမြို့တို့၏ ရာဇဝင်ကြောင်းကို ရှေးဟောင်းသမိုင်းရာဇဝင်တို့မှ ထုတ်နုတ်တင်ပြရခြင်း ဖြစ်ပါသည်။ ယုတ္တိရှိခြင်း၊ မရှိခြင်းတို့ကား စဉ်းစားချင့်ချိန်တွေးတောရမည်သာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့မျက်မှောက်ခေတ် သုတေသနပြုလုပ်ချက်များနှင့် ယှဉ်ကြည့်လျှင် ရာဇဝင်များ၏ အဆိုသည် ပုံပြင်သဘော၊ ဇာတ်နိပါတ်သဘောဆန်ဆန်ဖြစ်လေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ သို့သော်လည်း ရှေးအဆက်ဆက်လူကြီးသူမတို့က နှုတ်ဖြင့်လည်းကောင်း၊ စာပေဖြင့် လည်းကောင်း၊ လူကြီးမှလူငယ်များသို့ လက်ဆင့်ကမ်းသယ်ဆောင်လာသော ရာဇဝင်အကြောင်းများကိုကား ပစ်ပယ်၍လည်း မရကောင်းပေ၊ ဆက်လက် မှန်ကန်သော အထောက်အထားများရရှိပြီး ရာဇဝင်များနှင့်ယှဉ်၍ သုတေသနပြုလုပ်သွားကြရမည်ဖြစ်ပေသည်။ ယခုအခါတွင် ရှေးဟောင်းသုတေသီတို့၏ ကြိုးပမ်းမှုဖြင့် ပျူမြို့တော်များသည် တိုင်းနိုင်ငံတစ်ခု၏ ပြယုဂ်အဖြစ် လူနေမှုအဆင့်အတန်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံ ကိုးကွယ်ယုံကြည်မှုစသည်ဖြင့် အဆင့်အတန်းမြင့်မားသော မြို့တော်များဖြစ်ကြောင်းကို ဖော်ထုတ်တင်ပြနိုင်ခဲ့ပြီလည်း ဖြစ်ပါသည်။ သို့အတွက် ယခုအခါ ကမ္ဘာ့အမွေအနှစ် မှတ်တမ်းစာရင်းဝင် ဖြစ်ခဲ့သော ပျူသုံးမြို့သည် ရာဇဝင်သမိုင်းကြောင်းအရ စိတ်ဝင်စားဖွယ်ကောင်းပုံကို ရှေးဟောင်းခေတ်အဆက်ဆက်လက်ခံလာသော မဟာဝင်၊ ရာဇဝင် ရာဇဝင်ချုပ်များနှင့် ရှေးဟောင်းစာပေလင်္ကာသမိုင်းတို့မှနေ၍ ထုတ်နုတ်တင်ပြလိုက်ပါသည်။ ။

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ထို့ပြင် သံမောက်တို၊ မောက်ရှည်၊ ရွှေ ချတကောင်း အဖုံးပိတ်ကိုယ်စီနှင့် ပန်းဆိုးခေါင်းပေါင်း ပေါင်းပြီးလျှင် သံမောက်တိုဆောင်းလျက် အုတ်ဂူနှင့် သွင်းထားကြောင်း စာဟောင်းတို့၌ ပါရှိ၏။

နယ်ချဲ့လက်အောက် စစ်ဘေး၊ စစ်ဒဏ်ကြောင့် နန်းမြို့ရိုးပျက်စီးမှုလည်း ထုထည်ကြီးမားခဲ့၏။ သဘာဝမိုးဒဏ်၊ လေဒဏ်ကြောင့်လည်း ပျက်စီးမှုများရှိခဲ့၏။ အချို့မှာ စာထဲပေးထဲတွင်သာ ဖတ်ရှုသိရှိရတော့သည်။ ခတ်တံခါးများ၌ရှိခဲ့သော ခတ်စည်ဆိုသည်မှာလည်း ယခု မတွေ့မြင်ရတော့ပြီ။ ရွှေမြို့တော် အရှေ့မျက်နှာ သူရဇ္ဇ ခတ်တံခါးတွင် 'ကျွန်း'စည်တော်၊ တောင်မျက်နှာ ကောလီခတ်တံခါးတွင် 'ပေါက်'စည်တော်၊ အနောက်မျက်နှာ ပါပတံခါးတွင် 'သစ်မဇ္ဈူ' စည်တော်၊ မြောက်မျက်နှာ အမြိတ္တခတ်တံခါးတွင် 'သရက်'စည်တော်များ ထားရှိကြောင်း ရှေးဟောင်းစာတို့၌ ပါရှိသည်။

အဆိုပါ စည်တော်များကို လက်ဝဲဘက်တံခါးအိုး မင်းတိုင်လက်ရုံးအတွင်း အထက်မျက်နှာကြက်၌ ဆွဲထားရသည်။ ပဟိုရ်စည်တော်၊ ခေါင်းလောင်းတော်နှင့် တစ်ပြိုင်နက်သွေးသောက်စု မြင်းသည်တော်တို့ကစ၍ တီးခတ်စေပြီးနောက် အချိန်နာရီကို မှန်ကန်အောင် နာရီအစုသား၊ တံခါးအစုသားတို့က တီးခတ်ကြရသည်။ နေထွက်နေဝင် တံခါးဖွင့်ချိန်၊ တံခါးပိတ်ချိန် ပြည်သူတို့ကို အသိပေးတီးခတ်ခြင်းလည်းမည်သည်။

**ပဟိုရ်စည်တော်**

မင်္ဂလာမင်းတြားစည်တော်ကို ရွှေနန်းတော် ရှေ့တံခါးနီတော်အတွင်း လက်ယာဘက်မြို့ ရိုးနားတွင် တန်ဆောင်းဆောက်လုပ်၍ အမိုးအကာနှင့်ထားရ၏။ မင်းတရားကြီး ခမ်းကြီးနားကြီးထွက်တော်မူမှ မင်္ဂလာစည်တော်ကို ရွှမ်းရ၏၊ အဝေးသို့ ယူဆောင်ခွင့်မရှိ။ ပဟိုရ်စည်တော်နှင့် ခေါင်းလောင်းတော်တို့မှာ မင်္ဂလာအစဉ်အလာအသုံးအဆောင်များဖြစ်ကြ၏။

နန်းမြို့တော် ရွှေတော်ယူတံခါးအထွက် အတွင်းဘက် ဝဲဘက်က တိုင်ဖြူလေးလုံးနှင့်တကွ ဆောက်လုပ်ထားသည့် ပဟိုရ်စည်တွင် မင်းညီမင်းသား၊ မှူးကြီးမတ်ကြီး၊ ပညာရှိ၊ သူဌေးသူကြွယ်၊ နေ့သင့်သားတို့ အမအစနှင့် ကောင်းမြတ်သော အခါနေ့ရက်ကို ရွေးချယ်တင်ဆွဲသည်။ ဝင်စည်တော်တီးခတ်ရသည့် အဓိပ္ပာယ်ဖြစ်သည်။ မင်းတရားကြီး ထွက်တော်မူ၍ ဝေါတော်ရွှေ့သည်ကို မြင်လျှင် ဝတ်ကောင်းနားတောင်းဘွဲ့ဖြူစလွယ်ဆင်ယင်လျက် ရွှေပြည်စိုးက စည်တော် (၁၁) ချက် တီးပေးရသည်။ (၁၁) ချက်တီးရသည့်အကြောင်းမှာ (အချိန်သင့်ပြီ ထွက်တော်မူဦးတော့ဘုရား) ဟူသော အက္ခရာစာလုံး (၁၁)လုံးတို့ဖြင့် လျှောက်ထားသည့်သဘောဖြင့် (၁၁) ချက် တီးခတ်ခြင်းဖြစ်၏။ အဂ္ဂမဟေသီမိဖုရားကြီးသားတော် ဖွားမြင်သည့်အခါတွင်လည်း ရွှေပြည်စိုးက သတင်းရလျှင်ရချင်း မင်္ဂလာစည်ကြီးတီးခတ်၍ မင်္ဂလာယူရသည်။

မြေနန်းတော်ကြီးရှေ့ သစ်တပ်ဝင်းတော်ကြီးအတွင်း ရွှေတော်ယူတံခါး တောင်ဘက်၌ စွယ်တော်စင်ကို တွေ့မြင်နိုင်ကြသည်။ ယခုထိ အကောင်းပကတိရှိသည့် နန်းတော်ကြီးရှိရာ အနောက်သို့ မျက်နှာမူထားသည်။ မုခ်ဦးလှေကားဖြင့် အနောက်ဘက်မှ တက်ရသည်။ အုတ်အင်္ဂတေတို့ဖြင့် အချိုးအစားကျကျ ဆောက်ထားသည်။ မင်းတရားကြီးကိုယ်တိုင် ပင့်ဆောင်ဖူးမြော်သော စွယ်တော်ခတ်မြတ်နှင့်အတူ ခတ်မွေတော်အပေါင်းကိန်းအောင်းရာဖြစ်၍ စွယ်တော်စင်ဟု အမည်တွင်သည်။ စွယ်တော်မြတ်ကိန်းဝပ်ခြင်းမရှိသည့်အခါ၌လည်း အခြားခတ်တော်မွေတော်များနှင့်အတူ တန်ခိုးကြီး နန်းစဉ်ဘုရားရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာဖြစ်သည်။

ပဟိုရ်စင်မှာ စွယ်တော်စင်နှင့် ရွှေတော်ယူတံခါး လမ်းမခြားလျက် မြောက်ဘက်ကွက်လပ်တွင် ပဟိုရ်စင်ဆောက်လုပ်ထားသည်။ စွယ်တော်စင်ကဲ့သို့ အုတ်အင်္ဂတေလက်ရာမြောက်စွာ တည်ဆောက်ထားသော လေးတိုင်စင်နှင့် လည်ပေါ်ပြဿဒ်ဆောင်ငယ်တွင် ထားခြင်းဖြစ်၏။ ထိုအပေါ်တွင် ပဟိုရ်စည်ကြီးနှင့် ခေါင်းလောင်းဆွဲထားရ၏။ ရွှေနန်းတော်မှ နာရီတော်မှူး၏ အချိန်တော်ကြား ငွေမောင်းသံပေးသည့်အတိုင်း နေ့လေးပဟိုရ်၊ ညဉ့်လေးပဟိုရ်အချိန်နာရီတော်ကြားတီးရ၏။

နန်းတွင်းနာရီတော်ရုံမှ အခါတော်ကြား၍ ပဟိုရ်ချိန်ကျလျှင် ပဟိုရ်ချိန်ကျလျှင် ပဟိုရ်တီးသွေးသောက်ကြီးတို့သည် ခေါင်းလောင်းဖြူ အင်္ကျီရှည်ကြီးများ ဝတ်ဆင်လျက် ပဟိုရ်စင်ပေါ်မှ ရွှေနန်းတော်ကြီးကို ဦးသုံးကြိမ်ချလျက် နံနက် ၁ ချက်တီး အချိန်ဖြစ်အံ့၊ ပထမခေါင်းလောင်း ၁ ချက်(နောင်)၊ စည်တော် ၁ ချက် (ဒိုင်း)၊ ယင်း သို့ အစဉ်အတိုင်း (၁၁) ချက်ပြည့်အောင် တီးရ၏။ ထို့အတူ မွန်းတည့် ၂ ချက်တီးအချိန် (၂၂) ချက်၊ နေ့ ၃ ချက်တီး (၃၃)၊ နေဝင် ၄ ချက်တီး (၄၄) ချက် တီးရ၏။ နောက်ဆုံး အစွန်းတစ်ချက်မှာ ခပ်ကွာကွာထား၍ ခပ်လေးလေးတီးရ၏။ ပဟိုရ်သံဖြင့် လွှတ်ရုံး လွှတ်တက်ရခြင်း၊ ဆင်းရခြင်း၊ မြို့တံခါး၊ နန်းတံခါး၊ ဖွင့် ပိတ်ရခြင်း၊ ပြည်သူတို့အား အခါကို သိစေခြင်းဖြင့် အရေးပါသော အချိန်မှုဖြစ်သည်။

စည်တော်မျက်နှာမှာ ပြောင်မဟုတ်ချေ။ တီးဘက်မျက်နှာအတွင်း စက်ဝန်းသုံးဝန်းရေး၍ အတွင်းစက်ဝန်းတွင် ရွှေနန်းတော်ကို ရှိခိုးဟန်လူ၊ အလယ်စက်ဝန်းတွင် ပဉ္စသီခနတ်သား စောင်းပိုက်ဟန်၊ မာတလိနတ်သားရုပ် ရထားနှင့် ဒဿဂီရိရုပ်၊ နဂါးသစ်ရဲ၊ ကျား၊ စွန်ရဲ၊ ခြင်္သေ့၊ ဟနုမံမျောက် 'နေ'ပုံ၊ 'လ'ပုံများ ရေးရသည်။

ပြင်စက်ဝန်းတွင် လူမျိုး(၁၁)ပါးရုပ် ရွှေနန်းတော် ရှိခိုးဟန်ရေးရ၏။ ကျော်စောသတင်း၊ စောရန်ခွင်းချိနိဂုံးဂါထာကို ဆေးစုံဖြင့် ခြယ်လှယ်ရေးရသည့်အပြင် အခြားမျက်နှာလွှမ်းဘက်၌ ရှိခိုးဟန်လူရုပ်မှအစ နတ်ရုပ်ပါရေးရ၏။ ခေါင်းလောင်းတော်မှာလည်း စာကြောင်းရေးရ၏။ တစ်ရာ့တစ်ပါးလူမျိုးများလည်း ကျော်ကြားသတင်း၊ စောရန်ခွင်းအား မငြင်းမဆန်၊ ပုန်ကန်မဝံ့ စောင်းမာန်ညွှတ်လျက်၊ အလျှံကတ်ကုံး၊ ဇမ္ဗူလုံးကို၊ သိမ်းကျုံးအုပ်စိုးတော်မူပါဘုရားဟူသော လင်္ကာနိဂုံး လက်ယာရစ်ရေးရ၏။

ဤကား နန်းတော်အနီးရှိ စွယ်တော်စင်၊ ပဟိုရ်စင် စည်တော်တို့၏ ရှေးအစဉ်အလာ ပြုမူရသော အစီအမံ များ အကျဉ်းမျှပင် ဖြစ်လေသည်။ ဘုရားဖူးပြည်သူ လေ့လာသူအချို့ အရောက်အပေါက်နည်းသော၊ မသိမသာ ကျော်လွှားသွားတတ်သော အကြောင်းအရာ သမိုင်းဝင်ဌာနအချို့ကို ဖော်ပြရခြင်းဖြစ်သည်။

မန္တလေးရွှေမြို့တော် တည်ဆောက်ရာတွင် ၁၂၁၉ ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက် နန်းမြို့တော်ကို ပန္နက်ချသည်။ နတ်တော်လဆုတ် (၄)ရက်တွင် အုတ်မြစ်ချသည်။ မန္တလေးမြို့တည်၊ နန်းတည် မင်းတရားကြီးသည် မြို့တော်ကို တည်ဆောက်ရာ၌ သိုက်စာဟောင်းများ ထွက်ဆိုသည်နှင့်အညီ သာသနာတော် ၂၄၀၀ ပြည့်မီအောင် ၁၂၁၈ ခုနှစ်၊ တပို့တွဲလမှစ၍ ပန္နက်ချခဲ့သော်လည်း မြို့တော်ဟုခေါ်ဆိုသော အုတ်မြို့ရိုးကြီးနှင့် ခုနစ်ဌာနတို့ကိုမူ မော်ကွန်းတိုင်စိုက်ထူသည့် ခုနှစ်အတိုင်း ၁၂၂၁ ခုနှစ်၊ ကဆုန်လကျမှ စတင်လုပ်ဆောင်ခြင်းဖြစ်သည်။

မြို့ရိုးအုတ်မြစ် သံတောင်တစ်တောင်၊ အုတ်ရိုးထုတစ်တာ၊ အရပ်သံတောင် ၁၅ တောင်၊ သူရဲခို သံတောင် သုံးတောင်၊ နှစ်စုအရပ် ၁၈ တောင်၊ အချင်းတာ ၆၀၀၊ လေးမျက်နှာပေါင်း ၂၄၀၀ ဖြစ်၏။ သာသနာတော်နှစ် ၂၄၀၀ အရောက် အထိမ်းအမှတ် ရည်ရွယ်ဆောင်ရွက်ခဲ့ပြီး နန်းမြို့ရွှေမြို့တော်ကြီး တည်လုပ်ခြင်းနှင့်အတူ မြို့တော်အတွင်း လေးပြင်လေးရပ်တို့တွင်လည်း အကွက်ချစီစဉ် သတ်မှတ်ပေးတော်မူ၏။ တစ်ပြလျှင် တာ ၅၀ စီထား၏။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

SEVEN ဝံ
မြေကွက်ရောင်းဝယ်ရေး
SEVEN ဝံ နဲ့ဆက်သွယ်လိုက်ပါ။
Ph: 09 - 33 333 511,
09-33 333 514, 09-33 333 644

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

um; t jreim;v on
Honda Fit/ Toyota Vitz (3L ~ 3.5 L)
Ph: 09-250266171, 09-428032251

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၃ကွက်၊ ဦးပိုင်အမှတ်(၃၅ဃ)၊ ဧရိယာ (၀. ၃၉၂)ဧကရှိ ဦးဘဆယ် အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား အမည် ဒေါ်သီရိကိုကို(အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) နိုင်ငံသားစိစစ်ရေးအမှတ်[၉/ပမန(နိုင်)၁၇၂၅၄၀]၊ အဖအမည် ဦးမြသက်စိုးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်
အမှတ်(၄)လမ်းမကြီးဘေး၊ လန(၃၉)၊ စက်မှုမြေ၊ (၁၄)ဧက။
Ph: 09-73224675,
09-976221939

ကိုယ်သန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

ဂိုဒေါင်ငှားမည်
ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ (80x200) ft ရေ၊ မီး၊ CCTV၊ သံဆူးကြိုးကာပြီး
ဆက်သွယ်ရန် Ph: 09 5018307
09 254218077

ဝန်ထမ်းအလိုရှိသည်
(၁)စတိုစာရင်းကိုင် ကျွမ်းကျင်(နယ်မှ ဝန်ထမ်း ဦးစားပေးမည်)စရိတ်ငြိမ်း မ-၂ဦး
(၂)Marketing ဝန်ထမ်း မ-၂ဦး
ရန်ကုန်ဆက်သွယ်ရန်-နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း
ဖုန်း-၀၉-၇၈၈၃၉၄၈၉၉

GLOBAL PHOENIX REAL ESTATE
Global Phoenix
09 - 260 2600 29 / 59

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဝေမင်းနောင် [၁၂/ သဃက(နိုင်)၁၅၅၉၃၉]၏ PP No.M 590864သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၀၀၆၂၇



# နှစ်စဉ်ရေကြီးရေလျှံမှုများသည့်နေရာအား မြောင်းချဲ့ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၃၀**

တာမွေမြို့နယ် ကျိုက္ကဆံလမ်းမနှင့် သမိန်ဗရမ်းလမ်းဆုံ (ဗလီထိပ်)တွင် နှစ်စဉ် ရေကြီးရေလျှံမှုများရှိခဲ့သဖြင့် ခရီးလမ်းပန်းဆက်သွယ်မှု အဆင်မပြေခြင်းများကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) မှ ရေကြီးရေလျှံမှုမရှိစေရေးအတွက် ဇွန်လ တတိယအပတ်မှစတင်၍ ကွင်းဆင်းစစ်ဆေးတိုင်းတာကာ စက်အင်အား လူအင်အားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

"ရေကြီးရေလျှံဖြစ်စေတာက ဗဟန်းမြို့နယ် မိုးမခချောင်းက အလုံးအရင်းနဲ့စီးဆင်းလာတဲ့ရေတွေ တာမွေ ၁၅၅ လမ်းထဲမှာရှိတဲ့ မြေအောက်မြောင်းသေးသေးလေးထဲကိုဝင်တော့ လမ်းပေါ်ကို ရေလျှံစေတာပါ။ အခုရေမြောင်းတွေကို အနက်ရှစ်ပေ အကျယ်ခြောက်ပေစီရအောင် ထပ်ချဲ့မယ်။ ကျိုက္ကဆံလမ်းမကြီးကိုလည်း တည့်တည့်ဖြတ်ပြီး နတ်ချောင်းထဲကို စနစ်တကျစီးဆင်းအောင်လုပ်ပေးမှာပါ" ဟု တာဝန်ခံအင်ဂျင်နီယာ ဌာနစုမှူး ဦးကြည်စန်းက ပြောသည်။

ယခုရက်ပိုင်းတွင် မိုးများသည်းထန်စွာရွာသွန်းခဲ့သော်လည်း ဗလီထိပ်မီးပွိုင့်လမ်းဆုံနှင့် လမ်းမတန်းရှိ မြေညီထပ်အိမ်ခန်းများ၌ ရေဝင်ရောက်မှုမရှိသည်ကို တွေ့ရှိရကြောင်း ယင်းအနီးတွင်နေထိုင်သူများက ပြောသည်။ **(၅၉၇)**



# ကျောင်းသုံးစာရေးကိရိယာနှင့် စာအုပ်များလှူဒါန်း

**လှည်းကူး ဇူလိုင် ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ ၃-၄ ရပ်ကွက် မူလွန်ကျောင်းခန်းမ၌ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျောင်းစာရေးကိရိယာနှင့် စာအုပ်များလှူဒါန်းသည့် အခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး နယ်စပ်ရေးရာ လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူ ၂၈၃၈ ဦးအတွက် စာအုပ် ၁၄၂၄၇ အုပ်၊ ဘောပင် ၃၃၀၀၊ ခဲတံ ၅၀၄၃ ချောင်းတို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **လှကြွယ်(ပြန်/ဆက်)**

# စစ်တောင်းမြစ်ရေထောက်ကာမိုးအဆက်မပြတ်ရွာသွန်း၍ လယ်မြေများနှင့် နေရာအနှံ့အပြား ရေဝင်နစ်မြုပ်

**ရေတာရှည် ဇူလိုင် ၃၀**

နေ့စဉ်ရက်ဆက် နေ့ရောညပါ အဆက်မပြတ်ရွာသွန်းလျက်ရှိသည့်မိုးကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးပြီးသည့် လယ်မြေတော်တော်များများ ရေဝင်နစ်မြုပ်လျက်ရှိကြောင်းသိရသည်။

ဇူလိုင် ၂၈ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းအထိ ရေတာရှည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းဝဲယာရှိ လယ်မြေများ၊ ရေတာရှည်မြို့တောင်ဘက်ရှိ နန်ချွန်ကျေးရွာဝန်းကျင်နေရာများ၊ ဝါးရုံတောကျေးရွာအုပ်စု၊ ပီတူးကျေးရွာအုပ်စု၊ အင်ဒိုင်းကျေးရွာအုပ်စုများတွင် လယ်မြေများ ရက်ရှည်ရေဝင်နစ်မြုပ်လျက်ရှိသည်။

"ဒီရက်ပိုင်းမှာ စစ်တောင်းမြစ်ရေကထောက်နေပြီ။ မြစ်ရေကထောက်နေတော့ ရေကတော်တော်နဲ့မလျော့ဘူးဖြစ်နေတယ်။ ကျွန်တော်တို့ကျေးရွာအုပ်စုမှာက ကွင်းအမှတ် ၆၄၈(က) နဲ့ ၆၄၉(ခ) ကွင်းတွေမှာ တောင်သူ ၂၁၅ ဦးလယ် ၈၇၆ ဧက လက်ရှိမြုပ်နေတာ" ဟု အင်ဒိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ပုကပြောသည်။

ယင်းအပြင် ဝါးရုံတောကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၆၅၅ ကွင်းတွင် တောင်သူ ၇၀ ဦး၏လယ်မြေ ၁၁၁ ဧက နစ်မြုပ်လျက်ရှိကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးကပြောသည်။

ယင်းနေ့နံနက်ပိုင်းကတည်းက မိုးသဲသဲမဲမဲရွာသွန်းခြင်းကြောင့် ချောင်းငယ်မြောင်းငယ်များမှ ရေများဆက်လက်ဝင်ရောက်ကာ ကျွန်းတောကုန်-နွှေပင်ကျေးရွာသွားလမ်းတွင် အရှည်ပေ ၁၅၀ ရှိ လိပ်ကြယ်တံတားပေါ် ရေနှစ်ပေခန့်ကျော်နေသည်ကို တွေ့ရသည်။

ရေဝင်ရောက်သောကျေးရွာများတွင် ကျွဲ၊ နွားများနှင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိကာ ယခုရက်ပိုင်းအတွင်း စစ်တောင်းမြစ်ရေ နေ့စဉ်မြင့်တက်လျက်ရှိပြီး စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ကျေးရွာများသည် မြစ်ရေအချိန်အခါမရွေးတက်လာနိုင်သည့်အတွက် သတိပြုကြိုတင်၍ ပြင်ဆင်ထားသင့်ကြောင်းနှင့် နေ့စဉ် မိုးလေဝသ သတင်းများကို ဂရုပြုနားထောင်ကြရန်လည်းလိုအပ်ကြောင်း ဒေသခံ ရပ်မိရပ်ဖ တစ်ဦးကပြောသည်။ **ကိုလွင်(ဆွာ)**

# ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သူတစ်ဦး နာမကျန်းဖြစ်၍လမ်းခရီးတွင် သေဆုံး

**ရေး ဇူလိုင် ၃၀**

ရေးမြို့အနောက်ဘက် ကပ္ပလီပင်လယ်ပြင် ဝါးကျွန်းအနီး ပင်လယ်ပြင်နေရာ၌ ရန်ကုန်မြို့ရှိ လှေရှင်ဦးကျော်နိုင် လှိုင်မြို့နယ်နေသူပိုင် ကျားပိုက်ငါးဖမ်းစက်လှေပေါ်မှ လှေပဲ့နင်းဦးဝင်းကိုကိုပါ ၂၈ ဦးဖြင့် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်လာရာ ရာသီဥတုအခြေအနေမကောင်း၍ ဝါးကျွန်းအနီး ဆိုက်ကပ်ထားစဉ် ဇူလိုင် ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်က လှေသားစောနေဇော် ၂၆ နှစ် မအူပင်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူသည် ရုတ်တရက်ဗိုက်အောင့်ရောဂါခံစားရပြီး ဆေးကုသရန် ဇီးဖြူသောင်ကျေးရွာဆိပ်ကမ်းသို့ ခေါ်ဆောင်လာစဉ် ပင်လယ်ပြင်လမ်းခရီး၌ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပက်သက်၍ မျက်မြင်သက်သေများနှင့်အတူ သက်ဆိုင်ရာနယ်မြေရဲစခန်းက တာဝန်ရှိသူများ သွားရောက်စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ သိရ၍ ရေးရဲစခန်းမှ အမှုဖွင့်အရေးယူထားရှိပြီး အမှုအား စခန်းမှူးဒုရဲမှူးမင်းဆွေက အသေးစိတ်စစ်ဆေးနေလျက်ရှိကြောင်း သိရသည်။ **ထွဋ်ထွဋ်(ရေး)**

# တောင်သူများ နည်းပညာဗဟုသုတကြွယ်ဝနိုင်စေရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲ ပြုလုပ်

**ချောက် ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကြောင်ယာတောကျေးရွာအုပ်စုတွင် ယမန်နေ့ မွန်းလွဲက တောင်သူများ နည်းပညာဗဟုသုတ ကြွယ်ဝနိုင်စေရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ စုစုပေါင်း ၁၆၅ ဦး တက်ရောက်ကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲတွင် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်းက ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များ၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မီမီချိုက ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းတည်ငြိမ်ကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုရေးနည်းလမ်းများ၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်းက မြေဩဇာအကျိုးရှိရှိ ထိရောက်စွာသုံးစွဲနည်းများကို ဆွေးနွေးခဲ့သည်။

ခရိုင်ဦးစီးမှူး ဦးသိန်းလွင်က စိန်တလုံးသရက်နှင့် ကျွဲ၊ နွားစာအတွက် နေပီယာမြက်စိုက်ပျိုးနည်းစနစ်များ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်က ရာသီဥတုနှင့်ကိုက်ညီသည့်သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးရမည့်နည်းစနစ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ငင်းနောက် ဟောပြောဆွေးနွေးမှုများတွင် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များအား မေးခွန်းများမေးမြန်းခဲ့ရာ တက်ရောက်လာကြသည့် တောင်သူများမှ မှန်ကန်စွာဖြေဆိုနိုင်သူများကို ဂုဏ်ပြုလက်ဆောင်များအဖြစ် ပုဆိုး၊ လုံချည်၊ ဆပ်ပြာများအား ပြန်လည်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မချို(ချောက်)**

# အုတ်ရေကန် အမိုးမိုးပေးရန် ရေခပ်သူများမှလိုလား



**မြင်းမူ ဇူလိုင် ၃၀**

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးဝေရေးလုပ်ငန်းမှ မြို့တွင်းလမ်းဘေးအုတ်ရေကန်နှင့်တွဲလျက် ရေပိုက်တပ်ဆင်ပေးထားရာ ၎င်းရေကန်တွင် အိမ်သွယ်ရေတိုင်ယူထားခြင်းမရှိသူများက ရေလာရောက်ခပ်ယူသုံးစွဲကြပြီး ယင်းရေကန်အား အမိုးမိုးပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ ယင်းရေကန်အား ခွေးအစရှိသော တိရစ္ဆာန်များမှ ဝင်ရောက်သောက်သုံးနေခြင်းကြောင့် အဆိုပါရေအား အသုံးပြုသူများအတွက် ရောဂါပိုးမွှားများနှင့် အမှိုက်များဝင်ရောက်မှု ကင်းစေရေးအတွက် အမိုးမိုးပေးစေချင်ကြကြောင်း ရေလာခပ်သူများက ပြောပြသည်။

"ဝါခေါင်လဆန်းတာနဲ့ ရွှေစောလူးဘုရားပွဲကြီးရောက်ရှိမှာမို့ အနယ်နယ်အရပ်ရပ်က ဈေးသည်များရောက်လာပြီး ဒီရေကန်ကရေကို အဓိကအားထားသုံးစွဲကြပါတယ်" ဟု ယင်းရေကန်အနီးတွင် နေထိုင်သူတစ်ဦးကပြောသည်။

"မြင်းမူမြို့က ဟင်းသီးဟင်းရွက်ဈေးပေါတာရယ်၊ လတ်ဆတ်တာရယ်၊ ဧရာဝတီ မြစ်ဆိပ်နဲ့ပွဲခင်းကပ်နေတာရယ်၊ မြစ်ရေ ပွဲခင်းထဲ ပိုက်ဆံပေးစရာမလိုဘဲ ဘယ်လောက်ခပ်ခပ် ခပ်ယူလို့ရတာရယ်ကြောင့်ပါ" ဟု ၁၂ ပွဲဈေးသည် တစ်ဦးက ပြောသည်။ **(၆၂၄)**

# ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းဖွင့်လှစ်

**ရွှေဘို ဇူလိုင် ၃၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတ၍ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်စေနိုင်ရန် ရည်ရွယ်၍ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းကို ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ဇူလိုင် ၂၅ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

ပထမအုပ်စုအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်မှ ရပ်ကျေးကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအားလည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် ဒုတိယအုပ်စုအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်မှ ရပ်ကျေးကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအားလည်းကောင်း နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းက မဟာဗျူဟာစီမံကိန်းနှင့် ယခင်ရွေးကောက်ပွဲများ၏ အားသာချက်၊ အားနည်းချက်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ခင်ရတနာက မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးဝင်းဖေက ကြိုတင်ဆန္ဒမဲပေးခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချခဲ့သည်။

ယင်းအပြင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ဇေလတ်က ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် မြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်က မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် မြို့နယ်ဥပဒေအရာရှိ ဒေါ်ကေသီလှိုင်က ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့်ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးပို့ချခဲ့ကြသည်။

ပို့ချမှုများအပြီးတွင် တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးအောင်မင်းဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **စိုးသီဟ(ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**လှိုင်းဘွဲ့ ဇူလိုင် ၃၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ငွေပင်လယ်ရှုခင်းသာကုမ္ပဏီက တာဝန်ယူပြီး ကစိုကျေးရွာအုပ်စု လှိုင်းပခေးကျေးရွာ၊ မောဝါကုန်းကျေးရွာ၊ ကိုမောင်ဝါကုန်းကျေးရွာများလျှပ်စစ်မီးလင်းရေးအတွက် ဆိုလာစနစ်အသုံးပြုနိုင်ရန်ဆောင်ရွက်နေမှုများကို ဇူလိုင်တတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးမှူးဦးသိန်းစိုးနှင့် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေးနှင့်ပြည်သူများ ဆိုလာမီးအသုံးပြုမည့် နည်းလမ်းများကိုအသေးစိတ်ရှင်းလင်းရန်မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်းကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လမ်း၊တံတား၊ ရေပွဲန်လုပ်ငန်းများအတွက် ငွေကျပ် ၉၂၇ဒသမ ၇၀၅သန်း၊ ကျေးရွာ ၁၆ ရွာတွင် ရေတွင်း၊ စိမ့်စမ်းတူးဖော်သွယ်ယူခြင်းလုပ်ငန်းအတွက်ငွေကျပ် ၁၃၈ဒသမ ၂၅ သန်း၊ ကျေးရွာ ၁၄ ရွာ မီးလင်းရေးအတွက် ငွေကျပ် ၁၄၁ဒသမ၈ သန်း၊ကျေးလက်အိမ်ရာ ၁၀ လုံးအတွက်ငွေကျပ် သန်း၃၀၊ယင်လုံအိမ်သာ ရှစ်လုံးအတွက်ငွေကျပ် ၁၈ ဒသမ ၄ သန်း စုစုပေါင်းငွေကျပ် ၁၂၅၆ ဒသမ ၁၅၅ သန်းဖြင့်ဆောင်ရွက်လျက်ရှိသည်။ **(ပြန်/ဆက်)**

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

သူတို့မလာနိုင် မလာချင်တဲ့ အရပ်ကိုး၊ ဒီတော့ ဆရာနဲ့ မောင်စောနောင်တို့က ဘောကျော်နဲ့ ဘောသောအဖြစ်နဲ့ ကင်းချောင်းကို ဖြတ်ပြေးကြစို့လား၊ ဟိုဘက်ကျမှ တို့ညီအစ်ကိုဆက်ရန်ဖြစ်ကြရအောင်လား"

မောင်စောနောင်က သူ့ကိုယ်သူ ကောင်းကောင်းကြီး အငိုက်မိခံလိုက်ရသည်ဟု ယူဆသည်။ သူ့ထက် အသက်ကြီး၍ သူ့ထက်အတွေ့အကြုံများကြီး သူ့ထက်ပညာတတ်သူတစ်ဦးကို သွားစမိသောကြောင့် ခံလိုက်ရသည်ဟု မကျေမချမ်း မှတ်လိုက်မိသည်။

သို့ရာတွင် ဆရာကိုထွန်းငွေခေါ် မောင်ညိုမှိုင်းရှိသေးသည်။ ထိုအခါကျမှ. . . ထိုအခါကျမှ. . .။

မောင်စောနောင်က သူ့စက်ဘီးကို သူထမ်း၍ ရှေ့မှသွားသည်။ ကိုသက်ခိုင်က နောက်မှလိုက်၏။

ကင်းချောင်းကို ကူးလိုက်ကြ၏။

ကင်းချောင်းတစ်ဖက်မှ လူနေအိမ်စုတို့သည် မကွေးရွှေမြို့တော်၏ ဇနပုဒ်လက္ခဏာများကို ပြည့်ဝစွာဖော်နေ၏။

တိုက်တာအိမ်ကြီးတို့ မရှိဘဲ တဲတို့သာ များ၏။ လူတို့ကား. . . မိန်းမသားတို့က ထဘီရင်ရှားထားသည်။ အင်္ကျီမဝတ်။ ယောကျ်ားတို့က ကိုယ်အထက်ပိုင်းဗလာ၊ ပုဆိုးညိုညိုညစ်ညစ်တို့ကိုမူ စည်းထားကြ၏။

နံပိန်၍ အမွေးခြောက်သော ခွေးဝင်စားများကို တွေ့ရသည်။ လွတ်လပ်စွာ အစာကောက်စားနေသော ကြက်ဖ၊ ကြက်မ၊ ကြက်ငယ်များကို မြင်ရသည်။ ပူအိုက်၍ ရေခန်းသော ရာသီကို မကျေနပ်ရကောင်းမှန်း မသိ။ ပျင်းတိ ပျင်းတွဲ လမ်းလျှောက်နေသော ဘဲအချို့ကို မြင်ရ၏။ ဝက်ပေါက်စတစ်ကောင်က မြောင်းဘေးချုံရိပ်တွင် မှိန်းအိပ်ငိုက်နေရာမှ ကိုသက်ခိုင်တို့ကို မျက်လုံးတစ်ချက် ဖွင့်ကြည့်သည်။ ထို့နောက် ပြန်မှိန်းအိပ်ငိုက်လေ၏။

အိမ်အချို့က မြစ်ကမ်းနဖူးတွင် မြစ်ကို ကျောခိုင်းလျက်တည်နေ၏။ အိမ်အချို့ကား အတွင်းပိုင်း၌ ရှိနေ၏။

အတွင်းပိုင်းရှိ ခြံဝင်းတစ်ခုတွင်းမှ မကြီးမငယ် သက်ငယ်မိုး၊ ထရံကာ ခြေတံရှည် အိမ်တစ်လုံးဆီသို့ မောင်စောနောင်က ကိုသက်ခိုင်ကို ခေါ်သွားသည်။

အိမ်အောက်၌ သစ်တုံးကို ထွင်းထားသော ခွက်ရှည်တစ်ခုအတွင်း၌ ဆန်ကွဲ၊ ဖွဲနု၊ ထမင်းရည်နှင့် ဟင်းသီးဟင်းရွက် အကြွင်းအကျန်များကို ရောစပ်နယ်နေရာမှ လူရွယ်တစ်ဦးသည် ကိုသက်ခိုင်တို့ကို သမင်လည်ပြန်လှည့်ကြည့်၏။

"ဟေ့ကောင်ကြီး. . . ထွန်းငွေ၊ မောင်ညိုမှိုင်း"

ကိုသက်ခိုင်က ဝမ်းသာအားရစွာ လှမ်းခေါ် နှုတ်ဆက်သည်။

ဟေ့ကောင်ကြီး ထွန်းငွေခေါ် မောင်ညိုမှိုင်းက အံ့အားသင့်သွားသည်။ ထို့နောက် သူ့လက်များကို လျင်မြန်စွာ ပွတ်ပြီး ခါလိုက်၏။ လက်များ၌ ကျန်သမျှသော အရည်၊ အချွဲ၊ အဖတ်များစင်အောင် ပုဆိုးနှင့် သုတ်ပစ်လိုက်၏။ လက်ဖဝါးများကို တင်ပါး၌ သုတ်ရင်းတုံ့ပြန်နှုတ်ဆက်သည်။

"ဟေ့ကောင်. . . သက်ခိုင်၊ အေး. . . မင်း လာမယ်ဆိုတာ ငါသိသားပဲ၊ ငါ ဘဲသားဟင်း ချက်ကျွေးမယ်ကွ"

ထွန်းငွေ၏ အောက်ပိုင်း၌ ပုဆိုးတိုတို စည်းထားသည်။ အထက်ပိုင်း၌ အင်္ကျီမရှိ၊ အင်္ကျီမရှိသောကြောင့် ထင်ပေါ်သော နံရိုး၊ မဆူဖြိုးသော်လည်း စူတူတူ ငေါနေသော ဝမ်းဗိုက်၊ ပိန်ကပ်ကပ် ရင်ဘတ်၊ အထင်သား မြင်နိုင်သော ပုခုံးကော်လာအရိုး၊ လည်ပင်းရှည်ရှည်မှ ပြူးထွက်နေသော စလုတ် အားလုံးကို မြင်နိုင်၏။

ဆံပင်ကေက ရှည်၍ ညှဉ်းသိုးသိုးဖြစ်နေသည်။ နှုတ်ခမ်းနှင့် မုတ်ဆိတ်မွေးများက မသန်သော်လည်း မရိတ် မနှုတ်သောကြောင့် စုတ်ပြတ်ပြတ် ကျိုးကျဲကျဲ ငေါက်တောက်တောက် ပြူထွက်နေ၏။




အနီသို့သော သွင်ပြင်လက္ခဏာအပေါင်းနှင့် အရပ်မရှည်တရှည် လက်ပြင်ကုန်းကုန်းနှင့် ထွန်းငွေခေါ် မောင်ညိုမှိုင်းသည် တောက်ပပြုံးရွှင်သော မျက်လုံးမျက်နှာတို့နှင့် ကိုသက်ခိုင်ကို ဆီးကြိုပြီး နေရာထိုင်ခင်းပေး၏။

နေရာထိုင်ခင်း ပေးသည်ဆို၍ အထူးနေရာထိုင်ခင်းကား မဟုတ်။

အိမ်အောက်ထပ်၌ ကွပ်ပျစ်တစ်လုံး ရှိသည်။ ကွပ်ပျစ်၏ အခင်းကား ဝါးကြမ်းများဖြစ်ပြီး အထိုင်ခံရဖန်များသောကြောင့် အရောင်ဆီ တင်ပွတ်ထားဘိအလား ဝါဝင်းပြောင်လက်နေသည်။

ပထမသော် ထွန်းငွေသည် နီးချောဖျာစုတ် တစ်ချပ်ကို ယူလိုက်သေးသည်။ သို့ရာတွင် နီးချောဖျာစုတ်မှာ မည်းပေညစ်တူးနေ၏။ ထွန်းငွေသည် စေတနာကောင်းစွာနှင့် ဖျာ စုတ်ကို ကွပ်ပျစ်ခြေတိုင်၌ ရိုက်ခါလေရာ ဖုန်ခိုးလူလူထွက်၍ နှာခေါင်းများကို လာကလိသည်။ ကိုသက်ခိုင်က အချိန်မီ နှာခေါင်းကို လက်ကိုင်ပဝါနှင့် ပိတ်မိသောကြောင့် ဘာမျှ မဖြစ်သော်လည်း ထွန်းငွေနှင့် မောင်စောနောင်တို့မှာ ပြိုင်တူ ချေကြရ၏။

ထွန်းငွေသည် ဖျာကို မြေကြီးပေါ်သို့ လွှင့်ပစ်လိုက်ပြီး ရယ်၍ ပြော၏။

"ဒီအတိုင်းပဲ ထိုင်တော့ကွာ၊ အခင်းက ပြောင်နေသားပဲ၊ ဖျာပေါ် ထိုင်ရင် ကြမ်းပိုးအထိုးခံနေရဦးမယ်"

ကိုသက်ခိုင်က ကွပ်ပျစ်ထက် ထိုင်လိုက်၏။ မောင်စောနောင်ကမူ ခွင့်တောင်းသည်။

"ဆရာဦးသက်ခိုင်ရော. . . ဆရာဦးထွန်းငွေရော ကျွန်တော့် ခွင့်ပြုဦး၊ အိမ်ပြန်ဦးမယ်"

ထွန်းငွေကသာ ပြန်မေးသည်။

"ဟ. . . ပြန်တော့မလို့လား၊ စကားလေး ဘာလေး ပြောဦးလေ"

"ပြန်လာခဲ့ပါ့မယ် ဆရာ၊ အခု အဖေ့ကို ထမင်းကျွေးချိန်ရောက်နေလို့၊ ဩော်. . . ဦးသက်ခိုင် ကျွန်တော့်အိမ်ဘက်လည်း လာလည်ပါဦး၊ နီးနီးလေးပါ"

"အေး အေး. . . မောင်စောနောင်၊ ဆရာ လာဖြစ်အောင် လာခဲ့ပါ့မယ်"

မောင်စောနောင် ထွက်သွားသောအခါ ကိုသက်ခိုင်က ထွန်းငွေကို မေးသည်။

"နေပါဦး. . . မောင်ညိုမှိုင်းရ၊ မင်းကို မောင်စောနောင်က ဆရာတပ်ခေါ်တာ ငါ သတိပြုမိတယ်၊ ဘာလဲ. . . မင်းက သူ့ကို စာပြပေးနေလို့လား"

"မဟုတ်ပါဘူးကွာ၊ ငါက အင်တာ(ဥပစာတန်း)မှ မအောင်တာ၊ သူကလည်း အင်တာ ဆက်ကျနေတဲ့လူ၊ ဘယ်လို စာပြပေးနိုင်မှာလဲ၊ ဆရာလို့ သူခေါ်တာက ဟီး. . . ဟီး. . . အဟဲ. . . ဟိုဟာကြီးတွေကြောင့်"

ကွပ်ပျစ်ခေါင်းရင်း၌ ပွတ်လုံးတိုင် ခြေထောက်တပ် စားပွဲဟောင်းတစ်ခုရှိသည်။ ခြေထောက်တစ်ဖက်မှာ ကျိုး၍ တိုနေသောကြောင့် အုတ်ခဲခုထားရ၏။ စားပွဲထက်၌ ဖုန်တက်နေသော စာအုပ်ပုံတစ်ပုံ ရှိသည်။

ကိုသက်ခိုင်သည် နေရာမှထ၍ စာအုပ်များကို ကြည့်မိသည်။ ကြည့်မိသည်ခဏ၌ ဤစာအုပ်များမှာ ထွန်းငွေ တက္ကသိုလ်ကျောင်းသားဘဝ ရှိစဉ်ကတည်းက ကိုးကွယ်ထားသော ကျမ်းများဖြစ်ကြောင်း ကိုသက်ခိုင် မှတ်မိသည်။

"ဗွီ. အိုင်. လီနင်"၏ လက်ရွေးစင်ကျမ်းများ၊ စတာလင်၏ လီနင်စာအုပ်၊ လူရှောက်ချီ၏ ကွန်မြူနစ်ကောင်းဖြစ်နည်း နိသရည်း၊ ကား(လ်)မတ်(စ်)၏ ကက်ပီတယ်(လ်) ကျမ်းကြီး၊ အိန်ဂျယ်(လ်)၏ အင်တီဂျူရိန်းစာအုပ်နှင့် သိပ္ပံနည်းကျနှင့် စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒကျမ်း၊ ဂေါ်ကီ၏ အမေဝတ္ထု၊ မတ်ဇစ်ဂလောဆရီခေါ် မတ်(စ်)ဝါဒ ဝေါဟာရ အဖွင့်ကျမ်း စသည့် လက်ဝဲပိဋကတ်တို့ပေတည်း။

ယခင်က ဤကျမ်းကြီး၊ ဤစာအုပ်ကြီးတို့သည် ထွန်းငွေ၏ ပြည်ကျောင်းဆောင်အခန်းတွင်း၌ ခုတင်ခေါင်းရင်းတွင် ခံ့ညားစွာ စံနေခဲ့ဖူး၏။ ယခုမူ မြေပြင်ထက် ခြေတစ်ဖက် ကျိုးနေသော စားပွဲပေါ်တွင် သိမ်ငယ်စွာ အိမ်နိမ့်စံနေတော်မူရ၏။

ကိုသက်ခိုင်သည် ကွပ်ပျစ်၌ ပြန်ထိုင်ရင်း မေး၏။

"မင်းကွာ. . . ဒီစာအုပ်တွေကို ဒီလိုပဲ ပစ်စလက်ခက် ထားရသလား" ထွန်းငွေက ကိုသက်ခိုင်ကို ပြုံးစိစိ ကြည့်နေပြီးမှ ပြန်မေး၏။

"ဘာလဲ. . မင်းက ဝမ်းနည်းနေလို့လား၊ မင်းဝမ်းနည်းတယ်ဆိုတာ ငါယုံလိုက်ရမလား"

"မယုံချင်နေပါ သူငယ်ချင်းရာ၊ ဒါပေမဲ့ စာအုပ်က စာအုပ်ပေါ့၊ ရိုရိုသေသေတော့ ထားသင့်ပါတယ်"

"ဟကောင်ရ. . ရိုသေလို့ ဒီလိုထားတာပေါ့၊ မတ်(စ်) ဝါဒဆိုတာဟာ မြေကြီးနဲ့ နီးစပ်ရတယ်၊ ဒါကြောင့်မို့လည်း ငါက ဒီစာအုပ်တွေကို အိမ်ပေါ် မထားဘဲ မြေကြီးပေါ်မှာ ချထားတာ။ ဒို့ထက်ဂုဏ်ပြုနည်း ရိုသေနည်းရှိသေးသလား"

ထွန်းငွေက အလွန်ရိုးသားသော မျက်နှာထား၊ လေသံတို့နှင့်ဖြေသည်။ သူ့မျက်လုံးများကမူ ရယ်မောနေကြ၏။

"အေးလေ. . ထားပါတော့၊ အဲဒါနဲ့ မောင်စောနောင်က ဆရာလို့ ခေါ်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ပါသော်ကော. . မောင်စောနောင်နဲ့သူ့ကောင်လေးတွေက ဒီစာအုပ်ကြီးတွေ လာလာငှားတယ်၊ နားမလည်ရင် ငါနဲ့အဲ ဟိုသင်း. . လာလာဆွေးနွေးသပေါ့ကွာ၊ မင်းလည်းငါ့အကျင့်သိသားပဲ၊ အဲဒါမျိုး ပြောရရင် ပါးစပ်ထဲက အမြှုပ်စီအောင် ပြောချင်တာမျိုး မဟုတ်လား၊ အဲဒါနဲ့ မောင်စောနောင်နဲ့သူ့ကောင်လေးတွေက ငါ့ကို ဆရာခေါ်ကြတယ်"

ကိုသက်ခိုင်က ထွန်းငွေကို အကဲခတ်ကြည့်သည်။ ထွန်းငွေ၏ မျက်လုံးများက ရယ်နေကြသည်။ မျက်နှာ ကမူ တည်နေ၏။ ပိန်ကပ်သော သူ့ရင်ဘတ်များကမူ နိမ့်လိုက်မြင့်လိုက်ရှိနေသည်။ စိတ်တွင်း၌ ကျိတ်ရယ်နေ သလော၊ ငိုနေသလော မသိ။ ထွန်းငွေကို ငိုနေသလော. . . ရယ်နေသလော. . အဟုတ်ပြောနေသလော. . နောက်ပြောနေသလောဟု အကဲခတ်ရခက်မှန်း ဟိုစဉ်ကတည်းက ကိုသက်ခိုင် သိပြီးဖြစ်သည်။ သို့မဟုတ် မသိပြီးဖြစ်၏။

"မင်းကကော. . အဲဒါတွေ ဆက်ပြောနေတာ ယုံသေးလို့လား. . "

ထွန်းငွေက ကိုသက်ခိုင်ကို ဖျက်ခနဲ့ ပြန်ကြည့်သည်။ ဤမျက်လုံးတို့မမူ မရယ်၊ မပြုံး၊ တင်းသည်။

"သက်ခိုင်ရာ. . တက္ကသိုလ်က လက်ဝဲသမားတွေ အနက် လေဘာအီမီဂရေးရှင်းနဲ့ အင်မိုင်ဂရေးရှင်း(တစ်ပြည်မှတစ်ပြည် အလုပ်သမားဝင်ခွင့် ထွက်ခွင့်)တွေနဲ့ ပတ်သက်ပြီး အမျိုးသားအချုပ်အခြာအာဏာပိုင်ခွင့်နဲ့ လွတ်လပ်စွာရပ်တည်ခွင့်ကို နိုင်ငံငယ်တွေ ထိခိုက်နိုင်တယ်လို့ စပြောမိတာ ငါပဲမဟုတ်လား၊ အဲဒါကြောင့်လည်း ငါ့ကို ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ရှိတယ်။ ကမ္ဘာ့ဆိုရှယ်လစ်အရေးထက် အမျိုးသားရေးဦးထိပ်ပန်ဆင်သူ. . . စသဖြင့် ဝိုင်းအုပ်ကြတာ မှတ်မိသေးလား။ အင်းလေ. . . မင်းမှတ်မိပါတယ်"

"ဟုတ်ပါတယ်၊ မှတ်မိပါတယ်၊ ပြည်နဲ့တကောင်းကျောင်းဆောင်ကြားက မြက်ခင်းပေါ်မှာ . . မင်း ငါနဲ့ အေးဝင်းကို ပြောပြတာလေ၊ ငါရော. . အေးဝင်းရော ကောင်းကောင်းမှတ်မိပါတယ်၊ အင်းလေ. . အဲဒါနဲ့ ငါမေးတာက ဘာဆိုင်လို့လဲ"

"ဆိုင်လို့ပေါ့ကွ၊ မင်းက ယုံသေးသလားလို့ မေးလို့ပါ၊ မေးစရာမလိုပါဘူး၊ အေး. . . လာဆွေးနွေးရင်တော့ လျှောက်ပြောတာပေါ့ကွာ၊ ငါဝန်ခံခဲ့ပါကောလား၊ အကျင့်ကပါနေတယ်လို့၊ တို့ဆရာ့ ဆရာကြီးတွေကလည်း အကျင့်ပါလို့ ပြောကြတာပဲ၊ ငါလည်းပါခွင့်ရှိတာပေါ့၊ အဟီး. . . "

ထွန်းငွေ၏ မျက်လုံးများက ပြန်လည်ရယ်ပြုံးလာကြသည်။ ပိန်ကပ်သော ရင်ဘတ်ကလည်း နိမ့်တုံ မြင့်တုံပြန်ဖြစ်လာ၏။

ကိုသက်ခိုင်က ဝမ်းနည်းစိတ်ပျက်စွာ ခေါင်းကိုခါသည်။ သူ့မျက်လုံးများက ခြေတစ်ဖက်ကျိုးနေသော စားပွဲထက်မှ လက်ဝဲကျမ်းများဆီရောက်သွား၏။ အိန်ဂျယ်၏ သိပ္ပံနည်းကျနှင့်စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒကျမ်းကို သွားသတိရသည်။ ဆိုရှယ်လစ်ဝါဒရှေ့မှ သိပ္ပံနည်းကျ ဟူသည်နှင့် စိတ်ကူးယဉ်ဟူသော နာမဝိသေသနများကို အမှတ်ရမိနေ၏။ အိန်ဂျယ်သာ အသက်ရှင်နေသေးလျှင်မူ မြန်မာကွန်မြူနစ်များကို ကြည့်၍ နာမဝိသေသနတစ်လုံး တိုးဖို့ရန် သေချာသည်။ ထိုနာမဝိသေသနကား သူငယ်နာစိတ္တဇဟူ၍ဖြစ်မည်မှာ သေချာ၏။

ထွန်းငွေက နေရာမှထပြီး ဖိတ်ခေါ်သည်။

"ဒါတွေ ထားစမ်းပါကွာ၊ မင်းကို ငါ လိုက်ပြစရာရှိတယ်။ ဆင်စွယ်နန်းပေါ်က ကထိကကြီးကို ငါ့ရဲ့ရုပ်ဝတ္ထု ပတ်ဝန်းကျင်ဆီ ဖိတ်ခေါ်တယ်၊ ကြွပါ ကြွပါ. . . "

ထွန်းငွေ ဖိတ်ခေါ်သည့်အတိုင်း ဆင်စွယ်နန်းတော်ပေါ်မှာ ကထိကကြီး ဦးသက်ခိုင်သည် ကြွသည်။

ဆံပင်ရှည်ရှည်၊ ညှင်းသိုးသိုးနှင့် ထွန်းငွေက လက်ပြင်ကုန်းကလေးနှင့်ရှေ့မှကြွနှင့်၏။

ထွန်းငွေ၏အိမ်မှာ မကြီး မငယ်ဖြစ်သကဲ့သို့ ခြံမှာလည်း မကျယ် မကျဉ်းဖြစ်သည်။ ခြံတွင်း၌ ကြက်ဖ၊ ကြက်မ၊ ကြက်ပေါက်စများ ရှိနေကြ၏။ ကြက်ချေးနံ့များ ကလည်း ကြိုင်နေ၊ လှိုင်နေ၏။

ခြံနောက်ပိုင်းတွင် ရေကန်ငယ်တစ်ခုရှိသည်။ ရေကန်သည် ချောင်းနှင့်ဆက်လျက်ရှိ၏။ ရေကန်တွင်း၌ရေသည် ရှိနေသည်ဆိုရုံမျှ ရှိနေ၏။ ရှိသမျှ ရေမှာလည်း ညစ်ပုပ်နောက်ကျိနေသည်။ ဤညစ်ပုပ် နောက်ကျိနေသော ရေတိမ်တိမ်ထက် ဆယ်ကောင်မျှသော ဘဲညို၊ ဘဲဖြူတို့က ခေါင်းငုံ့လိုက်၊ အမြီးနန့်လိုက်၊ တောင်ပံခတ်လိုက်နှင့် ပျော်ပါးစံပယ်နေကြသည်။

ကန်ရေစပ်ညွန်များထက်၌ ဝက်ငါးကောင်းခန့် လူးလှိမ့်နေကြသည်။

ထွန်းငွေကို မြင်သော် ညွန်တွင်းမှ ဝက်သိုးကြီးတစ်ကောင်သည် အမြီးနန့်၍ ပြေးကပ်လာသည်။ သူသည် နှာခေါင်းကြီး ပွစိပွစိလုပ်ပြီး အနံ့ခံနေ၏။ ထိုနောက် တအီအီ တကျီကျီအော်ပြီး ထွန်းငွေ၏ လက်များကိုလျက်၏။

ထွန်းငွေသည် အဖြူနှင့်အနီ ကျားအပ်သော ထို ဝက်သိုးကြီးကို ချစ်ခင်ယုယစွာ ပွတ်သပ်ပြီး မေး၏။

"အံမာ. . စတာလင်ကြီး၊ စားစရာ အနံ့ရရင် နင်ထိပ်ကကြီးပဲ၊ နင့်သူငယ်ချင်း ပေါက်စီတုံး ဘယ်ရောက် နေလဲ၊ ပေါက်စီတုံး. . . ပေါက်စီတုံး"

ထွန်းငွေ၏ ခေါ်သံကို ကြားရ၍ သူ့နာမည်ကိုလည်း သူသိဟန်တူသော ဝက်ဖြူကြီးတစ်ကောင်က ချုံရိပ်တစ်ခုအောက်မှ ရင်ခေါင်းလိုက်သံပါသော အသံနှင့်တအွန့်အွန့် တုံ့ပြန်ဖြေသည်။ သည်ကောင်ကြီးမှာလည်း ဝက်သိုးကြီးပင်ဖြစ်သည်။

ကိုသက်ခိုင်က ထွန်းငွေ၏ ဝက်နာမည်များကြောင့် တခွိခွိ ရယ်မောမိ၏။

"ဟေ့ကောင်. . ဘာရယ်တာလဲ"

"စတာလင်တို့. . . ပေါက်စီတုံးတို့ ဆိုလို့ပါ၊ နာမည်မှည့်စရာ ရှားလားကွာ မောင်ညိုမှိုင်းရာ၊ လုပ်မှ လုပ်ရက်ပလေ"

ထွန်းငွေက သူ့ရင်ဘတ်ပိန်ပိန်ကို လှုပ်ရုံရယ်သည်။ ရယ်သံမူ မထွက်။ ပြီးမှ ရှင်းပြ၏။

"စတာလင်တို့၊ ပေါက်စီတုံးတို့က မျိုးရဖို့ ငါမွေးထားတဲ့ ဝက်သိုးကြီးတွေကွ၊ ပေါ်ဖို့မဟုတ်ဘူး၊ အေး. . မင်းစားချင်ရင်တော့ ငါ အိုက်စင်ဟောင်းဝါးပေါ် ပေးမယ်"

"ဘာ. . အိုက်စင်ဟောင်းဝါး ပေါ်ပေးမယ်၊ မင်း ဘာပြောတာလဲ"

ထွန်းငွေက ညွန်လူးနေသော ဝက်တစ်သိုက်စီ ညွှန်ပြ၏။

"ဟို ညာဘက်အစွန်က ဖြူနီနီကောင်က အိုက်စင်ဟောင်းဝါး၊ သူ့ဘယ်ဘက်က ရွှံ့တွေကို နှုတ်သီးနဲ့ဆော့နေတဲ့ ငနဲနာမည်က ချာချီ၊ ကျန်တာတွေကတော့ ဝက်မတွေပါကွာ၊ ဒီကောင်တွေအားလုံးက ပေါ်ဖို့ဝက်ချည်းပဲ၊ လိုင်စင်စီကိုကျူးဝါးနဲ့ ငါနဲ့ ဈေးဦးစပေါက်တာက ဟစ်တလာနဲ့ မူဆိုလီနီပဲကွ၊ ချန်ကေရှိတ်နဲ့ ကရူးရှက်ကိုတော့ ငါ့မိန်းမက မင်းဘူးဘက် ယူသွားလို့ မင်း မတွေ့နိုင်တော့ဘူး"

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

## လေပြင်းတိုက်ခတ်၍ အိမ်ခုနစ်လုံးပျက်စီး

**ငါးသိုင်းချောင်း ဇူလိုင် ၃၀**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ကက္ကူကြီးကျေးရွာအုပ်စု ရေသိုးကုန်းကျေးရွာနှင့် အလယ်စုကျေးရွာတို့တွင် ဇူလိုင် ၂၈ ရက် ည ၈နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အိမ်လေးအိမ်မှာ အားလုံးပြိုကျခဲ့ပြီး အိမ်သုံးလုံးမှာ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးက လတ်တလော ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ အထက်အဆင့်ဆင့် သို့ သတင်းပေးပို့ တင်ပြထားကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ဝင်ခွင့်စာမေးပွဲဖြေ၍ မှတ်ပုံတင်အင်ဂျင်နီယာများအဖြစ်စိစစ်ဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၃၀**

လာမည့်နှစ်မှစ၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဝင်ခွင့်စာမေးပွဲများဖြေဆို၍ မှတ်ပုံတင်အင်ဂျင်နီယာများအဖြစ် စိစစ်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က ပြောသည်။

"အခုအချိန်ကစပြီး ဒီနှစ်ဒီဇင်ဘာကုန်ထိကိုလည်း အင်ဂျင်နီယာ သက်တမ်း ၁၅ နှစ်ကနေ နှစ် ၃၀ ရှိတဲ့ ဝါရင့် အင်ဂျင်နီယာကြီးတွေ လာရောက်လျှောက်ထားကြမယ်ဆိုရင် ဝင်ခွင့်စာမေးပွဲမဖြေရပါဘူး။ လျှော့ပေါ့စဉ်းစားပေးမှာပါ။ နည်းပညာတက္ကသိုလ်များမှဘွဲ့ရများကတော့ အင်ဂျင်နီယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြမယ်ဆိုရင် မှတ်ပုံတင်အင်ဂျင်နီယာဖြစ်မှ လုပ်ခွင့်ရကြမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ အကြီးစားတည်ဆောက်ရေး၊ စက်မှုလုပ်ငန်းများနှင့် ကဏ္ဍအလိုက် အင်ဂျင်နီယာဘာသာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်ကြမည့် အင်ဂျင်နီယာများသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၌ မှတ်ပုံတင်အင်ဂျင်နီယာဖြစ်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသို့ လာရောက်လျှောက်ထားသူ အင်ဂျင်နီယာ ၁၅၀၀ ကျော်ရှိနေကြောင်း သိရပြီး စာမေးပွဲဖြေဆိုမှုသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစ၍ စတင်မည်ဖြစ်သည်။

လာရောက် လျှောက်ထားသည့် ဝါရင့် အင်ဂျင်နီယာများမပါဘဲ နည်းပညာတက္ကသိုလ် ကျောင်းများမှ ဘာသာရပ်အလိုက် အင်ဂျင်နီယာဘွဲ့ရများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတွင် Register ပြုလုပ်ကာ လျှောက်ထားရမည်ဖြစ်ပြီး အင်ဂျင်နီယာကောင်စီ၏ အသိအမှတ်ပြု ဝါရင့်အင်ဂျင်နီယာများထံတွင် AGTI ၈ နှစ်၊ B-Tech ၆ နှစ်၊ BE ၄ နှစ်၊ အင်ဂျင်နီယာဘာသာရပ်များအားလက်တွေ့ သင်ကြားကြရမည်ဖြစ်ကာ ထိုမှတစ်ဆင့် ထောက်ခံချက်နှင့်အတူဘားကောင်စီတွင် စာရင်းသွင်းပြီး မှတ်ပုံတင်စာအုပ် ထုတ်ပေးမည်ဖြစ်သည်။

ထိုသူများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် ဆက်သွယ်ကာ သတ်မှတ်သင်တန်းများအားတက်ခြင်း၊ အင်ဂျင်နီယာ၏ဘေးရန်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ အင်ဂျင်နီယာပုဂ္ဂလိက သင်တန်းများ၊ စီမံခန့်ခွဲမှုသင်တန်း၊ လုပ်ငန်း Project တစ်ခုအား အစအဆုံးရေးဆွဲ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများရှေ့၌ ရှင်းလင်းပြောကြားကာအင်တာဗျူး စစ်ဆေးခံရမည်ဖြစ်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ မှတ်ပုံတင် အသိအမှတ်ပြု အနိမ့်ဆုံး R.E၊ ဒုတိယ RSE၊ အမြင့်ဆုံး PEအင်ဂျင်နီယာများအဖြစ် အသိအမှတ်ပြုစာအုပ်များ ရရှိမှသာလျှင် ဘာသာရပ်အလိုက် ပုဂ္ဂလိကလုပ်ငန်းခွင်များတွင် အင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ယင်းကဲ့သို့ မှတ်ပုံတင်ထားခြင်းမရှိဘဲ မိမိဆောင်ရွက်သည့် အင်ဂျင်နီယာလုပ်ငန်းမှ အများပြည်သူအသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့လျှင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပြဋ္ဌာန်းထားသော နည်းဥပဒေ၊ ဥပဒေများအတိုင်း အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

**စိုးဝင်း(MLA)**

## ထူးချွန်သတင်းဆုပေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း၏ ပထမအကြိမ် ထူးချွန်သတင်းဆုပေးပွဲ နှင့် ပညာရေးပစ္စည်းများထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




မြို့နယ်သတင်းစာဆရာအသင်း ၂၀၁၅ ခုနှစ် ထူးချွန်သတင်းနှင့်သတင်းဓာတ်ပုံဆုရရှိသူ ဦးမြင့်ဦး(မြင့်ဦး-အင်းစိန်) **(ယာပုံ)**၊ ဦးခင်မောင်အေး(ကွန်ဖူး)၊ ဦးမျိုးသန့်(မျိုးသန့် -အင်းစိန်)တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေတို့ချီးမြှင့်ပေးပြီး အင်းစိန်မြို့နယ် သတင်းထောက်များ၏ သားသမီးများကို ပညာရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အင်းစိန်မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ တောင်တွင်းကြီး)က အခမ်း အနားဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ခဲ့ပြီး ဆုရရှိသူ ဦးမျိုးသန့်(မျိုးသန့်-အင်းစိန်)က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြောက်ပိုင်းခရိုင် (ပြန်/ဆက်)**

## ဘီးလင်း၌ ကြံသီးနှံ ဓာတ်မြေဩဇာကျွေး ပေါင်းရှင်း ပေါင်လုံးခြင်း ကွင်းသရုပ်ပြ

**ဘီးလင်း ဇူလိုင် ၃၀**

ဘီးလင်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြံသီးနှံ ဓာတ်မြေဩဇာကျွေး၊ ပေါင်းရှင်း၊ ပေါင်လုံးခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက (အနိုင်ပွန်) ကြံသုတေသနနှင့် မျိုးပွားခြံ၌ ကွင်းသရုပ်ပြပွဲ ကျင်းပခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲ အခမ်းအနားတွင် ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသက်ဆွေ၊ ခြံတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မိမိအုန်းဝင်းတို့က ကြံသီးနှံ ကွင်းသရုပ်ပြပွဲအကြောင်းအား ရှင်းလင်းပြောကြားပြီး ကြံတောင်သူများက သိရှိလိုသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများနှင့် ကျေးရွာအသီးသီးမှ ကြံတောင်သူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထူးနောင်(Iprd)**

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်

**ထန်းတပင် ဇူလိုင် ၃၀**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးစိုးတင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားဆွေးနွေးခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာဥပဒေများအကြောင်းကို မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝတ်ရည်လဲ့ကလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်ဝင်းက မဲရုံးမှူး၊ ဒုမဲရုံးမှူးတာဝန်များကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်ကျော်က ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်များကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဦးခင်မောင်တင်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွက် လုပ်ငန်းလမ်းညွှန်များကိုလည်းကောင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ခင်ငြိမ်းငြိမ်းက မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒနယ်သတ်မှတ်ကြော်ငြာခြင်းကိုလည်းကောင်း အသီးသီးပို့ချဆွေးနွေးခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၅၄ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

**အိသင်းထိုက်(ပြန်/ဆက်)**

## ဘာသာရပ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုသင်တန်းဆင်းပွဲ ထားဝယ်တက္ကသိုလ်တွင် ကျင်းပ

**ထားဝယ် ဇူလိုင် ၃၀**

ထားဝယ်တက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ၂၀၁၄ -၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၁၁ နာရီက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ထားဝယ်တက္ကသိုလ် အားကစားခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဌေးနှင့် ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းသန်းဌေးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသူများက အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု သရုပ်ပြခဲ့ကြသည်။

ယင်းနောက် ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ပြီး တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်က အကောင်းဆုံးသင်တန်း ထူးချွန်ဆုရ ရူပဗေဒဌာနမှ ကျောင်းသူ မစုမြတ်သူအား ဆုတံဆိပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဘာသာရပ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုသင်တန်းကို ဇွန် ၁၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့ကာ သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ပြီး ထားဝယ်တက္ကသိုလ် ဘာသာရပ်အသီးသီးမှ ကျောင်းသူ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ရေဘေးကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

**ပုသိမ် ဇူလိုင် ၃၀**

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့၏ လမ်းညွှန်မှု၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ရေဘေးကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၂၈ ရက် မွန်းလွဲ၂ နာရီက ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ငှက်ပျောတောကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာတွင် ပြည်သူလူထုအင်အား ၂၅၀ ဖြင့် ကျင်းပခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုတွင် ရွှေ့ပြောင်းမှုများ ဇာတ်တိုက်လေ့ကျင့်ခန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကာ ယင်းဇာတ်တိုက်လေ့ကျင့်ခြင်းသို့ သာပေါင်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးသန်းစိုး၊ တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးတင်မောင်ရီ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးဌာနမှူး ဦးကျော်ကျော်၊ သာပေါင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ၊ ကရုဏာမြန်မာမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထိုသို့ ရေဘေးဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ခြင်းကြောင့် ကျေးရွာ သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို လက်တွေ့ဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ်မဖြစ်မီ၊ ဖြစ်နေစဉ်နှင့် ဖြစ်ပွားပြီးနောက် ကျေးရွာနေပြည်သူများ တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် အဖွဲ့လိုက်၊ တစ်ရွာချင်းအလိုက် ကိုယ်စီဆောင်ရွက်ကြရမည့်တာဝန်များကို သိရှိကြရပြီး ဘေးအန္တရာယ်နှင့် ကြုံတွေ့ရသည့်အခါ စနစ်တကျဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို လျော့နည်းသက်သာစေမည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်စော(ပြန်/ဆက်)**



# စစ်ကိုင်းမြို့တည် နန်းတည် နှစ် (၇၀၀) ပြည့်အထိမ်းအမှတ်ပွဲတွင် သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၇၀၀ အား ဆွမ်းဆက်ကပ်လှူဒါန်း

**စစ်ကိုင်း ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တည် နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်ကြီး အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတောင်ရိုးရှိ သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၇၀၀ တို့အား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်း အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက စည်းခုံကြီးဘုရား သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝေဝေခိုင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သီလရှင်ဆရာကြီးများက ဆုတောင်းမေတ္တာများ ပို့သပေးကြပြီး ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက ဆွမ်းဆက်ကပ်ကြကာ အလှူရှင်ရွှေသံလွင်ကုမ္ပဏီ မိသားစုများနှင့်အတူ သီလရှင်အပါး ၇၀၀ တို့အား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

စစ်ကိုင်း မြို့တည်၊ နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်ကြီး အထိမ်းအမှတ်အဖြစ် သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၇၀၀ တို့အား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ အားကစားမျိုးစုံ ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အထိမ်းအမှတ်ပြခန်းများပြသပေးခြင်း၊ ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှ ပဒေသာကပွဲများ ကျင်းပခဲ့ပြီး စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြရာ စစ်ကိုင်းမြို့သူ၊ မြို့သားများနှင့် အနယ်နယ် အရပ်ရပ်မှ ပြည်သူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်**



## ရှေးဟောင်းစေတီတော်အား ထီးတော်တင်လှူပူဇော်

**ကျောက်ကုန်း ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရေဂလုပ်ကျေးရွာအုပ်စု မိုးပြာအနောက်နှင့် ရွာသစ်ကျေးရွာရှိ ရှေးဟောင်းစေတီတော်အား ထီးတော်တင်လှူပူဇော်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပရာ ကျုံတိုင်းဆရာတော် ဦးသူရိယက ထီးတော်တင်လှူခဲ့သည်။

အဆိုပါ ရှေးဟောင်းစေတီတော်သည် ယခင်က ဦးဖိုးကံပြုပြင်ထိန်းသိမ်းလာသည့်အတွက် ဖိုးကံဘုရားဟုခေါ်ဆိုကြကြောင်း၊ ယခု ဆရာတော်ဦးသူရိယက ကမ္ဘာအေးရန်ပြေအေး စေတီတော်ဟုခေါ်ဆိုသမုတ်ခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်ကတည်ခဲ့သည်ဟု ယူဆရကြောင်း၊ စေတီတော်သည် ချုံနွယ်ပိတ်ပေါင်းများဖြင့် ဖုံးအုပ်ခံထားရသည်မှာ ကြာပြီဖြစ်ကြောင်း၊ စေတီတော်ပြုပြင်မည့်ဆဲဆဲတွင်စေတီတော်အားငုံ၍ ပေါက်နေသောညောင်ပင်မှာ ညိုးသွားကြောင်း ရေဂလုပ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မိတ္ထီလာတက္ကသိုလ်တွင် ရသစာပေမှအောင်မြင်သောဘဝ ခေါင်းစဉ်ဖြင့် စာပေဆွေးနွေး

**မိတ္ထီလာ ဇူလိုင် ၃၀**

မိတ္ထီလာတက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကြီးမှူးကျင်းပသည့် ရသစာပေမှ အောင်မြင်သောဘဝ ခေါင်းစဉ်ဖြင့် စာပေဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ယင်းတက္ကသိုလ်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

၎င်းစာပေဆွေးနွေးပွဲတွင် လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝစေရေးအတွက် ယခုကဲ့သို့ စာပေဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ တစ်ချိန်က ပီမိုးနင်းကဲ့သို့ ဘဝအောင်မြင်ရေး စာပေများရေးသားသည့် စာရေးဆရာများနည်းပါးခဲ့သော်လည်း ယနေ့ခေတ်တွင် ဘဝအောင်မြင်ရေးစာပေရေးသားမှု များပြားလာသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် ရွေးချယ်ဖတ်ရှုစရာများပြားလာကြောင်း၊ စာပေမှတစ်ဆင့် အောင်မြင်တိုးတက်သည့်ဘဝကို ပိုင်ဆိုင်နိုင်၍ လူငယ်ကျောင်းသားများအနေဖြင့် စာပေများကို လေ့လာဖတ်ရှုကြရန်လိုအပ်ကြောင်းကို ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ဌေးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် စာပေဆွေးနွေးပွဲဖြစ်မြောက်ဝိုင်းဝန်းကူညီကြသူများနှင့် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား မိတ္ထီလာတက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒဿနိကဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာအေးအေးမာက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ စာပေဆွေးနွေးပွဲကို ကျင်းပရာ ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးက ရသစာပေမှ အောင်မြင်သောဘဝ ခေါင်းစဉ်ဖြင့် အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မြန်မာ့သဘင်အလှဆင်သူများ (မန္တလေး) အဆို၊ အက၊ အပြောအခမဲ့သင်တန်းဆင်း

**မန္တလေး ဇူလိုင် ၃၀**

Arts Mandalay Foundation ၏ ပံ့ပိုးမှုဖြင့် မြန်မာ့သဘင်အလှဆင်သူများ (မန္တလေး)မှ ကြီးမှူးဖွင့်လှစ်သော အမျိုးသား၊ အမျိုးသမီး အခြေခံနှင့် မြိုင်ထနစ်ပါးသွား အဆို၊ အက၊ အပြော သင်တန်းဆင်းပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်ရှိ မြန်မာ့သဘင် အလှဆင်သူများ သင်တန်းခန်းမ၌ ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက သင်တန်းသားများအနေဖြင့် သဘင်ပညာသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်၍ ထိန်းသိမ်းကြရန်နှင့် မြန်မာ့သဘင်ပညာဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး၊ သဘင်ပညာရှင်ကြီး ဦးရွှေနန်းတင်၊ မြန်မာ့သဘင် ပညာရှင်ကြီးများ၊ နည်းပြဆရာကြီး၊ ဆရာမကြီးများ၊ မြန်မာ့သဘင်အလှဆင်သူများအသင်း(မန္တလေး) မှ ဦးဝင်းနောင်နှင့်တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ရပ်ကွက်အတွင်းမှ သဘင်ပညာ ချစ်မြတ်နိုးသူများ လာရောက် ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းကာလမှာ ပဏာမအကြိုတစ်လကြာမြင့်၍ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးအား အခမဲ့သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# KNU မိသားစုဝင်များသို့ ဆိုလာ၊ ဆေးစိမ်ခြင်ထောင်နှင့် ဆန်များထောက်ပံ့

**ဘားအံ ဇူလိုင် ၃၀**

ကရင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးအဖွဲ့ဝင် မိသားစုဝင်များအတွက် ဂျပန်နိုင်ငံပြည်သူများမှတစ်ဆင့် နီပွန်ဖောင်ဒေးရှင်းမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့်အနေဖြင့် ဆန်ရိက္ခာများ၊ ဆိုလာ၊ ဆေးစိမ်ခြင်ထောင်များထောက်ပံ့ပေးခြင်းကို အကြိမ်ကြိမ် ဆောင်ရွက်ပေးအပ်ခဲ့ရာ ယခုတစ်ဖန် ကရင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)နှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးထားသော KNU ဗဟိုဌာနချုပ်၊ တပ်မဟာ(၁)၊ တပ်မဟာ(၆)၊ တပ်မဟာ(၇)တို့နှင့်ဆက်စပ်သည့် နယ်မြေခံပြည်သူ လူထုများနှင့် ABSDF အဖွဲ့နှင့် ဆက်စပ်သည့်နယ်မြေခံပြည်သူလူထုများအတွက် ဆန်ရိက္ခာများ၊ ဆိုလာနှင့် ဆေးစိမ်ခြင်ထောင် ထောက်ပံ့ပေးခြင်းကို ဇူလိုင် ၂၈ ရက်၊ နံနက် ၈ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ သီရိလမ်းမကြီးပေါ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောကျော်မင်းနှင့် နီပွန်ဖောင်ဒေးရှင်းမှ မစ္စတာမက်စုချီးမားတို့က KNU ဗဟိုဌာနချုပ် မဲသဝေါနယ်မြေမှ (ထီးလော်ခူး၊ မော်ဖားခို၊ ဥထူးသ၊ ကလို့ပိုကလို) ဒေသများအတွက် ဆန် ၃၈၆၉ အိတ်၊ ဆိုလာမီးအိမ် ၆၄၆ လုံး၊ ဆေးစိမ်ခြင်ထောင် ၆၄၆ လုံးကိုပေးအပ်ရာ ဦးစောအောင်စိုးမိုးနှင့် ဦးစောတာပလာတို့မှလည်းကောင်း၊ KNU တပ်မဟာ(၁) ကျိုက်ထော်နယ်မြေမှ (လေးကကော်၊ ဒေါဖဲကြီး၊ ဖဟော်ခီး၊ တဂေးလောင်း၊ မင်းစော) ဒေသများအတွက် ဆန် ၂၇၃၉ အိတ်၊ ဆိုလာမီးအိမ် ၄၆၁ လုံး၊ ဆေးစိမ်ခြင်ထောင် ၄၆၁ လုံးကိုပေးအပ်ရာ ပဒိုစောအီးသာမှလည်းကောင်း၊ KNU တပ်မဟာ(၆)ဘားအံ၊ မော်လမြိုင်နယ်မြေမှ (ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူဒေသများအတွက် ဆန် ၃၅၁၆ အိတ်၊ ဆိုလာမီးအိမ် ၅၉၉ လုံး၊ ဆေးစိမ်ခြင်ထောင် ၅၉၉ လုံးကိုပေးအပ်ရာ ဦးစောနီသဘလေး၊ ဦးစောမောထူးနှင့် ဦးစောဆာ့ယူမူးတို့မှလည်းကောင်း၊ KNU တပ်မဟာ(၇)လှိုင်းဘွဲ့မှ (မော်ခီးသ)နှင့် ပိုင်ကျုံမှ(တာကရား)ဒေသများအတွက် ဆန် ၃၅၉၅ အိတ်၊ ဆေးစိမ်ခြင်ထောင် ၆၄၆ လုံး၊ ဆိုလာမီးအိမ် ၆၄၆ လုံးကို ပေးအပ်ရာ ဦးစောရိုးကွယ်နှင့် ဦးစောအာဝေ့တို့မှလည်းကောင်း၊ ABSDFအဖွဲ့ဘားအံ၊ မော်လမြိုင်မှ (မဲသဝေါ၊ မြဝတီ၊ ဘုရားသုံးဆူ)ဒေသများသို့ ဆန် ၁၁၅၉ အိပ်၊ ဆေးစိမ်ခြင်ထောင် ၁၉၈ လုံး၊ ဆိုလာမီးအိမ် ၁၉၈ လုံးကိုပေးအပ်ရာ ဦးမြင့်ဦးတို့က လက်ခံရယူကြပြီးနောက် အဆိုပါ ပစ္စည်းများ တင်ဆောင်ထားသော မော်တော်ယာဉ်များသည် သက်ဆိုင်ရာဒေသများသို့ ပို့ဆောင်ရန် ဆက်လက်ထွက်ခွာသွားကြကြောင်း သိရသည်။



**နေမျိုးလွင်(ပြန်/ဆက်)**

## လျှပ်စစ်ဥပဒေဆိုင်ရာများအကြောင်း အသိပညာပေး

**သုံးခွ ဇူလိုင် ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လက်ပန်ကျိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လျှပ်စစ်မီးသုံးစွဲလျက်ရှိသော ကျေးရွာပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဥပဒေဆိုင်ရာများအကြောင်း အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပခဲ့သည်။

ယင်းအသိပညာပေးဆွေးနွေးပွဲတွင် သုံးခွမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးတင်ဆန်းက လျှပ်စစ်သုံးစွဲသူ ကျေးလက်နေပြည်သူများအား လျှပ်စစ်ဓာတ်အားကို စည်းကမ်းတကျရှိစွာဖြင့် အန္တရာယ်မဖြစ်ပေါ်စေရေး သုံးစွဲသွားကြရန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုနေသောလက်၊ ရေစိုအဝတ်အစားဝတ်လျက်ကိုင်တွယ်ခြင်းမပြုရန်၊ သမံတလင်းမြေပြင်ပေါ်၌ ခြေက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲကိုင်တွယ်အသုံးမပြုရန်စသဖြင့် ဆွေးနွေးအသိပညာပေးဟောပြောခဲ့သည်။

ပညာပေးဆွေးနွေးပွဲသို့ သုံးခွမြို့နယ်လျှပ်စစ်မန်နေဂျာနှင့် လျှပ်စစ်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့သည်။

**ကြည်စိုးလွင်(သုံးခွ)**

## ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကျင်းပ

**ပုသိမ် ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးမှုအထောက်အကူပြုဥက္ကဋ္ဌများအား တွေ့ဆုံပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်ဦးသိန်းအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ယင်းရပ်ကွက် အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးမှုအထောက်အကူပြုဥက္ကဋ္ဌများက သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အသီးသီးရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၁၇) ရပ်ကွက် စက်မှုဇုန်(၅) အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းအနောက်ဘက်တွင် စည်းကမ်းမဲ့စွန့်ပစ်ထားသည့် စားကြွင်းစားကျန်များနှင့် အမှိုက်မျိုးစုံစွန့်ပစ်ထားသည်။ အမှိုက်စွန့်ပစ်ရန် ရပ်ကွက်တာဝန်ရှိသူနှင့် ဇုန်ကော်မတီတာဝန်ရှိသူတို့က စနစ်တကျ ကြပ်မတ်လမ်းညွှန်မှုအားနည်းခြင်းကြောင့် ယင်းအမှိုက်ပုံမှ ထွက်ရှိသော အနံ့ဆိုးများကို ကျောင်းသား၊ ကျောင်းသူများနှင့် ပတ်ဝန်းကျင်ရှိ စက်ရုံလုပ်သားများ၊ ရပ်ကွက်နေပြည်သူများ နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရသဖြင့် မလိုလားအပ်သည့်ရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားရမည်ကို စိုးရိမ်နေကြရသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးရန် လိုအပ်နေသည်ဟု သိရသည်။ သတင်းနှင့် ဓာတ်ပုံ- မင်းထက်ပိုင်(လှိုင်သာယာ)

# ဟသ္သာတ–ဇလွန် ဆက်သွယ်ထားသော ဝါသလပန်းတာရေတိုက်စား၍အရေးပေါ်ပြောင်းရွှေ့

**ဟသ္သာတ ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင် ဇလွန်မြို့နယ်၌ ဟသ္သာတ-ဇလွန်ဆက်သွယ်ထားသော တောင်ပို့တစ်ရာကျေးရွာအုပ်စု ဝါသလပန်းတာ ရေတိုက်စားမှုကြောင့် အရေးပေါ်ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုများအား ကယ်ဆယ်ရေးအသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ကြေးများပေးအပ်ပွဲကို ဇူလိုင်လ တတိယပတ်က တောင်ပို့တစ်ရာအုပ်စု ဝါသလကျေးရွာ (အ-မ-က)စာသင်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇူလိုင် ၇ ရက် နံနက်ပိုင်းကစတင်ကာ ဧရာဝတီမြစ်ရေတိုက်စား၍ ဟသ္သာတ-ဇလွန် တာမိုင် ၁၈/၀ မှ ၁၈/၃+၃၀၀ အနီးပတ်ဝန်းကျင် ရေကာတာပဲ့ကျမှုကြောင့် ရေနစ်မြုပ်နိုင်၍ အရေးပေါ်ရွှေ့ပြောင်းခဲ့ရသော အိမ်ခြေ ၁၇၁ လုံးမှ အိမ်ထောင်စု ၁၇၁ စုအတွက် ငွေကျပ် ၈၅၅၀၀၀၊ တီရှပ် ၁၇၁ ထည်၊ ရေသန့် ၁၇၁ ကတ်၊ ဆန် ၁၂ တင်းတို့ကို တိုင်းဒေကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များအဖွဲ့ကလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနက ငွေကျပ် ၈၅၅၀၀၀၀၊ ဆန်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ငွေကျပ် ၁၇၁၀၀၀၀ တို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါပေးအပ်မှုကို ဝါသလ၊ ငွေးတောက်ချောင်း၊ သရက်နှစ်ပင်၊ မေဒုံကျေးရွာများမှ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုပြည်သူများက လက်ခံရယူကြသည်။ အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ ဒုဥက္ကဋ္ဌဒေါက်တာထိန်ဝင်း၊ ဇလွန်၊ ဟသ္သာတ၊ ငနွေဖြူ၊ လပွတ္တာမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဟသ္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် ဟသ္သာတ၊ ဇလွန်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြောင်းရွှေ့အိမ်ထောင်စုမှ ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဟသ္သာတ)**

# ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ

**ဟိုပန် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်သည် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ မြို့တော်ခန်းမတွင် တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့များမှ လာရောက်ကြမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် နိုင်ငံရေးပါတီများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းပဒေများ၊ အမိန့်ကြေညာစာများကို ကြေညက်စွာ ဖတ်ရှုလေ့လာထားရန် လိုအပ်ကြောင်း၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များကို သင်တန်းဖွင့်လှစ်ပို့ချပေးသွားရန် လိုအပ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးဖြစ်ပေါ်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် နိုင်ငံရေးပါတီများက ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ယင်းနောက် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းရွှေထွန်းနှင့် မြို့နယ်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဌေးတို့က မဲရုံတည်နေရာ၊ မဲစာရင်းဆောင်ရွက်ထားရှိမှု၊ သင်တန်းဖွင့်လှစ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် နိုင်ငံရေးပါတီတစ်ခုမှ ပါတီစည်းရုံးရေးလုပ်ငန်းကွင်းဆင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။ တင်ပြချက်များနှင့်ပတ်သက်၍ တောင်ကြီးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြို့နယ်၏ အဓိကကျေးလက်ကုန်ထုတ်လမ်းတစ်ခုဖြစ်သော ကျောက်ပန်းတောင်း–ပွေးကျစ်လမ်းပေါ် သံကူကွန်ကရစ် ရေကျော်တံတားနှစ်စင်း တည်ဆောက်နေ

**ကျောက်ပန်းတောင်း ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်၏အဓိကကျေးလက်ကုန်ထုတ်လမ်းတစ်ခုဖြစ်သော ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းပေါ်ရှိ ဟင်းခွင်အိုင်ကျေးရွာနှင့် ကံနီကျေးရွာအနီးတွင် သံကူကွန်ကရစ် ရေကျော်တံတားနှစ်ခု တည်ဆောက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီခွဲက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါရေကျော်တံတားနှစ်ခုမှာ ဟင်းခွင်အိုင်ကျေးရွာအနီးမှ အရှည် ၁၂ ပေရှိ သံကူကွန်ကရစ်တံတားနှင့် ကံနီကျေးရွာအနီးမှ အရှည် ၂၅ ပေရှိ သံကူကွန်ကရစ်တံတားတို့ဖြစ်ပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေကျပ် ၁၁ ဒသမ ၂ သန်းဖြင့် ဇူလိုင် ၅ ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်ရေကျော်တံတားများပြီးစီးပါက ကျောက်ပန်းတောင်း-ပွေးကျစ် ကျေးလက်ကုန်ထုတ်လမ်းမကြီးအား အမှီပြုနေသည့် ပွေးကျစ်တိုက်နယ်ရှိ ကျေးရွာ ၁၄ ရွာမှ ဒေသခံပြည်သူများမှာ မိမိတို့ဒေသထွက်ကုန်များဖြစ်သော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံထွက်ကုန်များအား ရာသီမရွေး လွယ်ကူစွာ တင်ပို့ရောင်းချနိုင်ကြမည်ဖြစ်သည်။

အလားတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိနိုင်စေရေးကိုလည်း အစဉ်တစိုက် ဖြည့်စည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုငွေကျပ် ၃၆၆ ဒသမ ၀၂ သန်းဖြင့် ကျေးရွာ ၂၅ ရွာအတွက် ရေရရှိရေးလုပ်ငန်းများဖြစ်သော တွင်းတိမ် (၃) တွင်း၊ တွင်းနက် (၆) တွင်း၊ စိမ့်စမ်းရေသွယ်ခြင်းတစ်ခု၊ လက်တူးတွင်းနှစ်တွင်း၊ အခြားလုပ်ငန်းတစ်ခုနှင့် မြေသားမိုးရေလှောင်ကန်(၁၂)ကန် စုစုပေါင်းရေရရှိရေးလုပ်ငန်း(၂၅)ခုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများအား စိန်သဟာကုမ္ပဏီက တင်ဒါအောင်မြင်ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်းသိရပြီး ယနေ့အထိ မြေသားမိုးရေလှောင်ကန်(၁၂)ကန် တူးဖော်နိုင်ခဲ့ပြီး၊ လုပ်ငန်းအားလုံးပြီးစီးပါက ကျေးရွာ(၂၅)ရွာရှိ ဒေသခံပြည်သူများမှာ သန့်ရှင်းသောသောက်သုံးရေ ဖူလုံလောက်ငှစွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# မိုးသည်းထန်စွာရွာသွန်းသဖြင့် ဝက်လက်မြို့နယ်တွင် သီးနှံစိုက်ခင်းများ ရေလွှမ်းမိုးမှုဖြစ်

**ဝက်လက် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မူးမြစ်ရေတိုးလာ၍ ကျေးရွာအုပ်စု(၈)အုပ်စုနှင့် ကွင်း(၄၈)ကွင်းမှ တောင်သူ ၂၅၂၇ ဦးပိုင်စပါး ၁၁၇၆ ဧက၊ နှစ်ရှည်သီးနှံ ၂၁၆၈ ဧက၊ ပဲမျိုးစုံ ၁၇ ဧကနှင့် အခြားသီးနှံ ၄၆၅ ဧက၊ စုစုပေါင်းစိုက်ဧက ၃၈၂၆ ဧက ရေလွှမ်းမိုးခဲ့ပြီး ကျေးရွာ ၁၆ ရွာတို့ရှိ လူနေအိမ်အချို့သို့လည်း ရေများထပ်မံဝင်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ ရေကြီးမှုဖြစ်စဉ်ကြောင့် မုံရွာ-အရာတော်-ရွှေဘို ဖြတ်လမ်းရှစ်နေရာ ရေကျော်တစ်ခု၊ တံတားတစ်စင်းနှင့် မြေသားလမ်းခြောက်လမ်းနှင့် ကျောက်ခင်းလမ်းနှစ်လမ်းတို့ ပျက်စီးမှုအချို့ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ကျေးရွာများသို့ မြို့နယ်ကော်မတီ (၃) ရပ်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အခြားအဖွဲ့များ ပူးပေါင်းပါဝင်ပြီး အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ထမင်းထုပ်၊ ရေသန့်ဘူး၊ စားသောက်ဖွယ်ရာများနှင့် ဆန်အိတ်များ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ရေကျော်ပျက်စီးနေသည့် လမ်းပိုင်းများအား တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းသား/သူများအား အသိပညာပေး

**ညောင်တုန်း ဇူလိုင် ၃၀**

ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာနိုင်ရေး အသိပညာရရှိနိုင်ရန်အတွက် မအူပင်ခရိုင် လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးမှူး၍ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ညောင်တုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ဆောင်ခန်းမ၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာအေးစုမွန်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၅၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မအူပင်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ရဲအုပ်သောင်းသိန်းသန်းနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆထိခိုက်မှု လျော့နည်းပပျောက်စေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် စည်းကမ်းများအား အသိပညာပေးခြင်းနှင့် သရုပ်ပြဆောင်ရွက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကျူးလွန်ဖောက်ဖျက်သူများအား ပြစ်မှုနှင့် ပြစ်ဒဏ်များ သိရှိလိုက်နာနိုင်ရေးအတွက် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ယာဉ်အန္တရာယ် စုပေါင်းကာကွယ်နိုင်ရေးအတွက် ဟောပြောခဲ့ကြသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ကလေးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်း၍ မြို့ပေါ်ရပ်ကွက်ကြီး လေးရပ်ကွက်သို့ ရေများဝင်ရောက်

**ကလေး ဇူလိုင် ၃၀**

ကလေးဒေသတွင် မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းပြည်နယ်တွင်မြစ်ဖျားခံ၍ ကလေးဒေသကိုဖြတ်သန်းစီးဆင်းသည့် မြစ်သာ၊ နေရဥ္စရာမြစ်များနှင့် ဇီးချောင်း၊ နတ်တံခါး၊ မာန်လုံချောင်းများရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ဇီးချောင်း၊ ဇင်းကလင်းချောင်းရိုးတစ်လျှောက်ရှိ ဇင်းကလင်းရွာ၊ ပေါက်ခုံ၊ ရေလဲဦးရွာများတွင် ချောင်းရေမြောင်းရေများ ဝင်ရောက်နေပြီး မြစ်သာမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၊ နေရဥ္စရာမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများဖြစ်သည့် မြစ်စိမ်း၊ မြလင်း၊ ကံကြီး၊ ကြက်ဖနက်၊ မော်လိုက်ကလေး၊ သဖန်းအိုင်၊ ဖောင်ကူးရွာအပါအဝင် ရွာပေါင်း ၁၀ ရွာဝန်းကျင်နှင့် ကလေးမြို့ပေါ်ရပ်ကွက်ကြီးဖြစ်သော အောင်မြေမာန်ရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်တို့တွင် ဇူလိုင် ၂၈ ရက်မှစတင်၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ယင်းရေလျှံမှုကြောင့် စပါးစိုက်ဧက ၁၀၀၀၀ ဝန်းကျင် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

"ကလေးဒေသမှာ အခုနှစ်စပါးစိုက်နောက်ကျပါတယ်။ ကလေးမှာ လယ်ဧကသိန်းချီရှိပါတယ်။ အခုဇူလိုင်လကုန်အထိ အကြောင်းအမျိုးမျိုးကြောင့် ပြီးခဲ့တဲ့ရက်ပိုင်း မိုးရွာသွန်းမှုမရှိတာအပါအဝင်ပေါ့ လယ်စိုက်ဧက ၃၀၀၀၀ လောက်ရှိပါသေးတယ်။ အခုရေကြီးတဲ့နေရာတွေက စိုက်ပျိုးပြီးလယ်ပါသလို စိုက်ပျိုးမှုမရှိတဲ့ လယ်ယာမြေတွေ၊ ထွန်ယက်နေတဲ့လယ်ယာမြေတွေလည်း ပါပါတယ်။ လယ်စိုက်ဧကတစ်သောင်းလောက် ရေနစ်မြုပ်နိုင်ပါတယ်" ဟု မြေစာရင်းဦးစီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလေးမြို့ရေကြီးရေလျှံမှုတွင် ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ကလေးခရိုင်ရဲမှူးကြီး တင်ဇော်ထွန်း၊ ခရိုင်တာဝန်ရှိသူများ၊ မြို့နယ်တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်သူ့ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ ကျန်းမာရေးဌာနများ၊ ဒေသတွင်းလူမှုကူညီရေးအဖွဲ့များမှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးမြို့အခြေစိုက် မိုးလေဝသဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ ကလေးမြို့တွင် ဇူလိုင် ၂၆ ရက်က မိုးရေချိန် ၃ ဒသမ ၁၁ လက်မအထိရွာသွန်းမှုရှိပြီး မြစ်သာမြစ်ရေမှာ ၉၅၅ စင်တီမီတာအထိ မြင့်တက်လာကြောင်းသိရသည်။ မြစ်သာမြစ်၏ စိုးရိမ်ရေမှတ်မှာ ၁၀၀၀ စင်တီမီတာ ဖြစ်သည်။ ဇူလိုင် ၂၇ ရက်ကလေးဝမိုးလေဝသဌာန၏ တိုင်းထွာချက်အရ မင်းကင်းမြို့တွင် ချင်းတွင်းမြစ်ရေမှာ ၁၂၇၈ စင်တီမီတာရှိပြီး မိုးရေချိန်မှာ ၂ ဒသမ ၂၆ လက်မဖြစ်ကြောင်း သိရသည်။ ဇူလိုင် ၂၈ ရက် ကလေးမြို့မိုးလေဝသဌာန၏ တိုင်းထွာချက်များအရ မြစ်သာမြစ်ရေမှာ ၁၂၅၉ စင်တီမီတာတွင်ရှိနေပြီး ကလေးမြို့ပေါ်ရပ်ကွက်ကြီး (၄) ရပ်ကွက်တွင် မြစ်ရေများဝင်ရောက်မှုရှိနေပြီး ရေဘေးသင့်ပြည်သူ ၃၀၀၀ ကျော်ကို ရေဘေးကယ်ဆယ်ရေးစခန်း ၁၃ ခုတွင် လက်ခံထားကြောင်း သိရသည်။




ကလေးမြို့ရေကြီးရေလျှံနေမှုကြောင့် ဇူလိုင် ၂၆ ရက်မှအစပြု၍ ကလေး-တမူး၊ ကလေး-ကလေးဝ၊ ကလေး-မော်လိုက်၊ ကလေး-မုံရွာ-မန္တလေး-ရန်ကုန်ဆက်သွယ်သွားလာနေကြသည့် ကုန်ကား၊ ဘတ်စ်ကားများ အသွားအလာပြတ်တောက်ရပ်တန့်သွားကြောင်း သိရသည်။

"ကျွန်တော်တို့ကားသင်းတွေအနေနဲ့ လိုင်းကားတွေမထွက်ပါဘူး။ ခရီးသည်တွေကတော့ ရှိပါတယ်။ ကလေး-မုံရွာခရီးမှာဆိုရင် ဇင်းကလင်း၊ မွှေ့လယ်၊ ဂန့်ဂေါ၊ စိုင်ဒူး၊ မဲရွာစတဲ့နေရာတွေမှာ ကားသွားလို့မရတော့တဲ့အတွက် ကားအထွက်မရှိပါဘူး။ တမူးလမ်း၊ ကလေးဝလမ်းမှာလည်း ဖောင်ကူးလမ်းဖက်ကကားသွားလို့မရပါဘူး။ ချင်းတောင်ကားတွေကတော့ ပုံမှန်ရှိပါတယ်" ဟု ကလေးမြို့ကားကြီးဝန်းမှ တာဝန်ရှိတစ်ဦးက ပြောသည်။

**သျှင်သူရိယ**

## လယ်မြေများ ရက်ရှည်ရေနစ်မြုပ်ခြင်းကြောင့် မျိုးစပါးအတွက် တောင်သူများ အခက်ကြုံနေရ

**ရေတာရှည် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရက်ဆက်မိုးရွာသွန်းမှုကြောင့် လယ်ယာမြေများ ရေဝင်နစ်မြုပ်ကာ ပြန်လည်စိုက်ပျိုးရန် မျိုးစပါးများ အခက်ကြုံတွေ့နေရကြောင်း သိရသည်။

လွန်ခဲ့သောရက်ပိုင်းအတွင်းက ရေဝင်နစ်မြုပ်ခဲ့သော လယ်ယာမြေများတွင် စိုက်ပျိုးပြီးစပါးစိုက်ခင်းများပါဝင်ခဲ့ပြီး ယခုအခါ ပြန်လည်စိုက်ပျိုးရန်အတွက် မျိုးစပါးများအတွက် ဝယ်ယူရန်အခက်တွေ့နေကြောင်း တောင်သူများကပြောသည်။

"အခုရက်ပိုင်း မိုးကတအားရွာနေတော့ စိုက်ပျိုးပြီးတဲ့လယ်တွေက နစ်လိုက်ပေါ်လိုက်ဖြစ်နေတယ်။ မျိုးစပါးဈေးကလည်း စပါးအလိုက် ခုနစ်ထောင့်ငါးရာဆိုတော့ မသက်သာဘူးပေါ့။ တစ်ဧကကို မျိုးစပါး၊ ထွန်ယက်စရိတ်နဲ့ဆို ကျပ်ခုနှစ်သောင်းခွဲလောက်ကုန်တယ်" ဟု ညောင်ပင်သာကျေးရွာနေ တောင်သူတစ်ဦးကပြောပြသည်။ မိုးစပါးစိုက်တောင်သူများအနေဖြင့် ပျိုးထောင်စိုက်ပျိုးရန်အတွက် အချိန်မမီတော့သည့်အတွက် အစေ့ချစိုက်ပျိုးခြင်းကိုသာ အားထားကြရပြီး လက်ရှိလိုအပ်နေသော မျိုးစပါးမှာ ဝယ်ယူလိုသော်လည်း ရောင်းချသူမှာ မရှိသလောက်နည်းပါးနေခြင်းက တောင်သူများအတွက် အခက်အခဲ ဖြစ်နေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## အပတ်စဉ်စနေနေ့တိုင်း ပိုးလောက်လန်းများစစ်ဆေး

**ရွှေသောင်ယံ ဇူလိုင် ၃၀**

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့အတွင်းရှိ ရပ်ကွက်သုံးခုတွင် မြို့နယ်ကျန်းမာရေးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ၊ NGO အဖွဲ့များ၊ ရပ်ကွက်အတွင်း ကျန်းမာရေးစိတ်ပါဝင်စားသူများမှ အိမ်တိုင်ရာရောက်စနစ်ဖြင့် နေအိမ်ရှိ သုံးရေအိုးများ၊ ဘုရားညောင်ရေအိုးများအပြင် အိမ်ပတ်ဝန်းကျင်ရှိ ဘူးများ၊ ခွက်များကို ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ဖြင့် လောက်လန်းများမှ ပေါက်ပွားနိုင်သော ခြင်အန္တရာယ်ကင်းရှင်းစေပြီး သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးတို့အတွက် အပတ်စဉ်စနေနေ့တိုင်း စစ်ဆေးခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။ **ကိုကိုမောင်**

## တောင်ကျရေတိုက်စားမှုကြောင့် တံတားတစ်စင်းကျိုးကျ



**ရေတာရှည် ဇူလိုင် ၃၀**

နေ့စဉ်ရက်ဆက် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမြောက်ဘက် ကျွန်းတောစုကျေးရွာတောင်ဘက်ရှိ အရှည်ပေ ၁၀၀ ကျော်ရှည်သည့် ကွန်ကရစ်တိုင်သစ်သားတံတားတစ်စင်း တောင်ကျရေကြောင့် ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဆည်မြောင်းဦးစီးဌာနက ဆွာချောင်းရေလှောင်တမံ မြောက်ဘက်ရှိ ကျွန်းတောစုကျေးရွာနေ ဒေသခံပြည်သူများ ခရီးသွားလာနိုင်ရန် ငွေကျပ်သိန်း ၆၀ အကုန်ကျခံကာ တည်ဆောက်ပေးထားခဲ့သောတံတားမှာ ယခုရက်ပိုင်းအတွင်း နေ့ရောညပါ အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် တောင်ကျရေများထိုးဆင်းကာ တံတားကိုရေတိုက်စား၍ မျောပါသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ရွာကသိတော့ မနက်ရှစ်နာရီလောက်မှသိကြတာ။ သိသိချင်း ရွာသားတွေက ရနိုင်သလောက်လိုက်ဆယ်ကြသေးတယ်။ ဟိုဘက်ထိပ် ဒီဘက်ထိပ်လောက်ပဲကျန်တော့တယ်။ ခရီးသွားလာရေးတော့ အခက်တွေ့ကုန်တာပေါ့" ဟု ကျွန်းတောစုကျေးရွာနေ အမျိုးသမီးတစ်ဦးက ပြောပြသည်။

ကျွန်းတောစုကျေးရွာသည် ဆွာချောင်းရေလှောင်တမံ တည်ဆောက်စဉ်ကာလက ရွှေ့ပြောင်းခဲ့ရသော ကျေးရွာတစ်ရွာဖြစ်ကာ အခြားဒေသများသို့ ခရီးသွားလာသည့်အခါ အဆိုပါတံတားမှပင် အားထားသွားလာကြရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## လူထုအခြေပြု ဆေးယဉ်ပါး(တီဘီ)လူနာများအား တိုက်ရိုက်ကြည့်ရှု ဆေးတိုက်ကျွေးခြင်းစီမံချက် ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက လူထုအခြေပြု ဆေးယဉ်ပါး(တီဘီ)လူနာများအား တိုက်ရိုက်ကြည့်ရှု ဆေးတိုက်ကျွေးခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခမ်းအနားတစ်ရပ် ကျင်းပခဲ့သည်။

3MDG Fund အထောက်အပံ့ဖြင့် ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော အခမ်းအနားကို အစီအစဉ် (၇) ရပ်ဖြင့် ကျင်းပခဲ့ရာ အောက်မြန်မာပြည် တီဘီရောဂါအထူးကုဆရာဝန်ကြီးက အမှာစကားပြောကြားပေးခဲ့ကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးက နှုတ်ခွန်းဆက်စကားပြောကြားပေးခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတာဝန်ရှိသူတို့က စီမံချက်ဖြစ်ပေါ်လာပုံတို့ကို အသေးစိတ်ရှင်းလင်းပြီး စီမံချက်မန်နေဂျာကလည်း ပြည်သူလူထုအခြေပြု ဆေးယဉ်ပါးတီဘီရောဂါ တိုက်ရိုက်ကြည့်ရှု ဆေးတိုက်ကျွေးခြင်းလုပ်ငန်းစဉ်နှင့် အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်အား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကာ TB Coordinator မှ ဦးဆောင်၍ အပိုင်ဆရာမများနှင့် ဆေးတိုက်ကျွေးမည့် စေတနာ့ဝန်ထမ်းများအား ချိတ်ဆက်ပေးခဲ့သည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

## ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ထားဝယ် ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးစီမံချက်အရ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာဇော်ဝင်းနိုင်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၆ ဦးတို့သည် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ် ကျွန်းမွှေးအခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၁၉ ဦးအား ကျန်းမာရေးစစ်ဆေးပေးပြီး လိုအပ်သောဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာဇော်ဝင်းနိုင်နှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား အာဟာရနှင့် ဖြည့်စွက်အစားအစာများ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြော

**မြဝတီ ဇူလိုင် ၃၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက် ည ၇ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ် (၃၂) မူးယစ်တပ်ဖွဲ့စု မြဝတီမှ ရဲမှူးအောင်စည်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ကော်ရှူခြင်း၏ ဆိုးကျိုးများနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်က မှုခင်းကျဆင်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ဒုရဲမှူးမျိုးဇင်က လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင်သန်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီးအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ၂၀၁၅ – ၂၀၁၆ မိုးစပါးစိုက်ပျိုးရာသီတွင် မြေပုံမြို့နယ်၌ GAP စနစ် ပျိုးထောင်စိုက်ပျိုးနည်း သရုပ်ပြသ

**မြေပုံ ဇူလိုင် ၃၀**

၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ပျိုးရာသီတွင် ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ခေါင်းဖြူကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၃၇(က)အတွင်း တောင်သူဦးသာထွန်းစိန်၏ မိုးစပါးစံပြကွက် ၁၀ ဧကတွင် သိပ္ပံနည်းကျ (GAP) ပျိုးထောင်စိုက်ပျိုးနည်း သရုပ်ပြပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင်ကျင်းပရာ မြေပုံမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါကွင်းပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်သန့်အောင်က သိပ္ပံနည်းကျ (GAP) စနစ်ပျိုးထောင်စိုက်ပျိုးနည်းစနစ်များ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ ရောစပ်အသုံးပြုပုံနည်းစနစ်များ၊ ပျိုးပေါင်မှ ရွှေ့ပြောင်းစိုက်ပျိုးချိန်တွင် ပျိုးပင်များကို ချက်ချင်းနုတ်၊ ချက်ချင်းစိုက်ပျိုးနည်းစနစ်များ၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်နိုင်ထွန်း(ပြန်/ဆက်)**

## ပုန်းတလုတ်ရေကန်အတွင်းမှ ငါးဖမ်းပိုက်များသိမ်းဆည်း

**ပင်းတယ ဇူလိုင် ၃၀**

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၏ မြို့ကျက်သရေဆောင် ပုန်းတလုတ်ရေကန်အတွင်း ရေကန်သာယာလှပစေရေး သဘာဝအလှတရားများ ခိုင်မြဲစေရန် ရည်ရွယ်၍ ရပ်ကွက် ၁၂ ခုမှ လုပ်သားပြည်သူများနှင့် ဌာနဆိုင်ရာများမှ ညောင်ရွှေမြို့ရှိ ငါးမွေးမြူရေးဌာနတွင် ငါးများဝယ်ယူ၍ ရေကန်အတွင်းသို့ နှစ်စဉ်နှစ်တိုင်း ငါးမျိုးစိတ်များ လွှတ်ပေးလျက်ရှိသည်။

သို့သော်လည်းဒေသခံတချို့မှာ ရေကန်အတွင်းမှ ငါးများကို ပိုက်ချဖမ်းယူ၍ စီးပွားဖြစ်ရောင်းချလျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

ယင်းကြောင့် ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အမည်မသိ ပိုင်ရှင်မဲ့ထောင်ထားသည့် ငါးပိုက်ခုနစ်ခုကို ရေကန်အတွင်းမှ ဆယ်ယူသိမ်းဆည်းခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် ငါးပိုက်များကို မီးရှို့ဖျက်ဆီးလိုက်ပြီး ငါးများကို ရေကန်အတွင်းသို့ ပြန်လွှတ်ပေးခဲ့သည်။ အဆိုပါငါးပိုက်များသိမ်းဆည်းခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်အောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

## တာချီလိတ်မြို့နယ်တွင် ခိုင်မာသည့်တရားဝင်အထောက်အထား မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်



**တာချီလိတ် ဇူလိုင် ၃၀**

နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကျေးရွာများရှိ မြေများကို မြေပိုင်ဆိုင်မှုအထောက်အထား ကင်းမဲ့စွာနေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထား မြေငှားဂရန်ရရှိခြင်းအားဖြင့် ကျေးရွာနေ ပြည်သူလူထု၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ပိုမိုရရှိစေမည်ဖြစ်၍ တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာအား မြေငှားဂရန်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် တာချီလိတ်မြို့နယ်တွင် စံပြကျေးရွာတစ်ရွာအဖြစ် ဆောင်ရွက်ပေးမည့် ဖန်မင်ကျေးရွာအုပ်စုရှိ မယ်ယန်းကျေးရွာအား ကျေးရွာနယ်နိမိတ်သတ်မှတ်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၇ ရက် နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်နန္ဒ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ကျေးရွာနယ်နိမိတ် သတ်မှတ်ဆောင်ရွက်ရာတွင် စီစဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ကွင်းဆင်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာမြေငှားဂရန် ဆောင်ရွက်ပေးမည့် မယ်ယန်းကျေးရွာသည် တာချီလိတ်မြို့မှ ခုနစ်မိုင်ခန့်ကွာဝေးပြီး အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၃၀၃ စု နှင့် လူဦးရေ ၁၄၂၉ ဦးရှိကာ ဧရိယာ၆၉၈ ဧက ကျယ်ဝန်းသည်။

**ဝေယံလင်း**(Iprd)

# အင်္ဂလန်နှင့် အမေရိကန်နိုင်ငံရှိ တက္ကသိုလ်နှစ်ခုမှ ဂုဏ်ထူးဆောင်ဒသနိကပါရဂူဘွဲ့များ ချီးမြှင့်

**မန္တလေး ဇူလိုင် ၃၀**

ဗုဒ္ဓဘာသာ သာသနာထွန်းကားရေးအတွက်နှင့် လူမှုရေးပရဟိတဆောင်ရွက်မှုနယ်ပယ်တွင် အပြိုင်မရှိနိုင်သည့် ငွေကြေးလှူဒါန်းမှုများအတွက် သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသုဓမ္မာ ဦးကျော်ဝင်းနှင့် သုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်သန်းတို့အား အင်္ဂလန်နိုင်ငံ ထရီနိတီ ကမ္ဘာ့တက္ကသိုလ် Trinity World University, Turks & Caicos island (U.K Overseas Territory) ၏ ပညာရေးအဖွဲ့မှ ဂုဏ်ထူးဆောင်ဒသနိက ပါရဂူဘွဲ့နှင့် အမေရိကန် ခေတ်သစ်နိုင်ငံတကာတက္ကသိုလ် (The New Age International University, U.S.A)၏ ပညာရေးအဖွဲ့မှ ဂုဏ်ထူးဆောင်ဒသနိက ပါရဂူဘွဲ့ ချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၉နာရီခွဲက မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားတွင် သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသုဓမ္မာ ဦးကျော်ဝင်းနှင့် သုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်သန်းတို့၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားကာ Trinity World University, Turks & Caicos island (U.K Overseas Territory) မှ ကိုယ်စားလှယ် President Professor Dr.Suresh Kumar Agarwal မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အသီးသီးပေးအပ်ချီးမြှင့်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ သုဓမ္မာဦးကျော်ဝင်းအား ဂုဏ်ထူးဆောင်ဒသနိက ပါရဂူဘွဲ့ Honorary Doctor of Philosophy= Ph.D (U.K) ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ သုဓမ္မာဦးကျော်ဝင်းနှင့် သုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်သန်းတို့သည် မြန်မာ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ခြင်း၊ အထူးသဖြင့် မန္တလေးမြို့တည် နန်းတည် သတ္တာဌာနများကို ပြုပြင်ဆောင်ရွက်ခြင်း၊ ဗုဒ္ဓဘာသာ သာသနာထွန်းကားပြန့်ပွားရေး ဆောင်ရွက်ခြင်း၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်လုပ်ငန်းများတွင် ကိုယ်ကျိုးမဖက် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ လှူဒါန်းခဲ့ခြင်းကြောင့် Trinity World University, Turks & Caicos island (U.K Overseas Territory) ၏ ပညာရေးအဖွဲ့နှင့် (The New Age International University, U.S.A)၏ ပညာရေးအဖွဲ့တို့ ဂုဏ်ထူးဆောင်ဒသနိက ပါရဂူဘွဲ့များ ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## ဝန်းသိုမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်လှူဒါန်း

**ကောလင်း ဇူလိုင် ၃၀**

မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၇ ရက်က ဝန်းသိုမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

ရေကြီးနစ်မြုပ်ကျေးရွာများဖြစ်သော ဝန်းသိုမြို့နယ် လက်ပံကြီးတောကျေးရွာအုပ်စု၊ စိန်လည်ကျေးရွာ၊ ကျိုင်းခွင်ကျေးရွာချီယားကုန်းကျေးရွာသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်အိတ်၊ ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ကာ ပျက်စီးသွားသော လမ်း၊ တံတားများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက ဝန်းသိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ အပူပိုင်းဇုန်ကျေးလက်ဒေသ တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေး တိုးတက်ရေးစီမံကိန်းတာဝန်ခံ MR-Furusawa နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုး၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းလင်း၊ ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းတင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့သည်။

ထို့နောက်ဝန်းသိုမြို့နယ် ငါးကမ္ဘာမြစိမ်းရောင်စီမံကိန်းစာရင်းဝင် တောင်ဘို့လှကျေးရွာသို့သွားရောက်၍ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများအားတွေ့ဆုံပြီး လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းနေ့က ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂျိုးတောင်ရွာ၊ မရွာနှင့် ဆေးမင်းခုံရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများအား တွေ့ဆုံပြီးပြည်သူများ၏လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးပေးခဲ့သည်။

ဆက်လက်ပြီး ဝန်းသိုမြို့နယ် မီးသတ်ဦးစီးဌာနသို့သွားရောက်၍ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြား၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

## ဒေသန္တရလူမှုရေးအခြေအနေများ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ စစ်တမ်းကောက်ယူရေးညှိနှိုင်းဆွေးနွေး

**တနင်္သာရီ ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ UNICEF တို့ပူးပေါင်း၍ တနင်္သာရီမြို့နယ်အတွင်း ကလေးသူငယ်ဂရုပြုဒေသန္တရလူမှုရေးအခြေအနေများ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး(ကိုယ်စား) ဒု-ဦးစီးမှူး ဦးနိုင်လွင်ဦး၊ တနင်္သာရီတိုင်း ယူနီဆက်တာဝန်ခံ၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အရှေ့မော်တုန်းကျေးရွာကျန်းမာရေးဌာန ကျန်းမာရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဒု-တပ်ရင်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ စာရင်းကောက်ပေးကြမည့် ဆရာ၊ ဆရာမများ၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာစာရေးများ အင်အား ၃၀ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဦးနိုင်လွင်ဦးက ဒေသန္တရလူမှုရေးအခြေအနေများ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာစာရင်း ကောက်ယူရေးလုပ်ငန်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF တနင်္သာရီတိုင်းတာဝန်ခံ ဒေါက်တာအောင်စိုးဦးနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် သင်တန်းတက်ရောက်ခဲ့သူများက အုပ်စုအဖွဲ့အလိုက် စာရင်းကောက်ယူရေး၊ စစ်တမ်းကောက်ယူရေးတို့နှင့်ပတ်သက်၍ မေးခွန်းပုံစံများအား မှန်ကန်စွာဖြည့်စွက်ပုံ၊ ဖြည့်စွက်နည်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စစ်တမ်းကောက်ယူရေးအဖွဲ့သည် တနင်္သာရီမြို့ပေါ် ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက် နှစ်ရပ်ကွက်အတွင်း အိမ်ခြေ ၅၀ ကိုလည်းကောင်း၊ ဘန်းလမွတ်ကျေးရွာအုပ်စု၊ အရှေ့မော်တုန်းကျေးရွာအုပ်စုနှင့် ညောင်ပင်ကွင်းကျေးရွာအုပ်စုတို့၌ အိမ်ခြေ ၅၀ ကိုလည်းကောင်း ဩဂုတ် ၈ ရက်မှစ၍ စတင်စစ်တမ်းကောက်ယူကြမည်ဖြစ်ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**



## မြန်အောင်မြို့နယ် နန်းတော်ကျွန်းတွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်

**မြန်အောင် ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မဲခင်ချောင်ကျေးရွာအုပ်စု နန်းတော်ကျွန်းကျေးရွာတွင် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှ ၁နာရီ မိနစ် ၅၀ အထိ လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ရာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် နေအိမ် ၃၃ လုံး ပျက်စီးသွားခဲ့ကြောင်း မဲခင်ချောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မိုးကပြောပြသည်။

လူအသေအပျောက်၊ ကျွဲနွားအသေအပျောက် မရှိကြောင်း၊ ဆုံးရှုံးမှုကာလ တန်ဖိုးမှာ ငွေကျပ် ၃၅ သိန်းခန့်ရှိမည်ဖြစ်ကြောင်း၊ နန်းတော်ကျွန်းအခြေခံပညာမူလတန်းကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စုများကို စောင့်ရှောက်ထားကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်ပြီး ညနေ ၃ နာရီခန့်တွင် ရွှေကျင်ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းမင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင် ခြောက်ဦးရောက်ရှိ၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရွာသူရွာသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မဲခင်ချောင်အုပ်စု အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောဆိုသည်။

နန်းတော်ကျွန်းကျေးရွာတွင် အိမ်ခြေ ၈၇ လုံးရှိပြီး လွန်ခဲ့သည့် ငါးရက်ခန့်ကတည်းက ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိကြောင်း၊ နှစ်စဉ်မြစ်ရေတက်ပါက နန်းတော်ကျွန်းသို့ မြစ်ရေဝင်ရောက်လေ့ရှိကြောင်း ဒေသခံတစ်ဦးကပြောပြသည်။

**နေဝင်းဇော်(မြန်အောင်)**

# ဟ်ါ နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဟ်ါ

(၇)ရက်ခရီး - သီရိလင်္ကာ (စွယ်တော်ပွဲ) + ဘန်ကောက် (မြဘုရား) → (၁၅)သိန်း(၅)သောင်း (စရိတ်ငြိမ်း) (၁၈.၈.၂၀၁၅) ထွက်မည်၊
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန (အိန္ဒိယ - နီပေါ) (ဟိုတယ်(၄)ည) → (၉)သိန်း(၉)သောင်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တပ်ချ်မဟာ (ဟိုတယ်(၆)ည) → (၁၁)သိန်း

**နီလာဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ ၂၀၁၅-၁၆နှစ်အတွက် အထူးဝန်ဆောင်မှုအစီအစဉ်သစ်**

**အထူးဆု-ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။**

- ဗုဒ္ဓဂယာတွင် မဟာဗောဓိစေတီနှင့်အနီးကပ်ဆုံး ခါတ်လေ့ကားပါ 2 Star ဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ 4 Star နှင့် အာဂရာ 3 Star အဆင့်ရှိ ဟိုတယ်တွင် တည်းခိုပါမည်။
- ညမောင်းခရီးစဉ် လုံးဝမရှိပါ၊ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အဖွဲ့ခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။
- ဘုရားဖူးလိုက်ပါသူတိုင်း India GSM Sim Card တစ်ကဒ် လက်ဆောင်အဖြင့် လမ်းခရီးတွင် တားသောက်စရာများကို လိုလေသေးမရှိပြည့်စုံစွာ ကျွေးမွေးစည့်ခံသွားပါမည်။
- မဟာဗောဓိစေတီတွင် မြတ်ဗုဒ္ဓအားရည်စူး၍ ယာနာနိဗ္ဗာန်ဆွမ်း၊ ပန်း၊ ရေချမ်းများကို ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိပါသည်

**ဗုဒ္ဓဂယာ ခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။**

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

**အပတ်စဉ် (အင်္ဂါ၊သောကြာ) နေ့တိုင်းခရီးစဉ်ထွက်ရှိပါသည်။**

အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁- ၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉
GAYA Office-Rajapur Buddha Gaya Pin-824231, Mobile:+918292790371



GLORY No.138 / 140 ၊ ဒုထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
www.glory-education.com ☎ : 09-73121717,09-5197817

**အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ**

1. **Handset** ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရွန်နစ်သင်တန်း
3. TV , DVD , EVD စက်ပြင်သင်တန်း
4. ဂြိုဟ်တုစလောင်း ပြုပြင်တပ်ဆင်ခြင်း
5. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
6. မော်တာ၊ ဒိုင်နမို၊ ထရမ်စဖော်မာ လက်တွေ့သင်တန်း
7. အဆင့်မြင့် Electrical Control သင်တန်း
8. ဒီဇယ်၊ ဓါတ်ဆီ CNG အင်ဂျင်ပြုပြင်ခြင်းသင်တန်း
9. လေအေးပေးစက်နှင့် ရေခဲသေတ္တာပြုပြင်တပ်ဆင်ခြင်းသင်တန်း
10. ဂဟေဆက် သင်တန်း (3G,4G,5G,6G)
11. PLC & Automation သင်တန်း
12. CNC (Computerized Numerical Control) သင်တန်း
13. PIC Microcontroller သင်တန်း
14. ပိုက်ဖစ်တာသင်တန်း၊ တွင်ခုံသင်တန်း
15. Marine Fitter သင်တန်း
16. Marine Electrical သင်တန်း

ဘော်ဒါဆောင်စီစဉ်ပေးသည်။



# "ပြည်ထောင်စုသက်န်းတိုက်မှ ဝါဆိုသင်္ကန်း" လှူဒါန်းကြပါစို့

**ဝိနည်းတော်နှင့်အညီ ချုပ်ထား၍ စစ်မှန်သော သင်္ကန်းများကို ပစ္စည်းမှန်ဈေးနှုန်းမှန်ဖြင့် အောက်ပါဆိုင်များတွင် ရရှိနိုင်ပါသည်။**

| | | |
|---|---|---|
| ၁ ပင်ရင်း(၁)အမှတ်(၂၅)၊ | မြင်တော်သာလမ်းမကြီး၊ ၇/ဈေးနီး၊ သာကေတမြို့နယ်။ | ၀၁-၅၄၁၂၈၀ |
| ၂ ပင်ရင်း(၂)+စက်ရုံ၊ | အမှတ်(၂)၊ ကျိုက်ခေါက်ဘုရားလမ်း၊ နာရီစင်မှတ်တိုင်၊ သန်လျင်မြို့နယ်။ | ၀၉-၇၃၀၅၂၇၈၄၊ ၀၉-၅၁၅၆၆၁၀ |
| ၃ ပင်ရင်း(၃) | အမှတ်(၇/၈)၊ ရန်ကင်းလမ်းမကြီး၊ ရန်ကင်းပန်းခြံနှင့် ကြားမှတ်တိုင်အနီး။ ရန်ကင်းမြို့နယ်။ | ၀၉-၅၀၉၈၄၇၆၊ ၀၉-၇၃၂၁၄၇၁၆ |
| ၄ ပင်ရင်း(၄) | အမှတ်(၃၂)၊ (၃၃)ရပ်ကွက်၊ ပင်လုံလမ်းမကြီး၊ (၁၅)မှတ်တိုင်၊မြောက်ဒဂုံ။ | ၀၉၇၈၈၁၁၃၀၃၈၊၀၉-၇၃၀၁၉၅၄၅ |



# ကံ့ကော်ရိပ်

၂၀၁၅ ခုနှစ် ပြည်နယ်နှင့်တိုင်း ဒေသကြီးများတွင် စစ်ဆေးခဲ့သော

**အဋ္ဌမတန်း** မေးခွန်းဟောင်းနှင့်စံပြအဖြေ **(၁၇)စုံ**

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr. TW(Maths.) |
| ပထဝီ | ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများဖြင့် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး - ကောရီစံစာပေ၊ ရန်ကုန်မြို့။
ဖုံး-၀၉ ၇၃၀၅၁၁၁၄၊ ၀၉ ၅၁၂၉၆၇၀၊ ၀၉ ၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။







ကြော်ငြာ


AIR KBZ
NEW ROUTE
YANGON - LOIKAW
LOIKAW - YANGON
Touch Down to
Ngwe Taung State
MON, WED, FIRDAY
FLIGHT NO. SECTOR DEPARTURE ARRIVAL
K7 442 Yangon - Loikaw 10:00 11:00
K7 443 Loikaw - Yangon 11:15 12:15
STARTS FROM
1st, AUGUST 2015
FARE
from USD 66$
* One Way (only Myanmar Nationals)
* Without Airport Tax
* Terms & Conditions apply
Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
No. 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
We accept
VISA
www.airkbz.com


Since 1996
Home
Raining Season
Special!!
Kitchen Cabinet
BUY One
GET Free
One Coffee Shelf
4ft Upper Cabinet
** Selected Items Only
ရန်ကုန်
မန္တလေး
နေပြည်တော်
မော်လမြိုင်
ဖုန်း - 09 730 84 840 , 09 730 84 841
ဖုန်း - 09 3311 6626 , 09 3322 6636
ဖုန်း - 09 730 84 844 , 09 795900 146
ဖုန်း - 09 79 58 999 80 , 09 79 58 999 81


WORLD BEST BRAND BAG
ကမ္ဘာ့အကောင်းဆုံး BRAND အိတ်များ
HIGH QUALITY LUXURY SHOPPING MALL
CHANEL
GUCCI
HERMÈS
PRADA
FENDI
GIVENCHY
Cartier
D&G DOLCE & GABBANA
BALLY
BIG SALE
50 % ~ 70%
Bag
300,000 Ks → 130000 Ks ~ 150,000 Ks
200,000 Ks → 90,000 Ks ~ 120,000 Ks
New Model
30%~50% SALE
ROLEX
HUBLOT
VACHERON CONSTANTIN
PATEK PHILIPPE
LUX GALLERY
Tel : 09-25032 5413

# ကြော်ငြာ

**Mingalar Cinemas** www.facebook.com/mingalarcinemas

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၇၂၄၅၅၆၀ | မင်္ဂလာ(၁) ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၇ | မင်္ဂလာစံပြ ၀၉၂၆၀၈၇၀၃၅ ၀၉၂၆၀၈၇၀၃၆ ၀၁ ၂၉၀၃၁၆၅ |
| Top Royal ၀၉၄၂၀၁၈၁၂၀ ၀၉၄၂၀၁၈၁၂၂ | ဝင်းလိုက် ၀၂-၃၉၁၂၈ ၀၂-၆၀၂၁၀ | မြို့မ ၀၂-၃၉၀၁၆ ၀၂-၃၉၀၁၇ | မင်္ဂလာထွန်းသီရိ (မြိတ်) ၀၉၇၉၃၁၀၇၇၅၁ ၀၉၇၉၃၁၀၇၇၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ

၃၁၊၇၊၂၀၁၅ ရက်မှစတင်၍ တစ်ပြိုင်တည်းပြသမည်။ ပြမြို့



## အသိပေးကြေညာခြင်း

**Green Pest Management Co.,Ltd**

**ခြနှင့် အထွေထွေပိုးမွှားကာကွယ်နှိမ်နင်းခြင်းလုပ်ငန်း**

ကျွန်တော်များ Green Pest Management Co.,Ltd သည် ခြနှင့် အထွေထွေ ပိုးမွှားကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းကို တရားဝင်အသိအမှတ်ပြုလိုင်စင်ဖြင့် ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီဖြစ်ပါသည်။ ကျွန်တော်များ Green Pest Management Co.,Ltd သည် အခြားမည်သည့်ကုမ္ပဏီနာမည်ခွဲများဖြင့် ဖွင့်လှစ်ထားခြင်း၊ ဝန်ဆောင်မှုပေးခြင်း မရှိပါကြောင်း Customer များအား အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမြသူ**
**မန်နေဂျင်းဒါရိုက်တာ**
**Green Pest Management Co.,Ltd**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

Green Pest Management Co.,Ltdတွင် ဦးဇော်မင်းအောင် သည် ကုမ္ပဏီ၏တာဝန်များနှင့် အထွေထွေကိစ္စများကို တာဝန်ယူ ဖြေရှင်းဆောင်ရွက်နိုင်ရန် GENERAL MANAGER အဖြစ် ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရပါသဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါ သည်။

**ဒေါ်အေးမြသူ (မန်နေဂျင်းဒါရိုက်တာ)**
**GPM ဝန်ထမ်းမိသားစု**
**မာလာမြိုင် ဝန်ထမ်းမိသားစု**

မြန်မာအင်ဂျင်နီယာများအတွက် "Project Management အကြောင်းသိကောင်းစရာများ"



Speaker Profile

Ms Lakshmi T.
PROGRAMME LEADER
Post Graduate Programmes

- မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရများ၊ IT ဘွဲ့ရများ၊ အင်ဂျင်နီယာနယ်ပယ်အသီးသီးရှိ ပရောဂျက်များတွင် Project Manager တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော MSc Project Management အကြောင်း
- Project Management ဘာသာရပ်၏ ရရှိနိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ
- အင်္ဂလန် London South Bank University ၏ MBA ကို Partial Scholarship ဖြင့် သင်ယူနိုင်မည့် အခွင့်အလမ်းများ

စင်ကာပူ (၆)လ အခမဲ့ နေထိုင်ခွင့်

CROWN EDUCATION Yangon • Myanmar | AUSTON

Date : 1 Aug (Sat) - 2015
Time : 10:00 am to 1:00 pm
Venue : CROWN Education Center

Call Us : 01 527 838 - 09 730 40 688 - 09 732 732 77

## အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၉၁/ခ) မြေကွက်တည်နေရာအမှတ်(၅၉၁/ခ)၊ မနော်ဟရအောက် လမ်း(၈)ရပ်ကွက်၊ သာကေတမြို့နယ် [ဒေါ်စိန်ခိုင်၊ ၁၂/သကတ(နိုင်)ဝ၈၆၄၁၀]အမည်ပေါက်နှစ်(၆၀)ဂရန်မြေကို ဒေါ်စိန်ခိုင်ထံမှ သာကေတမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၄၄/၂၀၀၂)၊ အာရီမှုအမှတ်(၃၁/၂၀၀၂) တို့အရ အရောင်းအဝယ်စာချုပ်အမှတ် (၇၃၃/၂၀၁၅)ဖြင့် ဒေါ်မြင့်မြင့်စန်း[၁၂/သကတ(နိုင်)၀၇၈၀၀၃]မှဝယ်ယူခဲ့ပြီး (ဂရန်)မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်(သကတ/၈/ ၀၃၆၅/ ၉၃)(၄-၁၀-၉၃)ဒေါ်စိန်ခိုင်အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေငှားဂရန်၊ စာချုပ်ဂရန်(မူရင်း)အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည်အသက်



Hot Line No-0930500100



ဇူလိုင် ၁၀ ရက်က နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူများအား ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

# ဝါဝင်ကာလတွင် လူသားချင်းစာနာထောက်ထားမှုများဖြင့်
## အကျဉ်းသား၊ အကျဉ်းသူ ၆၉၆၆ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များပေး

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(က)နှင့်အညီ အကျဉ်းထောင်အသီးသီးတွင် ထိုက်သင့်သောပြစ်ဒဏ်များ ကျခံပြီးဖြစ်သည့်အပြင် အကျဉ်းထောင်ကျခံစဉ်ကာလအတွင်း စည်းကမ်းကောင်းမွန်သည့် အကျဉ်းသား၊ အကျဉ်းသူ ၆၉၆၆ ဦးတို့အား နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေး အတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း ၂၀၁၅ ခုနှစ် ဇူလိုင် ၁၀ ရက် (မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်)တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ပေးခဲ့ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱

**ယနေ့ မာတိကာ**


ပျောက်ဆုံး မလေးရှားလေယာဉ်၏ အပိုင်းအစများဟု ယူဆရသည်များ ရီယူနီယံကျွန်း၌ တွေ့ရှိ — စာမျက်နှာ - ၄

မှတ်သုံးရာသီစက်ဝန်း ပြောင်းလဲမှုဒဏ်ကို ရင်ဆိုင်နေရသည့် နိုင်ငံများ — စာမျက်နှာ - ၅

ဆိုင်ကလုန်းမုန်တိုင်း ကိုမန် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက် — စာမျက်နှာ - ၉

ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ — စာမျက်နှာ - ၁၀




**မစ္စ အင်ဂျလီနာဂျိုလီပစ် ကချင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများ သွားရောက်ကြည့်ရှု**

စာမျက်နှာ - ၉

# ရှုံး/ထွက်ပြိုင်ပွဲ ကွာတားပွဲစဉ်များ ဩဂုတ် ၁ ရက်၊ ၂ ရက် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၀**

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယခုတစ်ပတ်တွင် ကျင်းပသွားမည်ဖြစ်သည်။ အသင်းကြီးအချင်းချင်းတွေ့ဆုံခြင်းမရှိသော်လည်း ရှုံး/ထွက်ပြိုင်ပွဲဖြစ်သောကြောင့် ပွဲစဉ်တိုင်းမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။


ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဩဂုတ် ၁ ရက်တွင် အောင်ဆန်းကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီ၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် GFA အသင်း၊ ဩဂုတ် ၂ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မနောမြေအသင်းနှင့်ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ရောက်အသင်းရှစ်သင်းတွင် MNL အသင်းခုနစ်သင်း၊ MNL-2 အသင်းတစ်သင်းတို့ တက်ရောက်နိုင်ခဲ့သည်။ ဒုတိယအဆင့်တွင် MNL အသင်းများအစုံအလင် ပါဝင်လာခဲ့ပြီး နာမည်ကြီးအသင်းများဖြစ်သည့် ရန်ကုန်၊ ဇေယျာရွှေမြေနှင့် ကမ္ဘောဇအသင်းတို့မှာ ပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရသည်။ ရန်ကုန်အသင်းမှာ

စာမျက်နှာ ၁၀ ကော်လံ ၆ သို့ ○



သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ရတနာပုံနှင့် ဟံသာဝတီအသင်းတို့ အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။




themirror.npt@gmail.com
www.facebook.com/themirrordaily